ကြေးမုံ
The Mirror

၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်၊ တနင်္ဂနွေနေ့၊ (17-6-2012) (၇၁၅၄)

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ လာအိုနှင့် ဗီယက်နမ်နိုင်ငံများသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၁၆

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Madame Pany YHTHOTOUS နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Nguyen Sinh Hung တို့၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံများသို့ ချစ်ကြည်ရေးခရီး သွားရောက်ရန် ယနေ့ညနေ ၄ နာရီ မိနစ် ၂၀ တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာသွားရာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ အမျိုးသားလွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Nilahath SHYARATH နှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ **စာမျက်နှာ ၃ ကော်လံ ၁ သို့❑**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် တာဝန်ရှိသူများ ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၁၆

ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် စစ်တွေမြို့ ပြည်နယ်လွှတ်တော်ခန်းမ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုနိုင်၊ ပြည်သူ့လွှတ်တော် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ဦး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထိန်လင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အလှူရှင်များ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်အတွင်း ဖြစ်ပျက်ခဲ့မှုများ တည်ငြိမ်မှုရရှိနေပြီဖြစ်ကြောင်း၊ ယခုအခါ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လိုအပ်သည့် ပံ့ပိုးထောက်ပံ့မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ အလှူရှင်များက အလှူငွေများ လာရောက်လှူဒါန်းကြသည့်အတွက် ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်သူပြည်နယ်သားများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ပြည်သူ့လွှတ်တော် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဗဟိုအလုပ်အမှုဆောင် ဦးမောင်ဦးက ငွေကျပ်သိန်း ၃၀၀၊ မောင်တောမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်ဝင်းက ငွေကျပ်သိန်း ၁၁၁၀၊ မောင်တောမဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဌေးဝင်းက ငွေကျပ်သိန်း ၅၀၀၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရွှေမောင်က ငွေကျပ်သိန်း ၁၀၀၊ စစ်တွေမြို့ စေတနာရှင် မွတ်စ်လင်(မ်) ကုန်သည်များအဖွဲ့ ကုမ္ပဏီ ၁၂ ခုက ငွေကျပ်သိန်း ၁၀၀၀၊ ရွှေမြန်မာ ရင်းနှီးမြှုပ်နှံရေးနှင့် **စာမျက်နှာ ၃ ကော်လံ ၅ သို့◆**

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး ရေနောက်ငါးသားကျေးရွာမှ တိုင်းရင်းသားရွာသူရွာသားများအား တွေ့ဆုံ၍ အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး ဦးဆောင်သောအဖွဲ့ မောင်တောမြို့နယ် မြောက်ခြမ်းရှိ ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဇွန် ၁၆

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး ဦးဆောင်သောအဖွဲ့သည် ယမန်နေ့တွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ် မြောက်ခြမ်းရှိ ဒေသခံတိုင်းရင်းသားကျေးရွာနှင့် ဘင်္ဂါလီကျေးရွာကိုးရွာတို့သို့ ကွင်းဆင်းကြည့်ရှုစစ်ဆေး၍ မောင်တောမြို့နယ် တောင်ခြမ်း၌ ဖြစ်ပျက်ခဲ့သော အကြမ်းဖက်ဖျက်ဆီးမှု ဖြစ်စဉ်များကို သင်ခန်းစာယူကာ မောင်တောမြို့နယ်မြောက်ခြမ်းတွင် ယင်းကဲ့သို့ မဖြစ်ပေါ်စေရေး အသိပညာပေးပြောကြားပြီး လက်ရှိ တိုင်းရင်းသားကျေးရွာများနှင့် ဘင်္ဂါလီကျေးရွာများအကြား နှစ်ဖက်ထိန်းသိမ်းထားရှိသော တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းထားရှိနိုင်ရန် **စာမျက်နှာ ၃ ကော်လံ ၁ သို့✳**

ကြေးမုံစာတည်းရှုထောင့် ၁၇-၆-၂၀၁၂[တနင်္ဂနွေနေ့]။

ဂရုစမ္မ ပြုကြရမည်

ရှေးပဝေသဏီက အန်းတေးယပ်(စ်)အမည်ရှိသော စွမ်းအားကြီးမားသည့် သူရဲကောင်းတစ်ဦးရှိခဲ့၏။ ထိုသူရဲကောင်းသည် ၎င်း၏မိခင်ဖြစ်သော ပထဝီမြေကြီးထံမှ အင်အားစွမ်းပကားကို ရရှိသည်ဆို၏။ ထို့ကြောင့် မြေကြီးနှင့်ထိပြီး စွမ်းအားများကို ယူထားသော အန်းတေးယပ်(စ်)ကို မည်သည့်ရန်သူမျှ တိုက်ခိုက်အောင်မြင်နိုင်ခြင်းမရှိချေ။ ၎င်းကသာ ရန်သူတကာတို့ကို အောင်မြင်ခဲ့၏။

တစ်နေ့သောအခါ သူရဲကောင်းတစ်ဦးဖြစ်သည့် ဟာကြူလီသည် အန်းတေးယပ်(စ်)၏ အားနည်းချက်ကို သိရှိပြီး မြေကြီးနှင့်လွတ်အောင် ‘အောက်ခြေလွတ်အောင်’ လုပ်ခဲ့၏။ အန်းတေးယပ်(စ်)နှင့် တိုက်ခိုက်သောအခါ ၎င်း၏ခန္ဓာကိုယ်ကို လေထဲတွင် မြှောက်ဝှေ့ရမ်းကာ ချေမှုန်းတိုက်ခိုက်သဖြင့် သူရဲကောင်းကြီးအန်းတေးယပ်(စ်) ကျဆုံးခဲ့ရ၏။

ဤရှေးခေါ်မပုံပြင်တွင် အန်းတေးယပ်(စ်)၏ အားပြုရာမြေကြီးကို လွတ်အောင်လုပ်၍ အနိုင်ယူခဲ့သည်ကို တွေ့နိုင်၏။ အရာရာတွင်လည်း အောင်မြင်စေသော၄ာ လုပ်မှုကိုင်မှုတိုင်း၌ မိမိယူထားသောစွမ်းအားပျောက်မသွားအောင်၊ လွတ်မသွားအောင် သတိပြုဖို့လို၏။

‘ပြည်သူ့အကျိုးစီးပွားအတွက် ပြည်သူများကို မိမိတို့၏မိဘသဖွယ် တိုးတက်အောင်ကူညီစောင့်ရှောက်ရေး’ ဟူသော နိုင်ငံ့အကြီးအကဲ၏ မကြာသေးမီက မိန့်ကြားချက်မှာ မှတ်သားဖွယ်ဖြစ်၏။ ပြည်သူကို အမိအဖသဖွယ် ဂရုစမ္မပြုထား၏။

ရှေးခေါ်မပုံပြင်ကဲ့သို့ အရာရာလုပ်ဆောင်ရာ၌ အောင်မြင်စေသော၄ာ ရရှိထားသောအား လွတ်မသွားအောင် အားလုံးဂရုစမ္မပြုဖို့လိုသည်။ မိမိတို့၏အားဖြစ်သည့် အမိအဖတည်းဟူသော ပြည်သူလူထုနှင့် အဆက်မပြတ်ဘဲ မကွဲမကွာ အမြဲရှိနေကြရန်၊ ပြည်သူကို မျက်ခြည်မပြတ်ရန်၊ ပြည်သူ့အကျိုးစီးပွားကို ရည်မျှော်ကြရန်၊ ပြည်သူတို့နှင့် တစ်သွေးတည်း တစ်သားတည်း စည်းလုံးညီညွတ်စွာရှိနေကြရန်လိုပေ၏။

ပြည်သူပြည်သား အများစုဆိုသည်မှာ အလုပ်သမား၊ လယ်သမား၊ တစ်နေ့လုပ် တစ်နေ့စား၊ တစ်လလုပ် တစ်လစား အများစု ပြည်သူများဖြစ်၏။ ငါးသတ္တဝါသည် ရေ၌သာ လှုပ်ရှားအသက်ရှင်နိုင်ဘိသကဲ့သို့ မိမိတို့ လုပ်ငန်းစဉ်များ အောင်မြင်စေရန်အတွက် ပြည်သူတို့နှင့်အတူ ပြည်သူနှင့် တစ်သားတည်း နေထိုင် အကျိုးဆောင်နိုင်မှသာ အောင်မြင်နိုင်ပေမည်။

ကျွန်ုပ်တို့ ကြားဖူးနားဝရှိနေကျ အဖွင့်အချီလေးတစ်ခုရှိ၏။ ‘ချစ်ခင်လေးစားအပ်တဲ့ မိဘပြည်သူအပေါင်းတို့ခင်ဗျား’ဟူ၏။ ထိုအချီလေးအတိုင်းဖြစ်ဖို့လို၏။ မိဘပြည်သူများအား ချစ်ခင်လေးစားဖို့ဖြစ်၏။ ပြည်သူကို အလုပ်အကျွေးပြုဖို့ဖြစ်၏။ ပြည်သူနှင့် လက်ရည်တစ်ပြင်တည်းရှိဖို့လို၏။ ထိုအခါ သင့်ကိစ္စအဝဝတို့ အောင်မြင်မည်ဖြစ်၏။

တစ်ချိန်သောကာလကလည်း ပြည်သူကို ကိုယ်စားပြုခဲ့ဖူးပါ၏။ သို့သော် လုံလောက်သော ဂရုစမ္မပြုမှု မပြည့်စုံခဲ့သောကြောင့် အောင်မြင်မှု မရခဲ့။ ထို့ကြောင့် ပြည်သူတို့နှင့်ထိတွေ့ဆက်ဆံရသော နယ်ပယ်အသီးသီးတွင် ပြည်သူကို အလေးဂရုပြု၍ ပြည်သူနှင့်တစ်သားတည်း လက်တွဲဆောင်ရွက်ခြင်းဖြင့်သာ ကျွန်ုပ်တို့၏ရည်မှန်းချက်များ အောင်မြင်နိုင်မည်ဖြစ်၏။

ယနေ့ကာလတွင် ပြည်သူတို့၏လူမှုစီးပွားဘဝ တိုးတက်မြင့်မားစေရန် ထိရောက်သော ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာ ပြည်သူများအပေါ် မိဘသဖွယ်ထားရှိသည့် စေတနာအမှန်များပင်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူများသည် နိုင်ငံ၏အားဖြစ်သကဲ့သို့ နိုင်ငံသည်လည်း ပြည်သူတို့၏အားထားရာဖြစ်သည်။ ပြည်သူ့ထံမှ ရရှိသည့်အားများ ပျောက်မသွားအောင်၊ လွတ်မသွားအောင် ဆောင်ရွက်ကြမှသာ မိမိတို့၏ လုပ်ဆောင်မှုများလည်း အရာရာအောင်မြင်နိုင်မည်ဖြစ်ပါသည်။ ။

၂၀၁၂ခုနှစ် အာဆီယံသွေးလွန်တုပ်ကွေးနေ့အခမ်းအနား စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် ဇွန် ၁၆

သွေးလွန်တုပ်ကွေးရောဂါသည် လူမှုစီးပွားကို ထိခိုက်စေသည့် ရောဂါဖြစ်သော်လည်း ကာကွယ်၍ရသော ရောဂါဖြစ်သဖြင့် ကာကွယ်ရေးလုပ်ငန်းများတွင် လူတိုင်းပါဝင်ဆောင်ရွက်ရန် လိုကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါ သယ်ဆောင်သည့် ခြင်မပေါက်ပွားအောင် ပိုးလောက်လမ်း နှိမ်နင်းရေးလုပ်ငန်းဖြစ်သည့် ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ခြင်းကို ပြည်သူလူထုတစ်ရပ်လုံးက ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်ရန်လိုကြောင်း၊ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများတွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းအဖြစ်အသိပေးဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ ကျေးလက်ဒေသအောက်ခြေအထိ ကျန်းမာရေးပညာပေးခြင်း၊ ဒေသခံပြည်သူလူထုနှင့် နှီးနွှယ်ဌာနဆိုင်ရာများ၏ ပူးပေါင်းပါဝင်မှုဖြင့် ခြင်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်းဖြင့် ဇွန် ၁၅ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ မြစ်ဌာခန်းမ၌ ကျင်းပသော စစ်ကိုင်းတိုင်းဒေသကြီး ၂၀၁၂ခုနှစ် အာဆီယံသွေးလွန်တုပ်ကွေးနေ့ အထိမ်းအမှတ်အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက အမှာစကား ပြောကြားပြီး ပြခန်းတွင် ပြသထားသော နံရံကပ်ပြဘုတ်များကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဒေါနခြံရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ဟောပြောပွဲများ ပြုလုပ်နေမှုနှင့် သရုပ်ပြမှုတို့ကို ကြည့်ရှုပြီး ဒေါနခြံရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ “စိန်ကြည်” ကျောင်းဆောင်သစ် အလျား ပေ၄၀၊ အနံပေ ၃၀နှင့် အမြင့် ၂၂ ပေရှိ (RC) နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ဆဋ္ဌမအကြိမ်မြောက် ကွန်ပျူတာနည်းပညာနှင့် မိုဘိုင်းဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ ကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌ ဒေါ်ယုယုကြွယ်နှင့် ကွန်ပျူတာလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဦးဇော်ဇော်မိုးတို့က အခမ်းအနားမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

TV Guide အတွဲ(၃) အမှတ်(၁၁) ထုတ်ဝေဖြန့်ချီ

ရန်ကုန် ဇွန် ၁၆

TV Guide စာစောင်အတွဲ(၃) အမှတ် (၁၁)ကို ဇွန် ၁၅ ရက် (သောကြာနေ့)တွင် စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။ ယင်း TV Guide စာစောင်တွင် ဇွန် ၁၆ ရက်မှ ၃၀ ရက်အထိ အစီအစဉ်အချိန်ဇယားများ၊ Channel 7 နှင့် for Tunes ရုပ်သံလိုင်းများတွင် ထုတ်လွှင့်ပြသနေသည့် Artist of the month အစီအစဉ်တွင် အဆိုတော် Rဇာနည်နှင့် အင်တာဗျူးအစီအစဉ်၊ International ရုပ်သံလိုင်းသစ်များဖြစ်သည့် FX, Bio, Crime & investigation, History စသည့် ရုပ်သံလိုင်းများတွင် ကြည့်ရှုရမည့် အစီအစဉ်ကောင်းများနှင့် လာမည့်အချိန်များ၊ ESPN နှင့် Star Sports ရုပ်သံလိုင်းများတွင်ပြသမည့် 2012 ABL SEASON နှင့် ATPAEGON CHAMPIONSHIP, US OPEN CHAMPIONSHIP 2012 စသည့်အစီအစဉ်များအကြောင်း စသည်တို့ပါရှိသည်။

TV Guide စာစောင်ကိုTV Guide Distribution Network ဖုန်း-၀၉-၇၃၀၆၀၃၁၅မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ Door To Door မှာယူလိုသူများသည် Novel Light Express ဖုန်း-၀၉-၅၀၈၀၈၅၀၊ ၃၉၁၁၈၆ Market Care ဖုန်း-၀၁-၂၂၃၉၇၃၊ ၀၉-၇၃၀၇၃၀၂၉ တို့သို့မှာယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆွေးနွေး

ရန်ကုန် ဇွန် ၁၆

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး အမှတ် (၃) ယာဉ်ထိန်းနယ်မြေမှ ဒုတိယရဲမှူး မြင့်အောင်နှင့် ကမာရွတ်မြို့နယ် ရဲတပ်ဖွဲ့စခန်းမှ ရဲအုပ်အောင်မော်တို့သည် ဇွန် ၁၅ ရက်က ကမာရွတ်မြို့နယ် ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ မူခင်းကျဆင်းရေး အသိပညာပေးဟောပြောခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေး ဟောပြောပို့ချခြင်းများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ အောင်မင်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြသည်။

(ကြေးမုံ)

တစ်ကေလျှင် ကျပ်ငါးသောင်းနှုန်းဖြင့် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

ကျောက်တန်း ဇွန် ၁၆

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်အတွင်းရှိ စပါးစိုက်တောင်သူလယ်သမားများအား မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးလျက်ရှိရာ ဇွန် ၁၄ ရက်က မရမ်းဘေးကျေးရွာမှ လယ်သမား ၂၅၉ ဦး၏ စိုက်ဧက ၄၂၅၄ ဧကကို တစ်ဧကလျှင် ကျပ်ငါးသောင်းနှုန်းဖြင့် ငွေကျပ်သိန်း ၂၁၇၀ ကိုလည်းကောင်း၊ တံတားမြို့နယ်ခွဲ အမှတ် (၂) ရပ်ကွက်မှ လယ်သမား ၂၂၈ ဦး၏ စိုက်ဧက ၂၉၄၃ အတွက် ငွေကျပ်သိန်း ၁၄၇၁ ကိုလည်းကောင်း ထုတ်ချေးပေးခဲ့သည်။ ယနေ့အထိ ကျောက်တန်းမြို့နယ်အတွင်းတွင် ကျေးရွာအုပ်စု ၁၄ အုပ်စုအား စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၁၆၃၅ ဒသမ ၁၇ သန်းကို ထုတ်ချေးပေးခဲ့ပြီး တစ်မြို့နယ်လုံးအတွက် ထုတ်ချေးရန် လျာထားငွေမှာ ငွေကျပ်သန်း ၈၀၀၀ ကျော်ဖြစ်ကြောင်း သိရသည်။

(အောင်ဆွေ)

စီမံကိန်းရည်မှန်းချက်တာဝန်များ ပေးအပ်

တောင်တွင်းကြီး ဇွန် ၁၆

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများတက်ရောက်ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထွဋ်မှုက သက်ဆိုင်ရာကဏ္ဍအသီးသီး၏ တာဝန်ခံများကို စီမံကိန်းရည်မှန်းချက်တာဝန်များ ပေးအပ်သည်။

(၅၈၀)

ပုလဲသွယ်စပ်မျိုးစပါးစံကွက်ရိတ်ပွဲ ကျင်းပ

စစ်ကိုင်း ဇွန် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ဆင်တပ်မြစ်ရေတင်ဧရိယာတွင် ၂၀၁၁-၂၀၁၂ နွေစပါးရာသီအဖြစ် စိုက်ပျိုးထားသည့်ကွင်းအမှတ်(၈၃၈) ဦးပိုင်အမှတ်(၃၈၄) တောင်သူဒေါ်ဝင်းစိန် စိုက်ပျိုးထားသည့် ပုလဲသွယ်အထူးအထွက်တိုးစပ်မျိုးစပါးအထွက်နှုန်းခန့်မှန်းနိုင်ရန်အတွက် စံကွက်ရိတ်သိမ်းပွဲကို ဇွန် ၁၃ ရက် နံနက် ၈ နာရီက အဆိုပါစိုက်ကွင်း၌ ကျင်းပသည်။ တောင်သူဒေါ်ဝင်းစိန်၏ ပုလဲသွယ်စပ်မျိုးစပါးစိုက်ကွင်းမှ တစ်ဧကလျှင် ၁၈၀ ဒသမ ၉၇ တင်းထွက်ရှိကြောင်း သိရသည်။

(ခရိုင်စိုက်ပျိုးရေး)

ရန်ကုန်မြို့ သယ်န်းကျွန်းမြို့နယ် သုဝဏ္ဏ စုပေါင်းရပ်ကွက် စရည်းပင်လမ်းနေ ဗိုလ်မှူးထွန်းထွန်း(ငြိမ်း) (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ နိုင်ငံတော်သမ္မတရုံး)နှင့် ဇနီး ဒေါ်မာလာသိန်း၊ သား မောင်ဇင်ဖြိုးသိန်းမိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းစဉ်။ (ကြေးမုံ)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၆ - ၆ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ (ကျပ်)	၈၄၆. ၀၀၀	၀. ၀၀၁၁၈
ထိုင်း (ဘတ်)	၃၁. ၄၄၀၀	၀. ၀၃၁၈၁
တရုတ် (ယွမ်)	၆. ၃၆၆၁၀	၀. ၁၅၇၀၈
အိန္ဒိယ(ရူပီး)	၅၅. ၄၈၇၅	၀. ၀၁၈၀၂
မလေးရှား (ရင်းဂစ်)	၃. ၁၆၇၀၀	၀. ၃၁၅၇၆
စင်ကာပူ (ဒေါ်လာ)	၁. ၂၇၀၉၅	၀. ၇၈၆၈၁
ဂျပန် (ယန်း)	၇၈. ၇၁၀၀	၀. ၀၁၂၇၀
တောင်ကိုရီးယား(ဝမ်)	၁၁၆၅. ၆၉	၀. ၀၀၀၈၆
ယူရို	၀. ၇၉၁၂၅	၁. ၂၆၃၈၂
ဗြိတိသျှ (ပေါင်)	၀. ၆၃၆၂၃	၁. ၅၇၁၇၅

အင်တာနက်။

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

မိတ္ထီလာတွင် သက်တမ်းပြည့်လိုင်စင်များ၊ ယာဉ်မောင်းနှင်ခွင့်လိုင်စင်များ ပြုလုပ်ပေး

မိတ္ထီလာ ဇွန် ၁၆

မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်မောင်းနှင်အသုံးပြုသူများအတွက် သင်မောင်းလိုင်စင် ပြုလုပ်ပေးခြင်း၊ မော်တော်ဆိုင်ကယ်မောင်းလိုင်စင် ပြုလုပ်ပေးခြင်း၊ သက်တမ်းကုန်ဆုံးသော ယာဉ်မောင်းလိုင်စင်များအား သက်တမ်းတိုးပြုလုပ်ပေးခြင်း၊ သက်တမ်းပြည့် ‘သ’လိုင်စင်များအား ‘ခ’လိုင်စင်အဖြစ် ဖြေဆိုရခြင်း လုပ်ငန်းများကို မိတ္ထီလာမြို့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန(ခရိုင်ရုံး)၌ ဇွန် ၁၄ ရက်က ပြုလုပ်ပေးကြောင်း သိရသည်။**(ဝဲပုံ)**

အဆိုပါ ယာဉ်မောင်းလိုင်စင် လျှောက်ထားသူများအား ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်မောင်းရာတွင် လိုက်နာဆောင်ရွက်ရမည့် သတ်မှတ်ထားသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ယာဉ်ကို စနစ်တကျမောင်းနှင်အသုံးပြုပုံများ၊ ယာဉ်မောင်းရာ လမ်းတစ်လျှောက်တွင် သတိပေးတပ်ဆင်ထားသော သင်္ကေတအမှတ်အသားများ နားလည်သဘောပေါက်စေရန်အတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ခရိုင်ရုံး)၌ သင်တန်းများခေါ်ယူ၍ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ မော်တော်ယာဉ်နှင့်တကွ သင်မောင်းလိုင်စင် လျှောက်ထားလာကြသူများအား မန္တလေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှလည်း အနီးကပ်ကြီးကြပ်စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ကြေးမုံ)

❑ ပြည်ထောင်စုလွှတ်တော်နာယကမှ

သံအမတ်ကြီး H.E. Mr. Chu Cong Phung နှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော တိုင်းရင်းသားရေးရာကော်မတီဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ်၊ ပြည်သူ့ငွေစာရင်းကော်မတီအဖွဲ့ဝင် ဦးဘရန်ရှောင်၊ လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင်များဖြစ်ကြသော ဦးဆန်းရယ်နှင့် ဦးစောတော်ပလဲ၊ ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာ ကော်မတီအဖွဲ့ဝင် ဦးဟာရှိန်းဘွေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးကော်မတီအဖွဲ့ဝင် ဦးဌေးဝင်း၊ ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီအဖွဲ့ဝင် ဦးလှသိန်းနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ လိုက်ပါသွားကြသည်။ (သတင်းစဉ်)

✳ ရွှေဖုံးမှ

လိုအပ်ချက်များနှင့် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ပေးနိုင်မည့် အခွင့်အလမ်းများကိုမေးမြန်းရှင်းလင်း မှာကြားခဲ့သည်။

ရှေးဦးစွာ ကြိမ်ချောင်းကျေးရွာ အထက်တန်းကျောင်း၌ ကြိမ်ချောင်း၊ ရန်အောင်မြင်၊ မြဝတီ၊ ရေမျက်တောင်၊ လောင်းဒုံကျေးရွာများမှ ဒေသခံတိုင်းရင်းသား ကိုယ်စားလှယ်များနှင့် ကြိမ်ချောင်းကျေးရွာမှ ဘင်္ဂါလီကိုယ်စားလှယ်များအားတွေ့ဆုံ၍ ၎င်းတို့ တွေ့ကြုံရသည့် အခြေအနေများနှင့် လုပ်ဆောင်ချက်များကို ရှင်းလင်းတင်ပြစေပြီး ပြည်ထောင်စုဝန်ကြီးက ယခု ကျေးရွာများတွင် မည်သည့်ပြဿနာမှ မရှိကြောင်း သိရ၍ ဝမ်းမြောက်ပါကြောင်း၊ ယခုကဲ့သို့ ကြိမ်ချောင်းတိုက်နယ်အတွင်းရှိ တိုင်းရင်းသားကျေးရွာများနှင့် ဘင်္ဂါလီကျေးရွာများ အကြား တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများမှ သက်ဆိုင်ရာရဲတပ်ဖွဲ့နှင့် နယ်မြေမှူးများ၏ အကူအညီကိုရယူ၍ တည်ငြိမ်အေးချမ်း သာယာမှုကို အတူနေ ညီရင်းအစ်ကိုများကဲ့သို့ ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ခဲ့သည်ကို အသိအမှတ်ပြု ကျေးဇူးတင်ပါကြောင်း၊ ကြားသိရသော သတင်းများအရ အချို့မသိနားမလည်မှုကြောင့် ရန်လိုသည့် အားထုတ်မှုများရှိခဲ့သည်ကို သိရပါကြောင်း၊ ပထမအနေဖြင့် ကြိမ်ချောင်းတိုက်နယ်အတွင်း တည်ငြိမ်အေးချမ်းအောင် ထိန်းသိမ်းရေး၊ ဒုတိယအနေဖြင့် မောင်တော မြောက်ခြမ်းတစ်ခုလုံး တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းရန် လိုပါကြောင်း၊ ကြိမ်ချောင်းမှ အစ္စလာမ် ဘာသာရေးဆရာတစ်ဦး တင်ပြသည့်အတိုင်း အဝေးကပြဿနာ ကူးစက်သယ်ယူလာမှုအား လက်မခံဘဲအေးချမ်းတည်ငြိမ်ခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း ဆိုသည့် သဘောထားခံယူချက်သည် မှန်ကန်သင့်မြတ်ပါကြောင်း၊ လူသားများအားလုံး တူညီကြသည်မှာ အသက်ရှင်နေထိုင်ရေးအတွက် လုပ်ကိုင်ကြိုးစားနေရခြင်းဖြစ်ပါကြောင်း၊ လူမျိုးဘာသာအယူဝါဒ မည်မျှပင်ကွဲပြားစေကာမူ လူလူချင်းတူညီခြင်းသည်သာ ပကတိအမှန်တရားပင်ဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့် တရားမျှတအောင် လုပ်ဆောင်သွားမည် ဖြစ်ပါကြောင်း၊ မှားယွင်းစွာ ပြုသူများကို မည်သည့်ဘာသာ၊ မည်သည့်လူမျိုးဖြစ်စေ လက်မခံဘဲ ကျောသား ရင်သား၊ မျက်နှာစိမ်း မျက်နှာကျက်၊ ကြီးသည် ငယ်သည် မခွဲခြားဘဲ တန်းတူညီတူ အပြစ်ပေးမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေကပေးသော အခွင့်အရေးကို အပြည့်အဝယူရန်၊ ဥပဒေကို အတိအကျ လိုက်နာရန်မှာကြား၍ ကြိမ်ချောင်းကျေးရွာ အတွင်း ဒေသခံတိုင်းရင်းသားများနှင့် ဘင်္ဂါလီလူမျိုးများ၏ နေအိမ်များသို့ လှည့်လည်ကြည့်ရှုပြီး ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ပေးနိုင်မည့် အခွင့်အလမ်းများကို ကျေးရွာသူ/ ကျေးရွာသားများအား မှာကြားခဲ့သည်။

ယင်းနောက် တိုင်းရင်းသားလူမျိုးများ နေထိုင်သည့် ရန်အောင်မြင်ကျေးရွာမှ မြိုတိုင်းရင်းသား လူမျိုးများ၊ သက်ကိုင်ညာ ကျေးရွာမှ သက်လူမျိုးများ၊ ရေနောက်ငါးသား ကျေးရွာမှ ဒိုင်းနက်လူမျိုးများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို တွေ့ဆုံမေးမြန်းသည်။ ထို့နောက် ခမောင်းဆိပ်ကျေးရွာ အထက်တန်းကျောင်းခွဲ၌ မြဝတီ၊ မင်းခမောင်း၊ လေးမြို့ကေတီ၊ နန်းရာကိုင်း၊ ရေနောက်ငါးသား၊ မင်္ဂလာညွှန့်၊ သမန်းသား၊ သက်ညာကိုင်၊ ခမောင်းဆိပ်ကျေးရွာများတွင် ဒေသခံတိုင်းရင်းသားကိုယ်စားလှယ်များနှင့် အစ္စလာမ်ဘာသာဝင်ကိုယ်စားလှယ် (၁၈၀)ဦးတို့နှင့် တွေ့ဆုံ၍ ယခုကဲ့သို့ ဤအခြေအနေအထိ ရောက်ရှိလာခဲ့ရသည့် ရည်ရွယ်ချက်မှာ နယ်မြေတည်ငြိမ်အေးချမ်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိဘဲ မဖွံ့ဖြိုးနိုင်ကြောင်း၊ သမိုင်းကြောင်းအရ လွတ်လပ်ရေးရပြီး ကတည်းက ဝါဒကွဲ၊ လူမျိုးစွဲများရှိခဲ့၍ ပြည်တွင်းသောင်းကျန်းမှုများ ပေါ်ပေါက်ခဲ့ရကာ တည်ငြိမ်အေးချမ်းမှုမရှိခဲ့သဖြင့် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျကျန်ခဲ့ရကြောင်း၊ ယနေ့ ကျန်ရှိသည့် လက်နက်ကိုင် အဖွဲ့အစည်း(၁၁)ဖွဲ့တွင် (၁၀)ဖွဲ့မှာ ငြိမ်းချမ်းရေးအတွက် သဘောတူညီမှုများရရှိပြီး ဆက်လက်ဆွေးနွေးလျက်ရှိကြောင်း၊ ယခု ရခိုင်ပြည်နယ်တွင် ပြည်သူအချင်းချင်း တစ်ဦးနှင့်တစ်ဦး မီးရှို့ဖျက်ဆီးနေသည်မှာ မကောင်းပါကြောင်း၊ ယင်းသို့မဖြစ်အောင် ကာကွယ်တားဆီးနေပါကြောင်း၊ တရားဥပဒေမဲ့ဖြစ်နေသည်ကို လက်ခံ၍မရနိုင်ပါကြောင်း၊ တရားဥပဒေနှင့်အညီ ပြစ်မှုကြီးငယ်အလိုက် ဖော်ထုတ်အရေးယူသွားပြီး တည်ငြိမ်အေးချမ်းမှုကို အမြန်ဆုံးတည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ အချိန်ကြာသည်နှင့်အမျှ အပြစ်မဲ့သည့် လူများစုများ ဒုက္ခခံစားရမည်ဖြစ်ပါကြောင်း၊ တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို လေ့လာဆန်းစစ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ယင်းသို့ လုပ်ပေးရန် တာဝန်ရှိသကဲ့သို့ စိတ်ရင်းစေတနာလည်းရှိပါကြောင်း၊ အပြုသဘောဆောင်သည့်ဘက်သို့ လျှောက်လှမ်းသွားကြရန် မှာကြားလိုပါကြောင်း ပြောကြားရာ ကျေးရွာကိုယ်စားလှယ်များက ကျောင်းဖွင့်ချိန်နှင့် လယ်လုပ်ချိန်တွင် ယခုကဲ့သို့ဖြစ်ရခြင်းအတွက် အခက်အခဲများ ရှိပါကြောင်း၊ ယခုကဲ့သို့ ပြည်ထောင်စုဝန်ကြီး ကိုယ်တိုင်လာရောက်ကြည့်ရှုစစ်ဆေး ထိန်းကျောင်းပေးသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်းနှင့် မိမိတို့နယ်မြေတွင် နောင်တွင်လည်း အေးချမ်းစွာဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် နယ်စပ်ဒေသလမ်းများ ဖောက်လုပ်ထားရှိမှု၊ တောင်ပြိုလက်ဝဲရှိ နယ်စပ်ဂိတ်နှင့် ကင်းစခန်းများတွင် လုံခြုံအေးချမ်းစွာတည်ရှိနေမှုတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

✳ တပ်မတော်သားများမှ

ဦးကျော်သိန်းနှင့် တာဝန်ရှိသူတို့က ကြည့်ရှုအားပေးကြသည်။

တိုင်းမှူးသည် မွန်းလွဲပိုင်းကလည်း ရန်ကုန်မြို့မှ ရောက်ရှိလာသည့် ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၏ တည်းခိုရာ အဆောင်များသို့ သွားရောက်၍ နေထိုင်စားသောက်မှုများကိုကြည့်ရှုပြီး လိုအပ်သည်များ စီစဉ်ပေးခဲ့သည်။

စက်ရုံစုဈေး မီးလောင်ပြင်အပျက်အစီးများအား ရှင်းလင်းသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များအား ဒေသခံပြည်သူများက အချိုရည်နှင့် သောက်ရေသန့်များ လာရောက်ပေးအပ်အားပေးခဲ့ကြသည်။ (သတင်းစဉ်)

စစ်တွေမြို့ စက်ရုံစုရပ်ကွက်၌ စက်ရုံစုဈေး မီးလောင်ပျက်စီးမှုများကို တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ရှင်းလင်းဖယ်ရှားစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်း စစ်တွေမြို့ရှိ ကယ်ဆယ်ရေးစခန်းများအား ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၆

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်းသည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုနိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၅ ရက်တွင် စစ်တွေမြို့ ကန်တော်ကြီးရပ်ကွက်ရှိ ဇေယျာသိဒ္ဓိအဓိဌာန် ဘုန်းတော်ကြီးကျောင်း၊ ကုန်းတန်းရပ်ကွက်ရှိ ရွှေစေတီပရဟိတဘုန်းတော်ကြီးပညာရေးကျောင်း၊ လမ်းမတော်(တောင်)ရပ်ကွက်ရှိ ဦးရဲကျော်သူ(သံကျောင်း) ဘုန်းတော်ကြီးကျောင်း၊ ပြည်တော်သာရပ်ကွက်ရှိ ဆုတောင်းပြည့်ဘုန်းတော်ကြီးကျောင်းနှင့် ဗုဒ္ဓေါမော်ဘုန်းတော်ကြီးကျောင်းများ၌ ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းများသို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသော ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

◆ ရခိုင်ပြည်နယ်မှ

ကူးသန်းရောင်းဝယ်ရေးကုမ္ပဏီက ငွေကျပ် သိန်း ၁၀၀၊ ရိုးမအားမာန်ကုမ္ပဏီက ငွေကျပ် သိန်း ၅၀နှင့် စိုးရတနာကျောက်မျက်ကုမ္ပဏီက ငွေကျပ် ၁၀ သိန်းတို့ကို ပြည်နယ်ဝန်ကြီးချုပ်ထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ဦးက အလှူငွေများ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ အလှူရှင်များကိုယ်စား ရှင်းလင်းပြောကြားပြီး ပြည်နယ်အစိုးရဘဏ္ဍာငွေ ထိန်းသိမ်းရေးနှင့် အလှူငွေလက်ခံရေးလုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ ပြည်နယ်ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးစိုးအေးက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

စစ်တွေမြို့ စေတနာရှင်မွတ်စ်လင်(မ်) ကုန်သည်များအဖွဲ့ ကုမ္ပဏီ ၁၂ ခုက ငွေကျပ်သိန်း ၁၀၀၀ ကို ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင် ထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

မောင်တောမြို့နယ်အတွင်း ဆူပူအကြမ်းဖက်သူများအား ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၁၆

ရခိုင်ပြည်နယ်အစိုးရ၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဒေသခံများ ဝိုင်းဝန်းပူးပေါင်း လုံခြုံရေးဆောင်ရွက်မှုကြောင့် မောင်တောမြို့အပါအဝင် ရခိုင်ပြည်နယ်တစ်ခုလုံးတွင် ဇွန် ၁၃ ရက်မှစ၍ အေးချမ်းတည်ငြိမ်လျက်ရှိသည်။ ထိုသို့ အေးချမ်းတည်ငြိမ်မှုအား ဆက်လက်ထိန်းသိမ်းရန် လုံခြုံရေးအဖွဲ့များသည် ဒေသခံများနှင့် ဝိုင်းဝန်းလက်တွဲ၍ နေ့/ညမပြတ် လုံခြုံရေးလှည့်ကင်းများ ဆောင်ရွက်ခဲ့ရာ ဇွန် ၁၅ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် မောင်တောမြို့နယ် ချိန်ခါလီကျေးရွာသို့ ရောက်ရှိစဉ် မသင်္ကာဖွယ် တုတ်၊ ဓားများကိုင်ဆောင်၍ စုရုံးလျက်ရှိသည့် အကြမ်းဖက်သမား ၃၀ ဦးတွေ့ရှိ၍ လူစုခွဲရန် ဆောင်ရွက်စဉ် အဖွဲ့ခွဲ၍ထွက်ပြေးသွားကြသည်။

ထွက်ပြေးသွားသည့် အကြမ်းဖက်သမားများနောက်သို့ လုံခြုံရေးအဖွဲ့များက အဖွဲ့ခွဲ၍ ရွာနှင့် ပတ်ဝန်းကျင်အနီး ဝိုင်းပတ်ဖမ်းဆီးခဲ့ရာ အကြမ်းဖက်သမား ၂၂ ဦးတို့အား ၎င်းတို့ အသုံးပြုသော အသံပေးကျွဲချိုတစ်ချောင်း၊ လေးပေအရှည် ငါးမူးလုံးသံချောင်း (ထိပ်ချွန်ပြီး) ခုနစ်ချောင်း၊ အရှည်တစ်ပေခန့်ရှိ ဓားချွန်တစ်ချောင်း၊ သုံးပေခန့်ရှိ သစ်သားချောင်း ၁၀ ချောင်း၊ လေးပေအရှည် သံဆူး(ထိပ်ချွန်) နှစ်ချောင်း တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိ တရားခံများအား သက်ဆိုင်ရာနယ်မြေရဲစခန်းသို့လွှဲပြောင်း၍ တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❍ ဒေသခံပြည်သူများမှ

ခေါင်းအုံးများ၊ ဦးခင်မောင်ဝင်း-ဒေါ်ကြည်ကြည်ဝင်းမိသားစုက ငွေကျပ်ငါးသောင်း၊ ဒေါ်နန်းခင်လတ်မိသားစု(ပုလဲကွန်ဒို)က ငွေကျပ် ငါးသောင်းနှင့် အဝတ်အထည်များ၊ အရှင်ခေမာစာရ(မြရာကုန်းကျောင်းတိုက်)က ငွေကျပ်သုံးသောင်းနှင့် သက်န်းများ၊ မမေစံပယ်ဖြူက စားသောက်ကုန်နှင့် အဝတ်အထည်များ၊ ဟိန်းဇော်ထွန်းက ငွေကျပ်ငါးထောင်နှင့် သယ်န်းကျွန်းမြို့နယ် စေတနာရှင်အဖွဲ့က ငွေကျပ်သုံးဆယ့်နှစ်သိန်းခြောက်သောင်းသုံးထောင်တို့ကို ပေးအပ်လှူဒါန်းကြရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။ ယနေ့အထိ လှူဒါန်းငွေရရှိမှုမှာ ၁၁၀၉၃၈၃၇၅ ကျပ်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်ရှိ ဒေသခံပြည်သူများအတွက် အလှူရှင်များက ငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

အရန်သားဖွား ဆရာမများ မွမ်းမံသင်တန်း သီပေါမြို့၌ ဖွင့်လှစ်

သီပေါ ဇွန် ၁၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ကျန်းမာရေးကြီးကြပ်မှုကော်မတီမှ ကြီးမှူးဖွင့်လှစ်သော အရန်သားဖွားဆရာမများ မွမ်းမံသင်တန်းဖွင့်ပွဲကို ဇွန် ၁၂ ရက် နံနက်က မြို့နယ်ပြည်သူ့ဆေးရုံသင်တန်းခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်ကျန်းမာရေး ကော်မတီဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မာလာမျိုးက မိခင်နှင့်ကလေးများ၏ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သီပေါမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ခရိုင်ဆရာဝန်ကြီး ဒေါက်တာ အောင်ထွေးက အရန်သားဖွားဆရာမများ မွမ်းမံသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့်သင်တန်းစည်းကမ်းများကို ရှင်းလင်းမှာကြားသည်။

အဆိုပါ သင်တန်းသို့ မြို့နယ်အတွင်းရှိ အရန်သားဖွားဆရာမ ၅၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ဖြစ်ကြောင်း သိရသည်။ (၂၄၇)

ဓာတ်လိုက်၍ လူတစ်ဦး သေဆုံး

ရန်ကုန် ဇွန် ၁၆

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် (၂၀)ရပ်ကွက် ဗိုလ်ရန်နိုင်လမ်း အမှတ် (၁၃၈၁) နေ ဦးတင်စိုးဝင်း(၃၆)နှစ်သည် ဇွန် ၁၄ ရက် မွန်းလွဲ ၁ နာရီခန့်က နေအိမ်၌ အသုံးပြုနေသည့် ကွန်ပျူတာမီးထိန်းခလုတ်အား ပြုပြင်ရာမှ လျှပ်စစ်ဝါယာရှော့ကြောင့် ဓာတ်လိုက်သေဆုံးခဲ့သဖြင့် လှိုင်သာယာမြို့နယ် သောင်ကြီးရဲစခန်းမှ အရေးယူဆောင်ရွက်လျက်ရှိ ကြောင်းသိရသည်။ (ဝင်းဝင်းမော်)

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်အတွင်း အကြမ်းဖက်သမားများက လူနေအိမ်များ မီးရှို့ဖျက်ဆီးခြင်းအား နယ်မြေခံတပ်မတော်သားများဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့

နေပြည်တော် ဇွန် ၁၆

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် အပေါက်ဝကျေးရွာ၌ ဇွန် ၁၅ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် လူနေထိုင်ခြင်းမရှိသည့် တဲအိမ် ၁၂ လုံး မီးရှို့ခံရမှုဖြစ်စဉ် ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်အားစိစစ်ရာတွင် အကြမ်းဖက်သမားအချို့သည် ကျေးရွာအစွန်ပိုင်း လူနေခြင်းမရှိသည့် သက်ငယ်မိုးတဲအိမ်များအား မီးကွင်းပစ်၍ ထွက်ပြေးသွားကြောင်း သတင်းရလျှင်ရချင်း အနီးဝန်းကျင်ရှိ လုံခြုံရေးတပ်ဖွဲ့များ အချိန်မီရောက်ရှိ မီးငြိမ်းသတ်သဖြင့် လူနေအိမ် ၂၀၀ အနက် ၁၂ လုံးသာ မီးလောင်ကျွမ်းခဲ့ကြောင်း သိရှိရသည်။

အဆိုပါ အလစ်ဝင်ရောက် မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဒေသအာဏာပိုင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဆူပူအကြမ်းဖက်မှုကို မလိုလားသော ပြည်သူများပူးပေါင်း၍ အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စစ်တွေမြို့ နယ်မြေခံဆေးတပ်ရင်းမှ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ စစ်တွေမြို့ ကယ်ဆယ်ရေးစခန်းများရှိ လူနာများအား ဆေးကုသပေးစဉ်။ (သတင်းစဉ်)

စစ်တွေမြို့ နယ်မြေခံဆေးတပ်ရင်းက ကယ်ဆယ်ရေးစခန်းများ၌ လှည့်လည်ကုသ

နေပြည်တော် ဇွန် ၁၆

စစ်တွေမြို့ နယ်မြေခံဆေးတပ်ရင်းမှ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် စစ်တွေမြို့ ကယ်ဆယ်ရေးစခန်းများ၌ ရောက်ရှိနေကြသူများ၏ ကျန်းမာရေးအခြေအနေများကို ဇွန် ၁၅ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် လှည့်လည်စစ်ဆေးကုသပေးကြသည်။

အဆိုပါ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် နံနက် ၉ နာရီခွဲတွင် စစ်တွေမြို့ ဇေယျသိဒ္ဓိအဓိဋ္ဌာန်ကျောင်းရှိ ကယ်ဆယ်ရေးစခန်း၌ ဒေသခံတိုင်းရင်းသားများနှင့် အဓိဋ္ဌာန်ကျောင်းနှင့် ပတ်ဝန်းကျင်ရှိကျောင်းများမှ ရဟန်းသံဃာများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးကြပြီး ဖျားနာမှုမရှိရေး၊ ဝမ်းပျက်ဝမ်းလျှောရောဂါများ မဖြစ်ပွားရေးအတွက် ကျန်းမာရေးပညာပေးဟောပြောကြကာ ကျန်းမာရေးလက်ကမ်းစာစောင်များဝေငှသည်။

ထို့နောက် ဆုတောင်းပြည့် ပရိယတ္တိစာသင်တိုက်၌ ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းရှိ ဒေသခံတိုင်းရင်းသားများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတကာသတင်းများ

နွေရာသီကာလ ရေပြတ်လပ်မှုကြောင့် သောက်သုံးရေရရှိရေးအတွက် အလုအယက်ကြိုးပမ်းနေသော နယူးဒေလီမြို့ မြို့တော်သူမြို့တော်သားများကို တွေ့ရစဉ်။

နယူးဒေလီမြို့တော်၏ နွေရာသီကာလ သောက်သုံးရေပြတ်လပ်မှုပြဿနာနှင့် ရင်ဆိုင်ကြုံရ

နယူးဒေလီ ဇွန် ၁၆

နွေခေါင်ခေါင်ကာလသို့ရောက်ရှိလာပြီဖြစ်သည်နှင့်အမျှ အိမ်နီးချင်းပြည်နယ်များက ရေချိုဖြည့်ဆည်းပေးပို့မှုများအား ဖြတ်တောက်လိုက်ပြီဖြစ်ရာ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တော်အနှံ့အပြား၌ ရေပြတ်လပ်မှုနှင့် စတင်ကြုံတွေ့နေရပြီဖြစ်ကြောင်း ဇွန် ၁၅ ရက်သတင်းများတွင်ဖော်ပြသည်။

လူဦးရေ ၁၆ သန်းနှင့် နွေရာသီအပူချိန် ၄၃ ဒီဂရီစင်တီဂရိတ် (၁၀၉ ဒီဂရီဖာရင်ဟိုက်)ရှိသည့် နယူးဒေလီမြို့တော်သည် လိုအပ်သောရေအရင်းအမြစ်အတွက် အိမ်နီးချင်းပြည်နယ်လေးပြည်နယ်ဖြစ်သော ဟာယာနာ၊ ဥတ္တရပရာဒေ့ရှ် ပန်ဂျပ်နှင့် ဥတ္တရာခန်းပြည်နယ်များကို အဓိကမှီခိုနေရသည်။

နယူးဒေလီမြို့တော်သို့ ရေချိုအရင်းအမြစ် အများဆုံးဖြည့်ဆည်းပေးနေသည့် ဟာယာနာပြည်နယ်သည် ပေးပို့နေသည့်ရေပမာဏကို ဇွန် ၁၄ ရက်က ဖြတ်တောက်ခဲ့ရာ နယူးဒေလီမြို့သူမြို့သား သုံးသန်းကျော်တို့မှာ ရေပြတ်လပ်မှုဒုက္ခနှင့် ရင်ဆိုင်နေကြရပြီဖြစ်ကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ရေပြတ်လပ်မှုဒုက္ခနှင့် ရင်ဆိုင်နေရသော နေရာများထဲ၌ နယူးဒေလီမြို့တော်၏ အဖွံ့ဖြိုးဆုံးနယ်မြေများလည်းပါဝင်နေရာ ယခုတွေ့ကြုံနေရသည့် ရေပြဿနာသည် နိုင်ငံ၏လူဦးရေ ၁ ဒသမ ၂ ဘီလီယံအတွက် ရေအရင်းအမြစ်လိုအပ်ချက် တိုးမြင့်လာမှုကို ထင်ဟပ်နေကြောင်း သတင်းများတွင် ဖော်ပြသည်။

နွေလယ်ကာလအပူပြင်းဆုံးအချိန်များ၌ နယူးဒေလီမြို့တော်၏ တစ်နေ့တာအတွက် လိုအပ်သောရေပမာဏသည် ဂါလန်သန်းပေါင်း ၁၁၀၀ ရှိသော်လည်း ဂါလန် ၈၃၅ သန်းကိုသာ ဖြည့်ဆည်းပေးနိုင်ကြောင်း သိရသည်။ ***အင်တာနက်။***

ဟားမားစ်အုပ်စုခေါင်းဆောင်၏သား အစ္စရေးသူလျှို အစ္စရေးနိုင်ငံအတွင်း ခရီးနှင်၍ ဟောပြောပွဲများ ပြုလုပ်မည်

ဂျေရုဆလင် ဇွန် ၁၆

ပါလက်စတိုင်းလက်နက်ကိုင်အုပ်စု ဟားမားစ်အဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခဲ့သူတစ်ဦး၏ သားရင်းဖြစ်သော်လည်း အစ္စရေးသူလျှိုအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် မိုဆက်ယူစွက်ဖ်အမည်ရှိ ပါလက်စတိုင်းသားသည် အစ္စရေးနိုင်ငံတစ်ဝန်းလှည့်လည်ကာ ဟောပြောပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဇွန် ၁၄ ရက်သတင်းများတွင် ဖော်ပြသည်။

အစ္စရေးဝန်ကြီးချုပ်ဘင်ဂျမင်နေတန်ယာဟု၏ လီကွတ်ပါတီ လွှတ်တော်အမတ်တစ်ဦးက မိုဆက်ယူစွက်ဖ်ကို ဖိတ်ကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယူစွက်ဖ်သည် အစ္စရေးနိုင်ငံ၌ တစ်လကြာမျှ နေထိုင်ကာ တက္ကသိုလ်များနှင့် အခြားနေရာများတွင် ဟောပြောပွဲများ ပြုလုပ်သွားမည်ဖြစ်ပြီး လာမည့်သီတင်းပတ်အတွင်း အစ္စရေးပါလီမန်၌ မိန့်ခွန်းတစ်ရပ်ပြောကြားမည်သည်။

မိုဆက်ယူစွက်ဖ်၏ အစ္စရေးခရီးစဉ်နှင့် ပတ်သက်၍ သဘောထားမှတ်ချက်ပေးရန် ဟားမားစ်အုပ်စုတာဝန်ရှိသူများက ငြင်းပယ်ခဲ့သည်။

ယူစွက်ဖ်သည် လွန်ခဲ့သော နှစ်နှစ်ခန့်က "ဟားမားစ်၏သား" အမည်ရှိ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ စာအုပ်တစ်အုပ်ကို ထုတ်ဝေခဲ့သည်။ ယင်းစာအုပ်အတွင်း အစ္စရေးလျှို့ဝှက် ထောက်လှမ်းရေးသမားအဖြစ် ၁၀ နှစ်ကြာမျှ တာဝန်ထမ်းဆောင်ခဲ့စဉ် အတွေ့အကြုံများအား ယူစွက်ဖ်က ဖွင့်ချထားသည်။

ဖခင်ဖြစ်သူအပါအဝင် ဟားမားစ် ထိပ်တန်းခေါင်းဆောင်များအား ဖမ်းဆီးနိုင်ရေးအတွက် အစ္စရေးနိုင်ငံကို ကူညီပေးခဲ့ပြီး အသေခံဗုံးခွဲတိုက်ခိုက်မှုအများအပြားကိုလည်း တားဆီးပေးနိုင်ခဲ့ကြောင်း "ဟားမားစ်၏ သား" အတ္ထုပ္ပတ္တိ စာအုပ်တွင် ယူစွက်ဖ်က ရေးသားဖော်ပြခဲ့သည်။

ဟားမားစ်အုပ်စုကို တည်ထောင်ခဲ့သူ၏ သားရင်းဖြစ်သော်လည်း အစ္စရေးသူလျှိုအဖြစ် တာဝန်ထမ်းခဲ့သူ မိုဆက်ယူစွက်ဖ်။

ဟားမားစ်အုပ်စုသည် မိုဆက်ယူစွက်ဖ်အား သစ္စာဖောက်အဖြစ် သတ်မှတ်ထားပြီး အစ္စရေးအကျဉ်းထောင်အတွင်း အကျဉ်းချခံထားရသော ဖခင်ဖြစ်သည့် ရှိတ်ဟတ်ဆန်ယူစွက်ဖ်ကလည်း မိုဆက်ယူစွက်ဖ်ကို သားအဖြစ်မှ စွန့်လွှတ်ခဲ့သည်။ ***အင်တာနက်။***

ပြဒါးဓာတ်ပါဝင်သော နို့မှုန့်ဘူးများ တရုတ်ကုမ္ပဏီ ပြန်လည်ရုပ်သိမ်းလျက်ရှိ

ပေကျင်း ဇွန် ၁၆

တရုတ်နိုင်ငံ၌ နို့ထွက်ကုန်ပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီတစ်ခုက ထုတ်လုပ်သော နို့မှုန့်များအတွင်း ပြဒါးဓာတ်ပါဝင်မှုနှုန်း မြင့်တက်နေသည်ကို အာဏာပိုင်များက တွေ့ရှိခဲ့ပြီးနောက် ယင်းနို့မှုန့်ဘူးများကို အဆိုပါကုမ္ပဏီက ပြန်လည်ရုပ်သိမ်းလျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တရုတ်နိုင်ငံ စားနပ်ရိက္ခာ ဘေးအန္တရာယ်ကင်းရှင်းရေးအဖွဲ့သည် နို့မှုန့်ဘူးများအတွင်း ပုံမှန်ထက်လွန်ကဲစွာ ပြဒါးဓာတ်ပါဝင်နေသည်ကို စစ်ဆေးတွေ့ရှိခဲ့သည်။

ပြဿနာဖြစ်ပေါ်သည့်ကုမ္ပဏီမှာ ယီလီအမည်ရှိကုမ္ပဏီဖြစ်ပြီး ၂၀၁၁ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၂ ခုနှစ် မေလအတွင်း ထုတ်လုပ်ခဲ့သည့် နို့မှုန့်ဘူးများကို ပြန်လည်ရုပ်သိမ်းလျက်ရှိကြောင်း ကုမ္ပဏီကြေညာချက်တွင် ဖော်ပြသည်။

ဓာတုဗေဒပစ္စည်းဖြင့် မသန့်ရှင်းသော နို့မှုန့်ဘူးများကြောင့် ကလေးငယ်များအပေါ် မည်သို့ထိခိုက်ခဲ့သည် သို့မဟုတ် နို့မှုန့်များအတွင်းသို့ ပြဒါးဓာတ် မည်ကဲ့သို့ရောက်ရှိလာခဲ့သည် စသည့်အချက်များနှင့်ပတ်သက်၍ ကုမ္ပဏီတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

ပြဒါးဓာတ်လွန်ကဲသော အစားအစာများသည် ဦးနှောက်၊ နှလုံး၊ ကျောက်ကပ်၊ အဆုတ်နှင့် ခုခံအားစနစ် စသည်တို့ကို ထိခိုက်စေနိုင်ကြောင်း သတင်းတွင်ဖော်ပြသည်။ **ဆင်ဟွာ။**

အင်ဒိုနီးရှား တောမီးကြောင့် မလေးရှား၌ မီးခိုးမြူများလွှမ်းခြုံ

ကွာလာလမ်ပူ ဇွန် ၁၆

အိမ်နီးချင်း အင်ဒိုနီးရှားနိုင်ငံ၌ တောမီးလောင်ကျွမ်းမှုကြောင့် မြို့တော်ကွာလာလမ်ပူ အပါအဝင် မလေးရှားနိုင်ငံရှိ ဒေသများတွင် မီးခိုးမြူများလွှမ်းခြုံလျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇွန် ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

မေလမှ စက်တင်ဘာလအထိဖြစ်သော မုတ်သုံရာသီကာလအတွင်း မီးခိုးမြူပြဿနာကို နှစ်စဉ် ကြုံတွေ့ရလေ့ရှိသည်။ မီးခိုးမြူလွှမ်းခြုံမှုကြောင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်ပြီး အများပြည်သူအတွက် ကျန်းမာရေးဘေးအန္တရာယ် ဖြစ်ပေါ်စေနိုင်သည်။

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်းမှ မီးခိုးမြူများသည် မလက္ကာရေလက်ကြားကို ဖြတ်သန်းကာ မလေးရှားနိုင်ငံသို့ လွင့်မျောလာနေကြောင်း သတင်းတွင်ဖော်ပြသည်။

မြို့တော်ကွာလာလမ်ပူ ကောင်းကင်ယံ၌ မီးခိုးမြူများ လွှမ်းခြုံနေပြီး လာမည့်ရက်သတ္တပတ်တွင် မိုးရွာသွန်းမှု နည်းပါးနိုင်ခြင်းကြောင့် မီးခိုးမြူအခြေအနေ ပိုမိုဆိုးရွားလာနိုင်ကြောင်း မိုးလေဝသဌာနက ခန့်မှန်းထားသည်။ ***အင်တာနက်။***

နေစကြဝဠာ၏ အနားစွန်းသို့ ဗွိုင်ယေဂျာ-၁ အာကာသယာဉ် ရောက်ရှိ

ပါဆာဒီနာ ဇွန် ၁၆

အာကာသအတွင်း ခရီးနှင်လျက်ရှိသော ဗွိုင်ယေဂျာ-၁ အာကာသဟင်းလင်းပြင် စူးစမ်းလေ့လာရေးယာဉ်သည် နေစကြဝဠာ၏ အနားစွန်းသို့ ရောက်ရှိလုနီးပြီဖြစ်ကြောင်း အမေရိကန်အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေး အေဂျင်စီ(နာဆာ)က ဇွန် ၁၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

၁၉၇၇ ခုနှစ်တွင် စတင်လွှတ်တင်ခဲ့သော ဗွိုင်ယေဂျာ-၁ အာကာသယာဉ်သည် နေစကြဝဠာအဖွဲ့အစည်း၏ ပြင်ပ၌ တည်ရှိတတ်သည့် လျှပ်စစ်ဓာတ်ဆောင်အမှုန်များ သိသိသာသာ သိပ်သည်းများပြားနေသော အာကာသဟင်းလင်းပြင်ဇုန်တစ်ခု အတွင်းရောက်ရှိနေပြီဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။

နေစကြဝဠာပြင်ပ အာကာသဟင်းလင်းပြင်သို့ လူသားမျိုးနွယ်၏ ပထမဆုံးကိုယ်စားလှယ်တော်အဖြစ် ခရီးနှင်နေသော ဗွိုင်ယေဂျာ-၁ အာကာသယာဉ်သည် နေစကြဝဠာအဝန်းအဝိုင်း အတွင်းမှ ထွက်မြောက်လုနီးပြီဖြစ်ကြောင်း နာဆာအဖွဲ့၏ ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ရူပဗေဒနိယာမများအရ တစ်နေ့နေ့တစ်ချိန်ချိန်တွင် ဗွိုင်ယေဂျာ-၁ အာကာသယာဉ်သည် နေစကြဝဠာပြင်ပ အာကာသဟင်းလင်းပြင်အတွင်းသို့ ရောက်ရှိလိမ့်မည်ဖြစ်ကြောင်း၊ သို့ရာတွင် မည်သည့်အချိန်၌ ရောက်ရှိမည်ကို တိတိကျကျမသိရကြောင်း ဗွိုင်ယေဂျာစီမံချက်မှ သိပ္ပံပညာရှင်တစ်ဦးကပြောကြားသည်။

၁၉၇၇ ခုနှစ်တွင် လွှတ်တင်ခဲ့သော ဗွိုင်ယေဂျာ-၁ အာကာသယာဉ်သည် နေမှမိုင်ပေါင်း ၁၁ ဒသမ ၁ ဘီလီယံ အကွာသို့ ရောက်ရှိနေပြီဖြစ်ပြီး ယင်းနှင့်အတူ လွှတ်တင်ခဲ့သည့် ဗွိုင်ယေဂျာ-၂ မှာလည်း နေမှ မိုင်ပေါင်း ၉ ဒသမ ၁ ဘီလီယံ အကွာသို့ ရောက်ရှိနေပြီဖြစ်သည်။ ***အင်တာနက်။***

နေစကြဝဠာ၏ ပြင်ပ အာကာသဟင်းလင်းပြင်ဆီသို့ ခရီးနှင်လျက်ရှိသည့် ဗွိုင်ယေဂျာ-၁ အာကာသစူးစမ်းလေ့လာရေးယာဉ်။

အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစည်းအဝေးကျင်းပ မြန်မာနိုင်ငံတွင် စတော့အိတ်ချိန်း အမြန်ဆုံးတည်ထောင်သွားနိုင်ရေး ဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် ဇွန် ၁၆

အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (၁/၂၀၁၂) ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာတွင် **(အပေါ်ပုံ)**အရင်းအနှီး ဈေးကွက်ခိုင်မာစွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကကျောရိုးဖြစ်သည့် Securities Exchange Law နှင့် ပတ်သက်၍ ပြောကြားလိုကြောင်း၊ အဆိုပါဥပဒေမူကြမ်းကိုလည်း ရရှိပြီးဖြစ်၍ ငွေချေးသက်သေခံ လက်မှတ်ဆိုင်ရာ ဥပဒေဆပ်ကော်မတီဝင်များ ပြန်လည်သုံးသပ်ဆောင်ရွက်နေကြပြီဟု ယုံကြည်ကြောင်း၊ ဥပဒေပညာရှင်များ၏ သုံးသပ်ချက်အရ ယေဘုယျအားဖြင့် ဤဥပဒေသည် မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် ကူးပြောင်းဆဲကာလတစ်ခုတွင် ဆောင်ရွက်ရခြင်း၊ ငွေရေးကြေးရေးကဏ္ဍနှင့် ပတ်သက်၍ ပြည်တွင်း ပြည်ပ ပါဝင်ပတ်သက်နေခြင်းတို့ကြောင့် ပြဋ္ဌာန်းချက်များ ပြည့်စုံအောင် ပါဝင်သင့်ကြောင်း ဖော်ပြထားရာ မိမိတို့ဆပ်ကော်မတီများမှ အထူးဂရုပြု၍ မြန်မြန်ဆန်ဆန် ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်သွားစေလိုကြောင်း၊ ဂျပန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန Policy of Research Institute (PRI) မှလည်း ဥပဒေပိုင်းဆိုင်ရာ နည်းပညာအကူအညီပေးရေးအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရန် ကမ်းလှမ်းထားသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ အဆိုပါ PRI ၏ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခွင့်ရရှိပါက မိမိတို့ Securities Exchange Law အတွက် လိုအပ်သည့် စည်းမျဉ်းစည်းကမ်းများကို ထပ်မံ၍ အသေးစိတ် ဖြည့်စွက်ပြဋ္ဌာန်းနိုင်မည် ဖြစ်ပါကြောင်း၊ တိုကျိုစတော့အိတ်ချိန်း၊ ဒိုင်ဝါသုတေသနတို့နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီးဖြစ်၍ Working Group များ အမြန်ဆုံး ဖွဲ့စည်းရန်အတွက်လည်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အာဆီယံ၏ လမ်းပြမြေပုံအရ ၂၀၁၅ ခုနှစ်တွင် အာဆီယံ၏ တစ်ခုတည်းသော အရင်းအနှီးဈေးကွက်၌ မြန်မာနိုင်ငံပါဝင်နိုင်ရေးအတွက် မြန်မာနိုင်ငံတွင် စတော့အိတ်ချိန်းအား အမြန်ဆုံးတည်ထောင်သွားနိုင်ရေး မိမိတို့ကော်မတီ၊ ဆပ်ကော်မတီအဖွဲ့ဝင်များအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဝင်းသန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှုများသည် လမ်းပြမြေပုံအတိုင်း ဆောင်ရွက်ရမည့် အချိန်ကာလနှင့် ကိုက်ညီစေရန်၊ ဆောင်ရွက်ရမည့်လုပ်ငန်းအခြေအနေ စနစ်တကျမှန်ကန်စေရန်နှင့် အရင်းအနှီးဈေးကွက်ဆိုင်ရာ ဗဟုသုတများ ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် နားလည်လာစေရေးအတွက် ပညာပေးအစီအစဉ်များ၊ ဆွေးနွေးပွဲများ ပြုလုပ်သွားကြရန်လိုကြောင်း၊ အများနှင့်သက်ဆိုင်သော ကုမ္ပဏီများ၏ စာရင်းကိုင်စံနှုန်းများ၊ အပြည်ပြည်ဆိုင်ရာ စာရင်းကိုင်စံနှုန်းများနှင့်အညီ ဖြစ်စေရေး၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ငွေလှူ

နေပြည်တော် ဇွန် ၁၆

ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၈၅) ကျောင်းဆင်းအရာရှိများ၏ (၁၉) ကြိမ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် နေပြည်တော်၌ ပျဉ်းမနား ဗုဒ္ဓဘာသာ ဘိုးဘွားရိပ်သာတွင် လည်းကောင်း၊ ရန်ကုန်မြို့၌ လူမှုဝန်ထမ်းဦးစီးဌာန၊ ကျိုက်ဝိုင်းလူငယ်လေ့ကျင့်ရေးသင်တန်းကျောင်း**(ယာပုံ)**တွင် လည်းကောင်း၊ မန္တလေးမြို့၊ ပြင်ဦးလွင်မြို့နှင့် လားရှိုးမြို့များ၌လည်းကောင်း အလှူဒါနများ ပြုလုပ်ခဲ့ရာ စုစုပေါင်းလှူဒါန်းငွေကျပ် ၁၈၀၀၀၀၀ ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၇-၆-၂၀၁၂ (တနင်္ဂနွေနေ့)

[၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်၊ (အဖိတ်နေ့)]

- ၇း၀၀ ပရိတ်တရားတော်
- ၁၁း၃၀ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာစွမ်းအား" (အပိုင်း-၁၄)**
- ၁၂း၃၀ "ဖန်တီးမှုရဲ့လျှို့ဝှက်ချက်"
- ၁၂း၅၀ **မြန်မာရုပ်ရှင် "တိုးတိုးလေးချစ်မယ်" (ရန်အောင်၊ မို့မို့မြင့်အောင်၊ မော့စ်၊ မိုးဒီ) (ဒါရိုက်တာ-မောင်နန္ဒ)**
- ၄း၄၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
- ၅း၁၀ "လေ့လာရအောင် မင်းတပ်ရိုးရာ"
- ၅း၂၀ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆း၂၀ ကာတွန်းအစီအစဉ် "ရေငုပ်သမားလေးအိုလီ" (အပိုင်း-၄၄)
- ၆း၄၅ တစ်မျက်နှာ၊ တစ်ကွက်စာ "မခင်ရွှေလင်မရသည့်အကြောင်း" (လုလု၊ သဇင်ထူးနိုင်၊ ဂွမ်းပုံ) [ဒါရိုက်တာ-မေတင် (MMG)]
- ၇း၀၀ **နိုင်ငံခြားဇာတ်လမ်းတွဲ "မာယာများတဲ့အချစ်" (အပိုင်း-၈)**
- ၈း၀၀ ပြည်တွင်းသတင်း **-ကာတွန်းအစီအစဉ် "ဒိုင်နိုဆောကမ္ဘာ" (မိဘနဲ့သားသမီးအပြန်အလှန်ကာကွယ်တဲ့မေတ္တာ) -နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာသစ္စာ" (အပိုင်း-၁၄)** -ရင်ခုန်လက်ကမ်း တေးသစ်လမ်း

အကြိမ်(၆၀)မြောက် ပင်းတယမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိစာပြန် စာဖြေပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အကြိမ် (၆၀)မြောက် ပင်းတယမြို့နယ်လုံးဆိုင်ရာ သံဃာ့ဩဝါဒခံ သာသနဟိတ ပရိယတ္တိစာပြန်စာဖြေပွဲကို ဇွန် ၁၄ ရက်တွင် ပင်းတယမြို့နယ် ဓမ္မာရုံ၌ကျင်းပရာ စာဖြေသံဃာတော် ၃၆၂ ပါးနှင့် စာပြန်သံဃာတော် ၃၃၄ ပါးတို့ ဝင်ရောက်ဖြေဆိုခဲ့ကြကြောင်းနှင့် အဆိုပါ စာပြန်စာဖြေပွဲကို ဇွန် ၁၈ ရက်အထိ ငါးရက်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အထက(၆) ဗိုလ်တထောင်(စိန့်ပေါလ်)မှ ဆရာ ဆရာမများနှင့် ကျောင်းသားများအတွက် ဆေးခန်းနှင့် ရုံးခန်းဖွင့်လှစ်

ရန်ကုန် ဇွန် ၁၆

ရန်ကုန်မြို့ အမှတ် (၆) အခြေခံပညာ အထက်တန်းကျောင်း ဗိုလ်တထောင် (စိန့်ပေါလ်)မှ ဆရာ ဆရာမဟောင်းများ၊ ယခု တာဝန်ထမ်းဆောင်နေသည့် ဆရာ ဆရာမများနှင့် ကျောင်းသားများအတွက် ဆေးခန်းနှင့် ရုံးခန်းဖွင့်လှစ်ခြင်း အခမ်းအနားကို ဇွန် ၁၆ ရက် နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပသည်။**(အပေါ်ပုံ)**

အထက (၆) ဗိုလ်တထောင်(စိန့်ပေါလ်) မြတ်ဆရာပူဇော်ပွဲကော်မတီမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပြုနိုင်ရန်အတွက် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။ ကျန်းမာရေးစောင့်ရှောက်မှုပြုရာတွင် အငြိမ်းစားဆရာ ဆရာမများကို လစဉ်ပထမပတ်၏ တနင်္ဂနွေနေ့ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဆောင်ရွက်ပေးမည်ဖြစ်ပြီး လက်ရှိသင်ကြားနေသော ဆရာ ဆရာမများကို လစဉ်တတိယပတ်၏ တနင်္လာနေ့ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ လည်းကောင်း ဆောင်ရွက်ပေးမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူများကို လစဉ် ရာသီအလိုက် ဖြစ်တတ်သော ရောဂါများအား ပညာပေးသင်ကြားဟောပြောခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အထက(၆) ဗိုလ်တထောင်(စိန့်ပေါလ်)၏ ဆေးခန်းနှင့် ရုံးခန်းဖွင့်ပွဲသို့ အငြိမ်းစားကျောင်းအုပ်ဆရာကြီးများ၊ အငြိမ်းစား ဆရာ ဆရာမများ၊ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းသားဟောင်းများ တက်ရောက်ခဲ့ကြပြီး အခမ်းအနားတွင် Lobese သွယ်လျှ လှုပအဆီကျဆေးမှ ဈေးကွက်ဖြန့်ချိရေးမန်နေဂျာ ဒေါက်တာစိမ်းလဲ့အောင်က ငွေကျပ် သုံးသိန်းတန်ဖိုးရှိ ဆေးဝါးများ လှူဒါန်းရာ ကျောင်းကော်မတီမှ ဒေါက်တာကျော်ဇောသိန်းက လက်ခံရယူခဲ့သည်။ ကျောင်းသားဟောင်းများအနေဖြင့် ကျောင်းဆေးခန်းအတွက် လှူဒါန်းလိုပါက တနင်္လာနေ့မှ သောကြာနေ့ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရုံးခန်းဖွင့်လှစ်ပေးလျက်ရှိသည်။ (ဆုနှင်းလှဲ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၇-၆-၂၀၁၂ (တနင်္ဂနွေနေ့)

- ၇း၀၅ တရားတော်
- ၇း၂၅ မြန်မာ့ရှုခင်း
- ၁၁း၃၀ ကာတွန်းအစီအစဉ် -ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရုပ်ကလေးများ(အပိုင်း-၆၆)
- ၁၂း၀၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -မေတ္တာဆွဲအား
- ၁း၁၀ မြန်မာသံစဉ်ချိုနားဝင်
- ၁း၂၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရှင်သန်နေသရွေ့(အပိုင်း-၃၅)
- ၄း၄၀ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၅း၂၀ ဒီဖိုင်နာတို့ရဲ့ဒီဖိုင်း
- ၆း၃၀ ဘဝကြေးမုံ (လူကြုံစကား) -စွမ်းရည်၊ အကယ်ဒမီ ခင်မို့မို့အေး၊ ဗိုသီရိခေတ်နှင့် သရုပ်ဆောင်များ [ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)]
- ၆း၅၀ ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
- ၇း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရာဇဝင်သစ်ရဲ့သူရဲကောင်း (အပိုင်း-၂)**
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း -ပဟေဠိနန်းတော် **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အရိုက်အရာ"(အပိုင်း-၂၄) -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အရှက်ဦးရဲ့လင်းသံစဉ်" (အပိုင်း-၃၇)**

နိုင်ငံတစ်ဝန်း၌ မူးယစ်ဆေးဝါးအမှုပေါင်း ၃၁၉ မှု၊ တရားခံ ၃၉၅ ဦး ဖမ်းဆီးအရေးယူခဲ့

နေပြည်တော် ဇွန် ၁၆

၂၀၁၂ ခုနှစ် မေလအတွင်း နိုင်ငံတစ်ဝန်း၌ မူးယစ်ဆေးဝါးအမှုပေါင်း ၃၁၉ မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၄၈ မှု (အလေးချိန် ၂၂၇ ဒသမ ၀၂၆၆ ကီလို)၊ ဘိန်းဖြူ ၇၈ မှု (အလေးချိန် ၈ ဒသမ ၈၉၉၈ ကီလို)၊ ဘိန်းဆီခဲ ၁၂ မှု (အလေးချိန် ၄ ဒသမ ၆၅၃၆ ကီလို)၊ အဆင့်နိမ့်ဘိန်း ကိုးမှု (အလေးချိန် ၁ ဒသမ ၃၂၇၂ ကီလို)၊ ဆေးခြောက် ၁၈ မှု (အလေးချိန် ၂ ဒသမ ၈၈၉၁ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၆ မှု ၄၄၃၉၄၅ ပြား၊ ဘိန်းစာမှုန့်ခြောက်မှု (အလေးချိန် ၄၆ ဒသမ ၂၄၆၂ ကီလို)၊ ဘိန်းရည် ၁၀၀ လစ်တာ၊ အိုက်စ်တစ်မှု ၀ ဒသမ ၈၀၁ ကီလို၊ ဘိန်းညိုမှုန့် တစ်မှု ၂ ဒသမ ၂၅ ကီလို၊ ကဖင်း တစ်မှု ၇၈ ကီလို၊ မော်ဖင်း တစ်မှု ၄၆၇ ပုလင်း၊ အယ်ပရာဇိုလမ် နှစ်မှု ၂၄၁၁၀၉ ပြား၊ ဆူဒိုအက်ဖီဒရင်း ၄ ဒသမ ၃၃၄ ကီလို၊ အက်ဖီဒရင်း နှစ်မှု ၂၄၁ ဒသမ ၃၅၄ ကီလို၊ ထရာမဒေါလ် နှစ်မှု ၂၉၉ ပြား၊ မှတ်ပုံတင်ပျက် တစ်မှု ဖမ်းဆီးရမိခဲ့သည်။

အမှုပေါင်း ၃၁၉ မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ (ကျား) ၃၁၉ ဦး၊ (မ) ၇၆ ဦး စုစုပေါင်းတရားခံ ၃၉၅ ဦးတို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်လူသစ်
ဘဝသစ်

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ ရွှေချောင်းလျှပ်စစ် မြစ်ရေတင် ရေသောက်ဧရိယာတွင် တောင်သူပညာပေး စိုက်ပျိုးထားသော ပုလဲသွယ် အထူးအထွက်တိုးစပ်မျိုးစပါး စံပြ ၁၀ ဧက စိုက်ကွင်းအတွင်းမှ ဦးပိုင်အမှတ် (၁၂) တောင်သူ ဦးညဏ်တင်၏ ၁ ဒသမ ၆၀ ဧကတွင် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိန်မောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးရွှေငါးနှင့် ဝန်ထမ်းများ ဇွန် ၉ ရက်က စပါးအထွက်နှုန်းတိကျမှန်ကန်ရေးအတွက် ဒုတိယအကြိမ် စံကွက်ရိတ်သိမ်းကြစဉ်။ (၃၇၄)

တိမ်အပြေး မိုးအပွင့် တကော့ခမွိုင်ရဲ့ အလင်းတံခါးသစ်ကိုဖွင့်

ဒေါက်တာနီလာသိန်း(လင်းရောင်သစ်)

အဘရေ- ကျွန်မရဲ့ဆောင်းပါးတွေမဖတ်ရတာကြာပြီလို့ အဘကပြောတော့ ခရီးတွေမသွားဖြစ်တာနဲ့ ရေးစရာ 'စာဝမ်းစာ'မရှိလို့ပါလို့ ပြန်ဖြေခဲ့တယ်နော်။ အမှန်တကယ်လည်း အခြားအသင်းအဖွဲ့တွေ၊ ပြည်တွင်း ပြည်ပအလှူရှင်တွေကတော့ သူတို့အစီအစဉ်နဲ့ သူတို့လုပ်ရှားနေကြပေမယ့် ဝန်ထမ်းဖြစ်တဲ့ကျွန်မမှာ ၂၀၁၁ ဧပြီလကစလို့တစ်နှစ်ကျော် ရပ်နေခဲ့မိတယ်။ အဲဒီအချိန်မှာပဲ ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းရဲ့ မွန်ပြည်နယ်ခရီးစဉ်ကို လိုက်ပါဖို့အကြောင်းကဖန်လာခဲ့ပါတယ်။ ဘီလူးကျွန်း ချောင်းဆုံမျက်စိအခမဲ့ခွဲစိတ်ကုသမှုခရီးမှာ မော်လမြိုင် ပြည်နယ်မျက်စိ အထူးကုဆရာဝန်ကြီး ဒေါက်တာဥမ္မာရီကိုကူညီပေးဖို့အတွက် ဆရာကြီး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးမင်းသန်းညွှန့်က တာဝန်ပေးတာနဲ့ပဲ နှစ်ရက်အတွင်းမှာ ခရီးစဉ်အတွက် လိုအပ်တဲ့ပစ္စည်းတွေကို မော်လမြိုင်နဲ့ဆက်သွယ်ပြီး ကသောကမြော စုဆောင်းပြင်ဆင်ခဲ့ရတယ်။ အဲဒီချောင်းဆုံခရီးစဉ် အတွေ့အကြုံလေးကို အဘကို ပြောပြချင်တာနဲ့ပဲ ဒီစာကိုရေးလိုက်ရတာပါ။

ဇွန် ၆ ရက် မနက် ၇ နာရီခွဲမှာ ရွှေပါရမီအဖွဲ့ဝင်တွေ၊ ဆရာဝန်ဆရာမတွေ၊ MRTV-4၊ မြဝတီ၊ SKY NET နဲ့ မီဒီယာအဖွဲ့သားစုစုပေါင်း ၅၈ ဦးပါဝင်တဲ့ အဖွဲ့ဟာ စိန်မြား Expess ကားကြီးနဲ့ ရန်ကုန်ကနေ မော်လမြိုင်ကိုထွက်ခွာခဲ့ကြပါတယ်။ မော်လမြိုင်က အထူးကုဆရာဝန်အဖွဲ့ဝင် ၅၀ ကျော်ကလည်း အသင့်စောင့်နေပြီဖြစ်သလို ဒေါက်တာစောသွင်မွန်သိန်းနဲ့ အဖွဲ့ကလည်း ပဲခူးကနေ ထွက်လာပြီလို့ အကြောင်းကြားလာပါတယ်။ မွန်းလွဲ ၂ နာရီမှာ မော်လမြိုင်ကို ရောက်တာနဲ့ စထရင်းဟိုတယ်နဲ့ အတ္ထရံဟိုတယ်တွေမှာတည်းခိုဖို့ စီစဉ်ပေးပါတယ်။

ရန်ကုန်ကပါလာတဲ့ မိုက်ခရိုစကုပ်တွေ၊ လူနာခွဲစိတ်ခုတင်တွေ၊ ထိုင်ခုံတွေ၊ ဆေးဝါးပစ္စည်းတွေကိုလည်း ချောင်းဆုံကိုကြိုတင်ပို့ဖို့ နေ့ချင်းစီစဉ်ကြပါတယ်။ ဇွန် ၇ ရက် မနက် ၆ နာရီမှာတော့ ကျွန်မတို့အားလုံးချောင်းဆုံကို ခရီးဆက်ခဲ့ကြပါတယ်။

သမိန်ဗရမ်း နှစ်ထပ်သင်္ဘောကြီးဟာ သံလွင်မြစ်ရဲ့ ရေပြင်ကျယ်ကို ထိုးခွဲခုတ်မောင်းလာစဉ်မှာတော့ ဘော်ရောင်ငွေရောင် လှိုင်းကြက်ခွပ်လေးတွေက စိန်ကြယ်ပွင့်လို တလက်လက်တောက်ပလို့နေကြတယ်။ သင်္ဘောကြီးရဲ့ ဘယ်ဘက်ကို ကြည့်လိုက်ရင် ရွှေရောင်အဆင်းနဲ့ဝင်းပလို့နေတဲ့ စေတီပုထိုးတွေတည်ရှိရာ မော်လမြိုင်ဘက်ကမ်း၊ ညာဘက်စူးစူးမှာတော့ စိမ်းညို့နေတဲ့တောအုပ်တောတန်းတွေနဲ့ ဘီလူးကျွန်းဘက်ကမ်း၊ လေတဖြူးဖြူး မိုးတအုံ့အုံ့အောက်မှာ အဲဒီကြည်နူးဖွယ်ရာ ပတ်ဝန်းကျင်အလှတွေက ကျွန်မကိုဖမ်းစားထားခဲ့ပါတယ်။

ဘီလူးကျွန်းချောင်းဆုံလို့ လူသိများတဲ့ဘီလူးကျွန်းဟာ မော်လမြိုင်အနောက်ဘက် ကပ္ပလီပင်လယ်ပြင်ကြီးထဲမှာ သံလွင်မြစ်ကိုဖြတ်ပြီး တည်ရှိနေတဲ့ကျွန်းဖြစ်ပါတယ်။ ဒီရေတောကြီးလိုဖြစ်နေတာကြောင့် လေပြင်းမုန်တိုင်းအန္တရာယ်က ကင်းဝေးစေဖို့ သဘာဝကဖန်တီးပေးထားတဲ့ အကာအကွယ်တစ်ခုလို့ ပြောရမှာပါ။

ချောင်းဆုံမြို့နယ်ထဲမှာ ဘီလူးကျွန်း၊ ဟသ်ာကျွန်း၊ ဒေါက်ရပ်ကျွန်းနဲ့ မြေနုကျွန်းငယ်တွေပါဝင်ပြီး လက်ရှိမှာမြို့နယ်ပေါင်း ၈၇ မြို့နယ်ရှိပြီး မွန်လူမျိုးတွေ အများဆုံးနေထိုင်ရာဒေသဖြစ်ပါတယ်။ ဟိုအရင်တုန်းက ဘီလူးကျွန်းဒေသဟာ ကျေးရွာပေါင်း ၆၄ ရွာရှိခဲ့ပြီး အဲဒီခေတ်ငွေကြေးလဲလှယ်နှုန်းက တစ်ကျပ်မှာ ၆၄ ပြားရှိလို့ ဘီလူးကျွန်းကို 'တစ်ကျပ်ကျွန်း'လို့လည်း ခေါ်ခဲ့ကြတယ်လို့ ဆိုပါတယ်။ ဘီလူးကျွန်းလို့ ဘာလို့ခေါ်လဲဆိုတဲ့အဆိုတွေက ငါးမျိုးတောင်ရှိသတဲ့ အဘရေ။ ရာဇဝင်ဆိုတာတော့ ပါးစပ်ရာဇဝင်ရော၊ ဒဏ္ဍာရီဆန်ဆန်တွေရော ရှိကြမှာပေါ့။ လက်ခံနိုင်ခြေရှိတာတော့ ဘီလူးကျွန်းကို မွန်ဘာသာနဲ့ 'တကော့ခမွိုင်'လို့ခေါ်ပြီး တကော့ဆိုတာ 'ကျွန်း'၊ ခမွိုင်ဆိုတာ 'ခမောင်းပင်'လို့ အဓိပ္ပာယ်ရပါတယ်။ နောက်အဆိုတစ်ခုကတော့ 'တကော့ခမွိုင်'ဆိုတဲ့အမည်က ဆင်းသက်လာတယ်လို့ ဆိုတယ်။ တကော့ဆိုတာ 'ကျွန်း' 'ခမွိုင်'ဆိုတာ စမင်းလူမျိုးလို့ ဆိုပါတယ်။ စမင်းလူမျိုးတွေဟာ ဟိုးယခင်က အဲဒီကျွန်းပေါ်မှာနေထိုင်ခဲ့ကြပြီး အဝတ်အစားမရှိ၊ နှုတ်ခမ်းထူ၊ ဆံပင်ကောက်၊ အသားမည်း၊ ရေကူးသန်၊ ခက်ထန်ကြမ်းတမ်း၊ ဘီလူးနဲ့တူလို့ အဲဒီကျွန်းကို ယက္ခကျွန်း၊ ဘီလူးကျွန်းလို့ ခေါ်ဆိုခဲ့ကြကြောင်း ဗဟုသုတရခဲ့ပါတယ်။

သင်္ဘောကြီးပေါ်မှာတော့ ဇာတ်အဖွဲ့ကြီးတစ်ခုလိုပဲ ပျော်စရာကြီးပေါ့။ ဆရာကြီးပါမောက္ခ ဒေါက်တာဦးအောင်ခင်၊ ပါမောက္ခဒေါက်တာဦးမျိုးမင်း (ENT)၊ မမဒေါက်တာဒေါ်ခင်မေအုန်း၊ ဒေါက်တာဦးခင်မောင်တင် (ENT)၊ ဒေါက်တာဒေါ်ခင်မျိုးသိန်း၊ ဒေါက်တာဒေါ်ခင်ညို (ENT)နဲ့ သွားဆရာဝန် ဒေါက်တာညီညီတို့အဖွဲ့ ၊ မော်လမြိုင်က ဒေါက်တာဦးစံလှတို့အဖွဲ့တွေအားလုံးဟာ ချောင်းဆုံကို ရောက်ရင်စတင်လှုပ်ရှားနိုင်ဖို့ ကိုယ့်အုပ်စုနဲ့ကိုယ် အစီအစဉ်တွေ ဆွဲနေကြပါတယ်။ ကျွန်မတို့မျက်စိအဖွဲ့ကတော့ ဒေါက်တာဥမ္မာရီက ချောင်းဆုံကိုနှစ်ရက်ကြိုသွားပြီး OPD လူနာ ၁၆၀၀ လောက်ကိုကြည့်ထားခဲ့ပြီး အတွင်းတိမ်လူနာ ၂၅၇ ဦးကို အသင့်ရွေးချယ်ထားပြီးဖြစ်လို့ စိတ်အေးလက်အေးနဲ့ပဲ မော်လမြိုင် မြို့မိမြို့ဖတွေဖြစ်တဲ့ ဦးလှရှိန် (ရွှေမြိုင်စတားကုမ္ပဏီ)၊ ဦးခင်အောင် (ဘိုးဘွားရိပ်သာဥက္ကဋ္ဌ)တို့နှင့် စကားလက်ဆုံကျနေခဲ့ပါတယ်။

အခု ကျွန်မတို့ အဓိကကျန်းမာရေးစောင့်ရှောက်မှုပေးမယ့် နေရာကတော့ ချောင်းဆုံဆေးရုံမှာ ဖြစ်ပါတယ်။ သင်္ဘောကြီးက နတ်မော်ဆိပ်ကိုဆိုက်တာနဲ့ လာကြိုနေကြတဲ့ကားတွေ အများကြီးတွေ့ရပါတယ်။ ကျွန်မတို့အဖွဲ့ဟာ မြို့တော်ခန်းမမှာ 'ဖွင့်ပွဲအခမ်းအနား'ကျင်းပနေတာကိုမတက်တော့ဘဲ ဆေးရုံရှိရာကိုပဲ တန်းလာခဲ့ကြတယ်။ ရောက်တာနဲ့ မိုက်ခရိုစကုပ်တွေဆင်ကြ၊ ပစ္စည်းတွေနေရာချ၊ ရန်ကုန်နဲ့ မော်လမြိုင်ကနေ ခွဲစိတ်ကိရိယာတွေ၊ အဝတ်တွေကို တစ်ခါတည်းပေါင်းလာခဲ့တာမို့ ချက်ချင်းခွဲလို့ရတာနဲ့ လူနာတွေကို သူငယ်အိမ်ချဲ့၊ မျက်နှာသစ်၊ သန့်ရှင်းရေးတွေ လုပ်ပေးပြီး လုပ်ငန်းစတင်ပါတော့တယ်။ မွန်းတည့် ၁၂ နာရီမှာ ခွဲခန်းစတင်နိုင်ပြီး ဒေါက်တာဥမ္မာရီရယ်၊ ကျွန်မရယ်၊ ဒေါက်တာစောသွင်မွန်သိန်းရယ် တက်ညီလက်ညီခွဲလိုက်ကြတာ ည ၁၁ နာရီမှာ အတွင်းတိမ် ၇၃ ဦးကို အောင်မြင်စွာ ခွဲစိတ်ပေးနိုင်ခဲ့ပါတယ်။ နောက်တစ်နေ့မှာ ခွဲစိတ်ဖို့အတွက် ခွဲစိတ်ကိရိယာတွေ ဆေးကြော၊ ပေါင်းအိုးတွေ ပြန်ပြင်ပြီးတဲ့အချိန် ည ၁၂ နာရီခွဲဖြစ်သွားပါပြီ။ ကျွန်မတို့ တည်းရမယ့် တောင်ပေါ်ကျောင်းကို ရောက်တော့ ညဉ့် ၁ နာရီဖြစ်နေပါပြီ။ အဲဒီအချိန်ကျမှာပဲအနားယူဖို့ ပြင်ဆင်ရပါတယ်။ တောင်ပေါ်ကျောင်းက မုရစ်ကြီးကျေးရွာမှာ ရှိတဲ့ တရားရိပ်သာတစ်ခုဖြစ်ပြီး မဟာစည်၊ ကမ္မဋ္ဌာနာစရိယဆရာတော် ဦးသောဘနနဲ့ ရိပ်သာအဖွဲ့က အဘက်ဘက်က လိုလေသေးမရှိအောင် စီစဉ်ပေးထားတာမို့ ဘုရားရိပ်၊ တရားရိပ်မှာ ခေတ္တနားခိုခွင့်ရတဲ့အတွက် စိတ်ကြည်နူးချမ်းမြေ့ခဲ့ရပါတယ်။ ၈ ရက်နေ့ မနက် ၆ နာရီမှာ မင်းကျောင်းမှာ နံနက်စာစားပြီးတာနဲ့ မင်းကျောင်းဆရာတော် ဦးသံဝရကို ဦးတင်နှုတ်ဆက်ပြီး ဒေါက်တာဥမ္မာရီက ခွဲပြီးလူနာတွေကို ပြန်စစ်ဆေးဖို့ လူနာတွေတည်းခိုရာ အထက်တန်းကျောင်းကို သွားပါတယ်။ ကျွန်မနဲ့ဒေါက်တာစောသွင်မွန်သိန်းက ခွဲစိတ်ခန်းဆီသွားပြီး ကျန်ရှိနေတဲ့လူနာတွေကို ဆက်ပြီးခွဲစိတ်နိုင်ဖို့ ပြင်ဆင်ရပါတယ်။

အဘရေ-နောက်ဆိုရင် ကျန်းမာရေးစောင့်ရှောက်မှုဖောင်ဒေးရှင်းတွေ၊ အသင်းအဖွဲ့တွေအနေနဲ့ ခရီးတစ်ခုကို သွားတော့မယ်ဆိုရင် ခွဲစိတ်ခန်းထဲမှာပြင်ဆင်ဖို့ရက်ကို ထည့်တွက်ဖို့ လိုပါတယ်။ ခွဲစိတ်ခန်းထဲမှာ ရေ၊ မီး၊ အဲယားကွန်းတွေ ကောင်းမကောင်း၊ အေးမအေး၊ ခွဲစိတ်ခန်းဟာ ပြင်ပအလင်းရောင်နဲ့ လင်းနေလို့မရဘူး။ လိုက်ကာ အရောင်ရင့်ရင့်နဲ့ ကာပေးထားရမယ်။ ခွဲတော့မယ်ဆိုမှ ဒါတွေလိုက်စစ်နေရရင် အချိန်သိပ်ကုန်တယ်။ ခွဲစိတ်ခန်းဟာ ပိုးသတ်ထားပြီးဖြစ်တာမို့ အဲဒီအချိန်ကျမှ ပြင်ဆင်ပေးမယ်ဆိုရင် ခွင့်ပြုလို့မရဘူး။ လူဝင်လူထွက်များလို့ မရတော့ဘူး။ အဲဒီအချက်တွေကို အသင်းအဖွဲ့ရဲ့ တာဝန်ရှိသူတွေ၊ အလှူရှင်တွေသိထားပြီး ပြင်ဆင်ပေးနိုင်ရင် ပြီးပြည့်စုံတဲ့ခရီးစဉ်တစ်ခုဖြစ်မယ်လို့ စေတနာစကားဆိုချင်ပါတယ်။

ဒီတော့လည်း အဘရေ ဟိုတုန်းကခရီးစဉ်တွေကို ပြန်ပြီးသတိရနေမိတယ်။ စစ်တွေ၊ သံတွဲ၊ မင်းပြား၊ ကျောက်ဖြူ၊ တောင်ကုတ်၊ မြောက်ဦး စတဲ့ရခိုင်ခရီးစဉ်တွေ၊ ရေနံချောင်း၊ ပခုက္ကူ၊ ညောင်ဦး၊ ကျောက်ပန်းတောင်း၊ တောင်သာ၊ မလှိုင်စတဲ့ အညာခရီးစဉ်တွေ၊ ဖျာပုံ၊ ကွမ်းခြံကုန်း၊ ညောင်ကျိုး(အင်ပူ)၊ လေးမျက်နှာ၊ လှိုင်လင် အဲဒီခရီးစဉ်တွေကတော့ ဘယ်တော့မှမမေ့နိုင်တဲ့ ကျွန်မဘဝရဲ့မှတ်တိုင်တွေလို့ ပြောရမှာပါ။ ကောင်းတာလုပ်တာပေမယ့် အခက်အခဲအတိုက်အခိုက်အမျိုးမျိုး၊ ဝေဖန်မှုအမျိုးမျိုးကြားကနေ ပညာလုပ်အားတစ်ခုသာပိုင်ဆိုင်တဲ့ ကျွန်မတို့ဟာ ပြည်သူတွေအလင်းရဖို့ဆိုတဲ့ ရည်ရွယ်ချက်တစ်ခုတည်းနဲ့ပဲ ရဲရဲကြီးလျှောက်ခဲ့ရတဲ့လမ်းတွေပေါ့။ အဲဒီတုန်းကတော့ မျက်စိသီးသန့်ခရီးစဉ်တွေဖြစ်ခဲ့ပြီး ခရီးတစ်ခုသွားတော့မယ်ဆိုရင် စီမံချက်တွေရေးပြီး သက်ဆိုင်ရာမြို့နယ်ဆီကို တစ်လကြိုပြီးသွားရတယ်။ အာဏာပိုင်အဖွဲ့အစည်းတွေ၊ မြို့မိမြို့ဖ၊ ဆေးရုံရဲ့ဝန်ထမ်းတွေ၊ မီးသတ်၊ ကြက်ခြေနီ၊ မိခင်ကလေး၊ အမျိုးသမီးရေးရာကစလို့ အသင်းအဖွဲ့တွေအားလုံးနဲ့တွေ့ဆုံပြီး အသီးသီးတာဝန်တွေ ခွဲဝေပေးကြတယ်။ အရေးကြီးဆုံးက သက်ဆိုင်ရာဆေးရုံရဲ့ ခွဲစိတ်ခန်းဟာ စံချိန်စံညွှန်းနဲ့ ကိုက်ညီ၊ မညီ ကျွန်မတို့အဖွဲ့မလာခင် အနည်းဆုံးတစ်ပတ်ကြိုတင်ပြီး ပိုးသတ်ထားဖို့၊ လိုအပ်တဲ့ပစ္စည်းတွေထည့်ထားဖို့ မြို့နယ်ဆရာဝန်ကြီးနဲ့ အရင်ဆုံးတိုင်ပင်ဆွေးနွေးရတယ်။ အဲဒီနောက်မှာမှ လူနာစုဆောင်းဖို့ ဥပမာ- မြို့နယ်ဆေးရုံရဲ့ လေးလပတ်အစည်းအဝေးကိုလာတက်တဲ့ အခြေခံကျန်းမာရေးဝန်ထမ်းတွေ၊ သားဖွား၊ အရန်သားဖွားဆရာမတွေကို သူတို့ပိုင်တဲ့ကျေးရွာတွေမှာ ကျွန်မတို့အဖွဲ့လာမယ်ဆိုတဲ့အကြောင်းကြားစာတွေ ဝေငှခိုင်းရတယ်။ လမ်းဆုံလမ်းခွ သင်္ဘောဆိပ်၊ လှေဆိပ်နဲ့ ဈေးတွေမှာ ကြော်ငြာတွေကပ်ရတယ်။ (လှိုင်လင်မှာဆို တစ်အိမ်တက်ဆင်းကို အသိပေးအကြောင်းကြားခဲ့ဖူးပါတယ်)ပြီးရင် လူနာတွေကိုကြိုပို့လုပ်ဖို့ ကား၊ လှေ၊ လှည်း၊ ထော်လာဂျီ၊ ဒီဇယ်ဆီစသည်ဖြင့် စီစဉ်ပေးရပါတယ်။ လူနာတွေညအိပ်တည်းခိုဖို့ စာသင်ကျောင်းတွေ၊ ဘုန်းကြီးကျောင်းတွေကို ရှာဖွေရတယ်။ အလှူရှင်ကတတ်နိုင်ရင် လူနာတွေကို ထမင်းကျွေးဖို့ တာဝန်ယူရတယ်။ အဝေးကလာတဲ့ လူနာတွေ ၊ လူနာစောင့်တွေ စားရေးအဆင်ပြေစေဖို့ ဆေးရုံရှေ့မှာ ဈေးဆိုင်တွေ ဖွင့်ပေးရတယ်။ အဲဒီဈေးဆိုင်တွေကနေ ဝမ်းပျက်ဝမ်းလျှောရောဂါထပ်မရစေဖို့၊ ယင်မနားစေဖို့၊ သန့်ရှင်းစွာရောင်းချဖို့၊ အမြတ်နည်းနည်းနဲ့ရောင်းဖို့ ဈေးဆိုင်တွေကိုခေါ်ပြီး ပညာပေးရတယ်။ တချို့နေရာတွေမှာ NGO အဖွဲ့အစည်းတွေကို တာဝန်ယူရောင်းချစေခဲ့တယ်။ ဆေးရုံမှာရှိတဲ့ အိမ်သာနဲ့ လူနာ၊ လူနာစောင့်မမျှတတော့ ယင်လုံအိမ်သာ အလုံး ၂၀ လောက် အလှူရှင်က ဆောက်ပေးခဲ့ရသေးတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ခရီးစဉ်တစ်ခုပြီးသွားရင် အဲဒီဆေးရုံဟာ သစ်လွင်ပြည့်စုံပြီး ကျန်ရစ်ခဲ့တာချည်းပါပဲ။ အဲဒီနောက်မှာမှ ရောက်လာမယ့် ဆရာဝန်အဖွဲ့ကို ဧည့်ခံကျွေးမွေးဖို့၊ OPD တာဝန်ခံ၊ ခွဲစိတ်ခန်းတာဝန်ခံစသည်ဖြင့် အဖွဲ့တွေဖွဲ့ရတယ်။ ခွဲစိတ်ကိရိယာတွေကို ရေသန့်နဲ့ပဲ ပြုတ်ရပေါင်းရတာမို့ ရေသန့်ဘူးတွေ စီစဉ်ရတယ်။ တချို့နေရာဆို ALPINE ဘူးတွေကို ရန်ကုန်ကနေသယ်ယူရတယ်။ တချို့ရေတွေက ထုံးဓာတ်များတော့ ခွဲစိတ်ကိရိယာတွေကို ပြုတ်ရင်၊ ပေါင်းရင် ရေချိုးတွေကပ်တတ်တယ်။ တောင်သာမှာတော့ အလှူရှင်ကဆေးရုံကို ရေသန့်စက်ကြီးတစ်ခု လှူဒါန်းခဲ့တယ်။ ခွဲစိတ်ပြီးနောက်တစ်နေ့ အဲဒီလူနာတွေကို မျက်စိသန့်ရှင်းရေးလုပ်၊ အမြင်အားစမ်းသပ်စစ်ဆေးပြီး ရှောင်ရန်၊ ဆောင်ရန်တွေပြောဖို့ မဏ္ဍပ်ထိုးပြီး ကုလားထိုင်တွေအပြည့်စီထားပေးရတယ်။ ဖုန်မထဖို့ ညကတည်းက ရေဖျန်းခိုင်းထားရတယ်။ မိုက်ခရိုဖုန်းတွေ၊ အခမ်းအနားစင်မြင့်တွေ ဆင်တန်ဆင်ရတယ်။ ခွဲပြီးတဲ့ လူနာတွေကို နီးစပ်ရာမျက်စိဆရာဝန်နဲ့အပ်နှံပေးရတယ်။ မရှိရင် မြို့နယ်ဆရာဝန်ကြီးကိုအပ်ပြီး အရေးကြီးတဲ့ လက္ခဏာတွေ့ရင် ကျွန်မတို့ဆီဆက်သွယ်ဖို့မှာရတယ်။

အမလေး အဘရေ- ပြောရတာနဲ့တောင် မောလိုက်တာ၊ လက်တွေ့သာဆိုရင် တွေးသာကြည့်ပါတော့။ အဲဒါတောင် မပြီးသေးဘူး၊ ကျန်သေးတယ်။ ဘာသာစကားအခက်အခဲရှိတဲ့နေရာဆိုရင် OPD ဆရာဝန်ရဲ့ စားပွဲဘေးမှာ ဒေသခံတွေထားပြီး ဆရာဝန်ရှေ့လူနာမြန်မြန်ရောက်ဖို့၊ မေးတာမြန်မြန်ဖြေဖို့ လောဆော်ရတယ်။ ခွဲခန်းဆီပို့ဖို့၊ ဆီးချိုစစ်၊ သွေးပေါင်ချိန်၊ သူငယ်အိမ်ချဲ့ မျက်စဉ်းခတ်ဖို့ သတ်မှတ်ထားတဲ့ နေရာတွေဆီပို့နိုင်ဖို့ မီးသတ်၊ ကြက်ခြေနီတွေရဲ့ အကူအညီလည်းယူရသေးတယ်။ အဲဒီလို အဘက်ဘက်က မလိုအောင်စီစဉ်ထားမှ ခရီးစဉ်တစ်ခုဟာ အောင်မြင်မှုတွေရတာပါ အဘရယ်။

အခုခရီးစဉ်မှာလည်း လာပြတဲ့ပြည်သူတွေ တစ်လှေတစ်အုပ်ကြီးရယ်၊ လာကုပေးကြတဲ့ ဆရာဝန်အဖွဲ့တွေကို ချိန်ခွင်မှာချိန်ထိုးကြည့်ပြီး လူများလို့မှ ပွဲစည်ပါရဲ့လား။ ရလဒ်ကောင်းတွေ ဘယ်လောက်များရလိုက်ပါသလဲ။ ကျွန်မတို့ရဲ့ စွမ်းဆောင်မှုဟာ အားကိုးခံအားကိုးထိုက်သူတွေမှ ဖြစ်ခဲ့ပါရဲ့လားဆိုပြီး အရှုံးအမြတ်ကို ကျွန်မဘာသာထိုင်တွက်နေမိသေးတယ်။ ဟော အဲဒီလိုကြည့်ပြန်တော့လည်း အဖြေကရှင်းနေသားပဲ။ အခုလို ရွှေပါရမီခရီးစဉ်မျိုးကို ဘယ်အသင်းအဖွဲ့မှ မလုပ်နိုင်ပေဘူးလို့ ဘက်မလိုက်တမ်းပြောရမှာပဲ။ ရောဂါမှန်သမျှ ကုနိုင်တဲ့ဆရာဝန်၊ ဆရာမတွေကို စုစည်းခေါ်ဆောင်နိုင်ခဲ့တာကတော့ ဩချလောက်ပါရဲ့။ အခုပဲကြည့်လေ။ စာရင်းချုပ်လိုက်ရင် ချောင်းဆုံမှာ စုစုပေါင်း လူနာ ၈၂၈၉ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့တယ်။ မျက်စိလူနာ ၃၀၁၁ ဦး၊ အထွေထွေ ၂၀၇၈ ဦး၊ အရိုး ၁၂၄၉ ဦး၊ သွားလူနာ ၅၄၁ ဦး၊ သားဖွားမီးယပ် ၁၃၁ ဦး၊ အရေပြား ၁၆၇ ဦး၊ နားနှာခေါင်းလည်ချောင်း (၇၈၇ ဦးမှာ ၂၅ ဦးကို ခွဲစိတ်ပေးခဲ့)၊ ကလေးလူနာ ၂၄၈ ဦး၊ ခွဲစိတ်လူနာ ၇၇ ဦးတို့ကို ကုသမှုတွေပေးနိုင်ခဲ့ကြသလို ရွှေပါရမီရဲ့လှူဒါန်းမှုတွေကလည်း အံ့မခန်းပါပဲ။ လူနာတွေကို ထမင်းလည်းကျွေး၊ အဝတ်လည်းဆင်၊ ခွဲခန်းထဲဝင်လာတဲ့အဘတွေဆို အားကစားဘောင်းဘီရှည်အပျော့လေးတွေ စွပ်ကျယ်အသစ်လေးတွေနဲ့၊ အမေကြီးတွေကဆို အင်္ကျီအသစ် အသင့်ချုပ်ပြီးထဘီအသစ်တွေနဲ့ဝင်လာကြတာ ယိမ်းတိုက်ထားသလိုပဲ။ လူနာရော၊ လူနာစောင့်ရော ဖော့ဘူးထဲမှာ ထမင်းနဲ့ဟင်းထည့်ပေးပြီး ဝေငှတာဆိုတော့ 'ဘာလို သေးလဲ'လို့ပဲ အော်ရတော့မယ်။ အဲဒီပါရမီတွေကိုဆက်ပြီး ဖြည့်စွမ်းနိုင်ကြပါစေလို့ပဲ ဆုတောင်းပေးနေမိတယ်။ အဖွဲ့အစည်းတစ်ခု၊ အသင်းအဖွဲ့တစ်ခု တင်းပြီး တောင့်ခံနိုင်ဖို့ဆိုတဲ့ အချက်တွေအများကြီးရှိတယ်။ အဘရေ၊ ရုပ်ဝတ္ထုပစ္စည်းဥစ္စာ ပြည့်စုံချမ်းသာရုံနဲ့မပြီး၊ အဲဒီအဖွဲ့သားတွေရဲ့ စိတ်စွမ်းအင်ပြည့်စုံမှုတွေလည်း လိုမှာပါ။ ငွေကြေးပြည့်စုံသူတွေဆိုတော့ မာန်မာနတွေ တော့ ရှိမှာပေါ့။ တစ်ခါတစ်ရံမှာ ဥစ္စာမာနရှင်နဲ့ ပညာမာနရှင်တွေ အားပြိုင်ကြတာမျိုးကိုလည်း ဒီလိုခရီးစဉ်တွေမှာ တွေ့ရတတ်သေးတယ်။ တချို့ခရီးစဉ်တွေဆိုရင် ခွဲစိတ် ကုသပေးတဲ့ဆရာဝန်တွေကို သူတို့ခိုင်းတိုင်းရတဲ့ ပုံစံမျိုးတွေနဲ့ဆက်ဆံကြလို့ ပြဿနာတွေနဲ့ပြန်လာကြတာ ဟိုအဖွဲ့နဲ့ဆို မလိုက်ဘူး။ ဒီဆရာဝန်နဲ့ဆို အဆင်မပြေဘူး။ စေတနာမပါဘူးဆိုတဲ့ အသံတွေလည်း ပြန်ကြားနေရတာပဲ။ တကယ်တော့လည်း ကိုယ်လုပ်ရမယ့်အလုပ်ကို အကောင်းဆုံးလုပ်ပေးသွားကြမယ်ဆိုရင် အရာရာပြေလည်သွားမှာပါ။ ဘာပဲဖြစ်ဖြစ် အဘရေ ချောင်းဆုံမှာတော့ ဒီအသံတွေ မကြားခဲ့ရပါဘူး။ 'လူ့အလိုကို နတ်မလိုက်နိုင်ဘူး'လို့ဆိုပေမယ့် ကျွန်မတို့ အားလုံးရဲ့ အလိုကို ရွှေပါရမီကလိုက်နိုင်လို့ အားလုံးရဲ့ကိုယ်စား ကျေးဇူးတွေတင်နေမိတယ်။

လိုက်လာကြတဲ့ဆရာဝန်တွေအားလုံးကလည်း တန်ဖိုးရှိလှတဲ့အချိန်ကို ဉာဏ်စွမ်းရောကိုယ်စွမ်းရောစိုက်ထုတ်ပြီး အကျိုးရှိရှိပေးဆပ်နိုင်ကြတယ်။ သည်းခံနိုင်စွမ်းတွေလဲ ရှိကြတယ်။ အတော်လေးစားအတုယူဖို့ကောင်းတဲ့ ဆရာကြီး ဆရာမကြီးတွေလည်း ပါလာတယ်။ ကျွန်မမှာတော့ ထုံးစံအတိုင်း စေတနာဇော၊ အလုပ်ဇောတွေကပ်ပြီး ပွစိပွစိနဲ့ ပြောမိဆိုမိလောမိတာပဲ။ ဖြစ်လိုသမျှ အရာရာစိတ်တိုင်းကျ မဟုတ်တဲ့အခါ 'ယောနိသောမနသီကာရ'လို့တော့ နှလုံးသွင်းထားပါတယ် အဘရယ်။ ဒီလိုခရီးတွေသွားရင်းနဲ့ 'ခန္တီပရမံ တပေါ တီ တိ က္ခာ၊ နိဗ္ဗာနံ ပရမံ သုခံ ဝဒန္တာဗုဒ္ဓါ' သည်းခံခြင်းသည်မြတ်သောအကျင့်၊ နိဗ္ဗာန်သည် အမြတ်ဆုံးချမ်းသာဆိုတဲ့ မြတ်စွာဘုရားရဲ့အဆုံးအမကို အမြဲနှလုံးသွင်းတယ်ဆိုတာတော့ ယုံကြည်ပါအဘရယ်။ 'ဆန္ဒကို သိက္ခာနှင့် ထိန်းပါ' ဆိုတဲ့ စိန်မြား Express ကားပေါ်ကစာတန်းလေးလည်း ကျွန်မနှလုံးသားမှာ စွဲငြိနေပြီး ထာဝရမှတ်သားစရာစကားလေးအဖြစ် ရင်ထဲမှာရှိနေမယ်လို့ ထင်ပါတယ်။

ဒါပေမယ့်လေ လက်ရှိအခြေနေမှာ ခေတ်စနစ်တွေ မူဝါဒတွေပြောင်းလဲလာခဲ့ပြီ။ အရင်ကလိုကျွန်မတို့ တစ်တွေ ရန်ကုန်ကမျက်စိဆရာဝန်တစ်လှေကြီးနဲ့ ခုတင် ၁၀ လုံးမှာ မိုက်ခရိုစကုပ် ၁၀ လုံး၊ လူနာ ၁၀ ယောက်တစ်ပြိုင်နက်ခွဲပြီး တစ်နေ့လူနာ ၂၀၀-၃၀၀၊ ခရီးစဉ်တစ်ခု လူနာ ၅၀၀ ကနေ ၇၀၀ ထိခွဲနိုင်ပြီး အောင်ပွဲအခမ်းအနားတွေ ခြိမ့်ခြိမ့်သဲကျင်းပနိုင်တယ်ဆိုတာတွေက အတိတ်မှာကျန်ခဲ့ရပြီ။ လက်ရှိ ပေါ်လစီအရ သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်ကမျက်စိဆရာဝန်တွေ စုစည်းပြီး အဲဒီဒေသတွင်းကလူနာတွေကို ဒေသခံအာဏာပိုင်အဖွဲ့အစည်းနဲ့ ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ဖို့ မူဝါဒတွေချမှတ်ထားတယ်လေ။ ဒါပေမယ့် ကျန်းမာရေးဝန်ကြီးဌာနရဲ့ စီမံခွင့်ပြုမှုအောက်မှာ ကျန်းမာရေးဝန်ထမ်းတွေရဲ့ အင်အားကိုပဲသုံးရတာဖြစ်တယ်လို့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ပြယုဂ်၊ အလုပ်၊ ပုံရိပ်တွေသာဖြစ်ရပါတယ်။ ဒီတော့ ကျွန်မတို့တစ်တွေ တစ်နိုင်ငံလုံးလှည့်လည်သွားဖို့ မလိုအပ်တော့ဘူး၊ ကျွန်မတို့တွေ ၂၀၀၀ခုနှစ်ကစပြီး ၂၀၁၀ ထိအရှိန်အဟုန်ပြင်းပြင်းနဲ့ ခွဲစိတ်နိုင်ခဲ့လို့ (CSR) လို့ခေါ်တဲ့ အတွင်းတိမ်ခွဲစိတ်မှုနှုန်းထားတွေ အံ့မခန်းမြင့်တက်ခဲ့တာ ဂရပ်မှာကြည့်ရင် သိနိုင်ပါတယ်၊ ကျွန်မကြွားဝါပြောတာ မဟုတ်ရပါဘူး၊အခုတော့ အဘရယ် ဒေသခံမျက်စိဆရာဝန်ဆိုတာ ရှိလှ တစ်ဦး၊ နှစ်ဦးပေါ့ ၊ ရခိုင်မှာဆို ပြည်နယ်တစ်ခုလုံးမှ နှစ်ဦးတည်းရှိတာ၊ တိုင်းဒေသကြီးနဲ့ပြည်နယ် မျက်စိဆရာဝန်တွေကို စုရင်တောင် ငါးယောက်လောက်ပဲရှိမှာဆိုတော့ သူတို့ခမျာလည်း လူစုလူဝေးကြီးကို တစ်ပြိုင်တည်း ခွဲပေးဖို့မလွယ်သလို ဆေးရုံရဲ့ကိုယ်ပိုင်လူနာတွေနဲ့ တာဝန်ဝတ္တရားတွေကလည်း ရှိသေးတော့ တဖြည်းဖြည်းချင်း ခွဲစိတ်ပေးရမှာမို့ ကျွန်မတို့လိုချင်တဲ့ CSR နှုန်းထားဂရပ်ဟာပိုမြင့်လာမလား၊ ပိုကျသွားမလားဆိုပြီး ကျွန်မရဲ့ ဦးနှောက်သေးသေးနဲ့ ပူပူပန်ပန် တွေးနေမိသေးတယ်။

တကယ်တော့ ခွဲစိတ်နိုင်တဲ့ ဦးရေအရေအတွက်ထက်၊ ခွဲစိတ်မှုရဲ့ အောင်မြင်မှုရလဒ်ကသာအဓိကပါ အဘရယ်။မျက်စိမှာက ' ကြား' ဆိုတာမရှိဘူးလေ။ မြင်ခြင်းနဲ့ မမြင်ခြင်းပဲရှိတာ။ မှားပြီဆိုပြီး ဘွာခတ်လို့မရဘူး ၊ ခွဲစိတ်မှုအောင်မြင်ခြင်းရဲ့ ရလဒ်ဆိုတဲ့ နေရာမှာ နံပါတ်(၁)က ဆရာဝန်ရဲ့ကျွမ်းကျင်မှုက အဓိကကျသလို နံပါတ်(၂)က လူနာရဲ့မျက်စိမှာ မူလကရေတိမ်ရောဂါ၊ ဆီးချို၊ သွေးတိုးကြောင့် အာရုံခံလွှာပျက်စီးနေသလား၊သွေးကြောပေါက်နေသလား၊ မြင်လွှာဗဟိုချက် ယိုယွင်းနေသလား၊ မြင်လွှာကွာနေသလား၊ မြင်လွှာဗဟိုချက်မှာ အမာရွတ်ဖြစ်နေသလား စတာတွေကို လူနာရွေးချယ်ကတည်းက သူငယ်အိမ်ချဲ့၊ရေချိန်တိုင်းပြီး သေချာစိစစ်ရွေးချယ်ထားရမှာမို့ အချိန်ပေးဖို့လိုတယ်။ နံပါတ်(၃) ကတော့ ခွဲစိတ်နေစဉ် လူနာရဲ့လိုက်နာနိုင်မှုအနေအထား (ငြိမ်ငြိမ်မနေတာ၊ ခွဲနေတုန်း ခေါင်းရမ်းပစ်တာ၊ထထိုင်တာ၊ ချောင်းဆိုးတာ၊ စကားမပေါက်တာ၊ ခွဲပြီးနောက်မှာလည်း ဆောင်ရန်ရှောင်ရန်တွေကို လိုက်နာမှုရှိ၊ မရှိ၊ ထိခိုက်ဒဏ်ရာရမှု ရှိ၊ မရှိ) အဲဒီအချက်တွေပေါ်မှာ မူတည်နေပါတယ်။

ချောင်းဆုံမှာဆိုရင် အတွင်းတိမ်နဲ့ ရေတိမ်ရောနေတဲ့ လူနာတွေကို တွေ့ခဲ့ရပြီး အတော်သတိထား၊ ဆေးသွင်းပြီး ခွဲစိတ်ခဲ့ရပါတယ်။ ရေတိမ်ကိုမျက်စဉ်းဆေးဝါးနဲ့ အရင်ကု၊ ပြီးမှရေတိမ်ကိုခွဲစိတ်၊ နောက်မှအတွင်းတိမ်ကို ခွဲစိတ်မယ်ဆိုရင် ရလဒ်က ပိုကောင်းမှာပါ။ အခုတွေ့ခဲ့ရတဲ့ ရေတိမ်ကထောင့်ကျယ်ရေတိမ်ဖြစ်ပြီး ဘယ်အချိန်ကတည်းက ရေတိမ်ဝင်နေလဲဆိုတာမသိတော့ မြင်ကွင်းကပျက်နေပြီ။ ပိုက်လုံးခေါင်းလောက်ပဲ အမြင်အားကျန်တော့တာဆိုတော့ ခွဲစိတ်ပြီးလည်း ရလဒ်က မကောင်းနိုင်ဘူး၊ ဒီတော့နောက်တစ်ဖက်ကို အချိန်မီကုသမှုခံယူနိုင်ဖို့ ပညာပေးခဲ့ရပါတယ်။ အဲဒီလိုနဲ့ပဲ ချောင်းဆုံမြို့နယ်ထဲက ကျေးရွာတွေဖြစ်တဲ့ မုရစ်ကြီး၊ မုရစ်ကလေး၊ ကမာကေး၊ ကညော်မုဒွန်း၊ ရွာလွတ်၊ ကလော့၊ ကွမ်ရိုက်၊ နှီးမုတ် စတဲ့ ရွာတွေက လူနာတွေ အတွင်းတိမ် ၁၈၀၊ မျက်သားတက်လူနာငါးဦးကို ခွဲစိတ်ပေးနိုင်ခဲ့တယ်၊ ထုံးစံအတိုင်း အတွင်းတိမ်လူနာက ကျန်ခဲ့တာပါပဲ။ အဲဒီကျန်နေတဲ့ လူနာတွေကို ဒေါက်တာဥမ္မာရီက ဆက်လက်တာဝန်ယူခွဲစိတ်ပေးမှာမို့ စိတ်အေးရပါတယ်၊ ဒ့ါအပြင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်နဲ့တာဝန်ရှိသူတွေကလည်း ကျွန်မတို့အဖွဲ့ကို လာရောက်အားပေးခဲ့ကြပြီး ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိက ကတော့ ခွဲစိတ်ခန်းထိ အားပေးခဲ့တာကြောင့် အားတွေရှိခဲ့ပါတယ်။

အဘနဲ့ ဒီပယ်ရာကျောင်းမှာတွေ့တော့ အဘတို့ အညာဒေသကိုလည်း ပြန်ကြည့်ကြပါဦးလို့ ပြောခဲ့တာ ကျွန်မမမေ့ပါဘူး။ အဘရယ် ကျွန်မကရေနံချောင်းကြီး၊ နတ်မောက်သူပဲ၊ ကိုယ့်ဇာတိကို ဘယ်မေ့ပါ့မလဲ၊ ဒါပေမယ့် အဘတို့ကခေါ်တိုင်း၊ ကျွန်မတို့ကလာချင်တိုင်း လာလို့မရဘူးလေ။ နောက်တစ်ကြိမ် အညာခရီးစဉ်ရှိခဲ့ရင် အတွင်းတိမ်လည်းခွဲရင်းနဲ့ မျက်ခမ်းစပ်ရဲ့ နောက်ဆက်တွဲ (Trichiasis)လို့ခေါ်တဲ့ မျက်တောင်မွေးစိုက်လူနာတွေကိုလည်း ဖော်ထုတ်ကုသပေးမယ်ဆိုတာလေးလည်း လက်တို့လိုက်ပါဦးအဘရယ်။

မျက်စိအတွင်းတိမ်ဆိုတာကတော့ ဘယ်တော့မှကုန်သွားမှာမဟုတ်သလို ကျွန်မတို့ အသက်ရှင်ကျန်းမာနေသရွေ့ ၊ မအိုမနာသေးသရွေ့၊ ခေါင်းတုန်လည်တုန် မဖြစ်သေးသရွေ့ ပြည်သူတွေကို ကျွန်မတို့တတ်တဲ့ပညာနဲ့ ပေးဆပ်နေဦးမှာပါအဘရေ။

ဒီတော့လည်းအဘရေ- တိမ်ရိပ်ကင်းစင်၊ ကြည်ရွှင်ဝင်းပ၊ ထွန်းသစ်လပမာ၊ "တကော့ခမွိုင်" လို့ခေါ်တဲ့ ဘီလူးကျွန်းရဲ့ အလှတရားတွေကဖြင့် အလင်းတံခါးသစ်ရဲ့အဖွင့်မှာ ထင်လင်းစွာ ပေါ်ထွန်းလာခဲ့ရပြီပေါ့။ အဲဒီနောက်မှာတော့ ကျေးဇူးတင်ထိုက်သူများကို ကျေးဇူးစကားဆိုချင်မိပါတယ်။ ဦးစွာ ရွှေပါရမီတောရဆရာတော်၊ တောင်ပေါ်ကျောင်းဆရာတော် ၊ မင်းကျောင်းဆရာတော်သုံးပါးကို ဦးတင်လိုက်ရပါတယ်။ အဲဒီနောက်မှာ ကျွန်မတို့ကို တာဝန်ပေးစေလွှတ်ခဲ့တဲ့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသန်းညွှန့်နှင့်တာဝန်ရှိသူများ၊ ရွှေပါရမီအဖွဲ့မှ ဦးရှိန်ဝင်းနဲ့ အလုပ်အမှုဆောင်များ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးကျော်အောင်နှင့် ဆေးရုံဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားရင်းနဲ့ပဲ မွန်ပြည်နယ်ကြီးတစ်ခုလုံးသာမက ကျွန်မတို့ နိုင်ငံသူနိုင်ငံသားအားလုံး သင့်သင့်မြတ်မြတ်၊ ချစ်ချစ်ခင်ခင်၊ ကြင်ကြင်နာနာ၊ ကိုယ်ချင်းစာလျက်၊ သဒ္ဓါကြည်ဖြူကူညီစောင်မနိုင်ကြပါစေ၊ စိတ်သစ်လူသစ် အမြင်သစ်အတွေးသစ် စနစ်သစ်နဲ့ အတူ ငြိမ်းချမ်းသောလောကသစ်ကြီးဆီသို့ အရောက်လှမ်းနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ရပါတော့တယ်။ ။

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် လယ်ဝေးမြို့နယ် ချောင်းမငယ်ရေလှောင်တမံ တူးမြောင်းမကြီး မြေထိန်းအုတ်စီလုပ်ငန်း တည်ဆောက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၆

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် လယ်ဝေးမြို့နယ် ချောင်းမငယ် ရေလှောင်တမံ တူးမြောင်းမကြီး၏ အလျားပေ ၃၁၀၀၀ ကို မြေထိန်းအုတ်စီလုပ်ငန်း စနစ်တကျ တည်ဆောက်ပြီးစီးမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ရန်အောင်မြင်ဆည်ရေသောက်ဧရိယာတွင် စက်မှုလယ်ယာစနစ်ဖြင့် တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားသော အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး ဧက ၂၀၀ စိုက်ကွင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နှစ်စဉ်မြောင်းဝဲ၊ ယာရှိ လယ်ယာမြေ ဧကနှစ်သောင်း စိုက်ပျိုးရေမလုံလောက်မှု အခက်အခဲတွေ့ရှိနေမှုကို ဤမြောင်းမကြီးက ကူညီဖြည့်ဆည်းပေးနိုင်မည် ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဗောဓိကုန်းကျေးရွာအနီး နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် အဆင့်မြင့် စက်မှုလယ်ယာမြေဧက ၂၀၀ တိုးချဲ့ဖော်ထုတ်ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိရာ ဆည်မြောင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က လယ်ဝေးမြို့နယ် ဗောဓိကုန်း၊ ချောင်းကုန်း၊ သစ်စိမ့်ပင်၊ ရှမ်းကုန်းကျေးရွာ လေးရွာမှ တောင်သူလယ်သမား ၁၁၇ ဦး ပါဝင်သော အဆင့်မြင့်လယ်ယာမြေ ဧက ၂၀၀ တိုးချဲ့ဖော်ထုတ် အကောင်အထည်ဖော်ရာတွင် ကုန်ထုတ်လမ်း ပေ ၁၉၃၄၀ အား ၆၀ ရာခိုင်နှုန်း၊ ရေပေးမြောင်း ပေ ၂၅၃၄၀ နှင့် ရေနုတ်မြောင်း ပေ ၂၀၅၂၀၊ လယ်ကြားမြောင်း ပေ ၇၈၂၇၀ တို့အား ၅၀ ရာခိုင်နှုန်း ပြီးစီးနေမှုများကို ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးက မိုးစပါးစိုက်ပျိုးရာသီ အချိန်မီအချိန်ကိုက် ဆောင်ရွက်ရန်၊ တောင်သူလယ်သမား ၁၁၇ ဦးစလုံးအား နိုင်ငံတော်၏ စေတနာကို သိရှိနားလည်သဘောပေါက်အောင် ရှင်းပြပြီး လက်တွေ့ ထိရောက်စွာ အကျိုးခံစားရရှိနိုင်စေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့များကို အချိန်မီဖြန့်ဖြူးပေးခြင်း၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်များပညာပေးခြင်းနှင့် တောင်သူများ လက်တွေ့တစ်ပြိုင်တည်း အသားကျဆောင်ရွက်နိုင်ရန် ထောက်ပံ့၊ ကူညီ၊ ပညာပေး၊ စည်းရုံး၍ အကောင်အထည်ဖော်ရန်၊ ဤနေရာသည် နှစ်စဉ်ရေနစ်မြုပ်၍ မိုးစပါးလည်း ကောင်းစွာမဖြစ်၊ နွေစပါးလည်း ရေမရ၍ အောင်မြင်ဖြစ်ထွန်းနိုင်ခြင်း မရှိခဲ့ခြင်းကြောင့် ယခုနှစ်တွင် ပုလဲသွယ်စပ်မျိုးစပါးစိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးပြီး လူနေမှုဘဝဖွံ့ဖြိုးတိုးတက်အောင် စည်းရုံးကူညီဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ချောင်းမငယ် ဆည်ရေသောက်မြောင်းလက်တံ အမှတ်(၁၁)နှင့် ကုန်ထုတ်လမ်း၊ ရေထုတ်မြောင်း၊ ရေနုတ်မြောင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရန်အောင်မြင်ဆည်ရေသောက် ပုလဲသွယ်စပ်မျိုးစပါးတစ်ကွင်းတစ်ဆက်တည်း ၂၆၂ ဧကစိုက်ခင်း၌ တောင်သူလယ်သမားများအား တွေ့ဆုံ၍ ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးပြီး ဝင်ငွေနှစ်ဆ တိုးတက်လာနိုင်မှု၊ အရည်အသွေးကောင်းသော ဆန်များရရှိရေးအတွက် ခေတ်မီအဆင့်မြင့်ဆန်စက်များ တည်ဆောက် အကောင်အထည်ဖော်နေမှု၊ တောင်သူများအပိုင်းမှ အပြည့်အဝအကျိုးရရှိခံစားနိုင်စေရေးအတွက် ရိတ်သိမ်းချိန်လွန်နည်းပညာ (Post Harvest Technology)ကိုထိရောက်စွာအသုံးပြုပြီး အလေအလွင့်၊ အဆုံးရှုံးနည်းအောင် ဆောင်ရွက်စေလိုမှုတို့ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တောင်သူလယ်သမားများနှင့်အတူ သက်တမ်း ၈၂ ရက်သားရှိ ပုလဲသွယ်စပ်မျိုးစပါး စိုက်ကွင်းကြီးများအတွင်း တစ်နံတစ်လျား စိုက်ပျိုးထားသော စိုက်ကွက်တစ်ခုချင်းအလိုက် ကြည့်ရှုအားပေးပြီး တောင်သူလယ်သမားများအား စားသောက်ဖွယ်ရာနှင့် လက်ဆောင်များပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကြေးမုံသတင်းတို

စည်းကမ်းလေးတွေတော့ လိုက်နာစေချင်

ရန်ကုန် ဇွန် ၁၆

သစ်သားချောင်းများ အပြည့်တင်ဆောင်ထားသည့် ကုန်တင်ယာဉ်တစ်စီးသည် ဘုရင့်နောင်လမ်းမအတိုင်း တောင်မှမြောက် သို့မောင်းနှင်ပြီး ဘုရင့်နောင်မီးပွိုင့်၌ မီးပွိုင့်မိနေစဉ် တွေ့ရသောပုံ ဖြစ်ပါသည်။ **(ယာပုံ)**ကုန်အစွန်းထွက်ယာဉ်များသည် နောက်မှယာဉ်များ အလွယ်တကူ မြင်နိုင်စေရန် ဖြူနီကျား အမှတ်အသားများပါသော သံပြားအဝိုင်းများ တပ်ဆင်ရမည်ဟု ကညန၏ သတ်မှတ်ညွှန်ကြားချက်ကို လိုက်နာမှု မရှိသည့် ထိုကားမျိုးသည် ရှေ့မှရုတ်တရက် ဘရိတ်အုပ်လိုက်ပါက နောက်မှကပ်ပါလာသော ယာဉ်များနှင့် ယာဉ်မောင်းများအတွက် မတွေးဝံ့စရာပင်ဖြစ်သည်။ ထို့ကြောင့် မိမိအတွက်နှင့် သူတစ်ပါးထိခိုက်မှုများမှ ကင်းဝေးစေရန် စည်းကမ်းလေးတွေတော့ လိုက်နာစေချင်ကြောင်း စေတနာကောင်းနှင့် ရေးသားလိုက်ပါသည်။

အောင်ထွန်းလေး(ဒိုက်ဦး)

နိုင်ငံတကာဂီတအနုပညာရပ်ဝန်း

ယူ-၁၇ အမျိုးသမီး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဂျနီဖာလိုပက်ဇ်၊ ရှာကီရာနှင့် ရီဟန်နာတို့ ဖျော်ဖြေမည်

ကမ္ဘာကျော် ပေါ့ပ်ဂီတငွေကြယ်ပွင့်များဖြစ်သည့် ဂျနီဖာလိုပက်ဇ်၊ ရှာကီရာနှင့် ရီဟန်နာ**(အောက်ယာပုံ)**တို့သည် လာမည့် အောက်တိုဘာလတွင် အဇာဘိုင်ဂျန်နိုင်ငံ ဘာကူမြို့တော်၌ ကျင်းပမည့် ယူ-၁၇ အမျိုးသမီး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ကြောင်း အဇာဘိုင်ဂျန်ဘောလုံးအဖွဲ့ချုပ်က ဇွန် ၁၃ ရက် တွင် သတင်းထုတ်ပြန်ကြေညာသည်။

ရီဟန်နာသည် ကွာတားဖိုင်နယ်ပွဲစဉ်မတိုင်မီ အောက်တိုဘာ ၅ ရက်တွင်ဖျော်ဖြေမည်ဖြစ်ပြီး ကိုလံဘီယာပေါ့ပ်စတားရှာကီရာသည် အောက်တိုဘာ ၁၃ ရက် ပိတ်ပွဲအခမ်းအနားတွင် ဖျော်ဖြေသွားမည်ဖြစ်သည်။အဆိုတော်သရုပ်ဆောင် ဟောလိဝုဒ်မင်းသမီး ဂျနီဖာလိုပက်ဇ်သည် စက်တင်ဘာ ၂၂ ရက် ဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားတွင် သီဆိုဖျော်ဖြေမည်ဖြစ်သည်။

အဆိုပါ ဂီတဖျော်ဖြေပွဲများနှင့် အခမ်းအနားများကို အဇာဘိုင်ဂျန်နိုင်ငံပိုင် ရေနံကုမ္ပဏီနှင့် အိုမနီကိုမို ဂီတအဖွဲ့တို့၏ ထောက်ပံ့ကူညီမှုများဖြင့် ဘာကူခရစ္စတယ်ခန်းမ၌ ဖျော်ဖြေကျင်းပသွားမည်ဖြစ်သည်။

အေဝမ်းစိုး

၂၀၁၂ ခုနှစ် ဖီဖာ ယူ-၁၇ အမျိုးသမီး ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို အဇာဘိုင်ဂျန်နိုင်ငံတွင် စက်တင်ဘာ ၂၂ ရက်မှ အောက်တိုဘာ ၁၃ ရက်ထိ ယှဉ်ပြိုင်ကျင်းပသွားမည်ဖြစ်သည်။

အင်တာနက်။

ခေါင်းဆောင်ပျိုးထောင်ခြင်း စာအုပ်ထွက်ရှိ

ကြည်မင်းရေးသားသည့် ခေါင်းဆောင်ပျိုးထောင်ခြင်း စာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် လူငယ်များကို ခေါင်းဆောင်ဖြစ်အောင် လေ့ကျင့်ပေးသည့်လုပ်ငန်းစဉ်များ၊ လက်တွေ့အသုံးဝင်မည့် ကျင့်စဉ်များကို ဖော်ပြထားသည်။ ပထမဆုံးလုပ်ရမည့် လူကဲခတ်နည်း၊ လူတစ်ယောက်၏ အားနည်းချက်၊ အားသာချက်များ သိအောင်လုပ်နည်း၊ မေတ္တာစေတနာအရင်းခံပြီး ကြီးပွားတိုးတက်အောင်လုပ်ပေးမှု၊ ပျိုးထောင်ပေးမည့်သူ၏ ထားရမည့်စိတ်ထား၊ အကူအညီပေးရမည့်သူများ၊ အလုပ်ကောင်းကောင်းလုပ်လာအောင် ကူညီပေးခြင်း၊ မှန်ကန်သောအခြေအနေဖန်တီးပေးခြင်း၊ ပိုကောင်းအောင်ကူညီနည်း၊ မိမိထက်ကျော်တက်သွားလျှင် မည်သို့လုပ်မည်နည်း စသည့် လူငယ်လူရွယ်များ ခေါင်းဆောင်ဖြစ်အောင် ပျိုးထောင်လေ့ကျင့်ပေးထားသည်။

ထိုစာအုပ်ကို Wisdom House စာပေ အခန်း(၁၀၁) တိုက်(၁၁၉၁-၁၁၉၂) လက်ဝဲမင်းဒင်လမ်း မေတ္တာညွန့်ရပ်ကွက် တာမွေမြို့နယ် ရန်ကုန်မြို့မှ တစ်အုပ်လျှင် ငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိလိုက်သည်။

တိရစ္ဆာန်များမှ လူကိုကူးစက်တတ်သည့် ရောဂါများ

ဒေါက်တာ ခင်စန်းမော်ရေးသားပြုစုသည့် တိရစ္ဆာန်များမှ လူကိုကူးစက်တတ်သည့် ရောဂါများစာအုပ်ထွက်ရှိလာသည်။

ထိုစာအုပ်တွင် တိရစ္ဆာန်အမျိုးမျိုးတို့မှ နည်းလမ်းအမျိုးမျိုးဖြင့် လူတို့အား ရောဂါကူးစက်တတ်ပုံတို့ကို တင်ပြထားသည့်အပြင် ရောဂါမဖြစ်အောင်ကြိုတင်ကာကွယ်ပုံ၊ တိရစ္ဆာန်ဆေးကုဆရာဝန်ထံ ပြသကုသပုံတို့ပါဝင်ပြီး အိမ်မွေးတိရစ္ဆာန်မွေးမြူတတ်သူတို့ သိသင့်သည့်စာအုပ်ဖြစ်သည်။

စာအုပ်ကို Wisdom House စာပေ အခန်း(၁၀၁)တိုက်(၁၁၉၁ -၁၁၉၂) လက်ဝဲမင်းဒင်လမ်း မေတ္တာညွန့် ရပ်ကွက် တာမွေမြို့နယ် ရန်ကုန်မြို့မှ တစ်အုပ်လျှင် ငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိလိုက်သည်။

စည်းနဲ့ကမ်းနဲ့ မြန်မာစာ စာအုပ် ထုတ်ဝေဖြန့်ချိ

မြန်မာစာသတ်ပုံအသုံးအနှုန်း အရေးအသားများအကြောင်း ရှုထောင့်အမျိုးမျိုးမှ ရေးသားတင်ပြထားသော ဆောင်းပါးများကို စုစည်း၍ထုတ်ဝေလိုက်သည်။

ယနေ့မြန်မာစာပေလောကတွင် ဖြစ်ပျက်နေသည်များကို မြန်မာစာအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူများနှင့် အထောက်အထားအကိုးအကားများဖြင့် ဆွေးနွေးထားသည်ကို နေဝင်းစံ၏ မြန်မာစာပေစကားဝိုင်းတွင်လည်း ဖတ်ရမည်ဖြစ်သည်။

ဤစာအုပ်ကို ရွှေပြည်တန်စာအုပ်တိုက် ရန်ကုန်မြို့ ဖုန်း-၇၀၃၂၂၀၊ ၂၀၂၇၆ မှ ထုတ်ဝေဖြန့်ချိလိုက်ပြီး တန်ဖိုးငွေကျပ် ၂၅၀၀ ဖြစ်သည်။

မြန်မာ့ရိုးရာ အိမ်တော်မင်္ဂလာ တည်ဆောက်မှုပညာများ

ဓမ္မာစရိယ ဦးအောင်ကျော်မိုးရေးသားသော မြန်မာ့ရိုးရာ အိမ်တော်မင်္ဂလာ တည်ဆောက်မှုပညာများ စာအုပ်ထွက်ရှိလာသည်။ မင်္ဂလာအပြည့်ရှိသော နေအိမ်မှာ အမြဲကိုယ်စိတ်ချမ်းသာ ဘေးကင်းစွာဖြင့် ထာဝရနေနိုင်ဖို့အတွက် ပြုစုထားသည်။ ဤစာအုပ်ကို မဏ္ဍိမစာပေ အမှတ်(၂၃၇) (ပထမထပ်-ဝဲ) (၃၉)လမ်းအထက် ကျောက်တံတားမြို့နယ် ဖုန်း-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃၊ ၀၉-၇၃၀၅၉၉၃၅ မှ တန်ဖိုး ငွေကျပ် ၈၀၀ ဖြင့် ဖြန့်ချိလိုက်သည်။

GSM၊ WCDMA နှင့် CDMA MOBILE ကွန်ရက်နည်းပညာ

GSM၊ WCDMAနှင့်CDMA MOBILE ကွန်ရက်နည်းပညာစာအုပ် ထွက်ရှိလာသည်။ GSM၊ WCDMA နှင့် CDMA ဖုန်းလိုင်းများ အသုံးပြုပြီး Internet အသုံးပြုနိုင်ရန် ချိတ်ဆက်ပုံများကို အသေးစိတ်ရှင်းပြထားသော Mobile ကွန်ရက်နည်းပညာ စာအုပ်ဖြစ်ပါသည်။ Handset အမျိုးမျိုးအသုံးပြုကာ လက်တွေ့ရှင်းပြထားသဖြင့် မည်သူမဆို အလွယ်တကူ လိုက်လံလုပ်ဆောင်နိုင်ရန် စာရေးသူ သန်းထိုက်(ရွှေရိပ်)မှ ပြုစုရေးသားထားသည်။ အင်တာနက်အသုံးပြုမှုများကို Phone Handset များသာမက Laptop နှင့် Desktop များတွင်ပါ ချိတ်ဆက် သုံးနိုင်ရန်များကို ပုံများဖြင့်တကွ အဆင့်လိုက် ရှင်းပြပေးထားသည်။ တစ်ကမ္ဘာလုံးတွင် Internet Connection သုံးပြီး တစ်မိနစ် ၂ ကျပ်/၄ ကျပ်ဖြင့် Internet Phone ခေါ်ဆိုပုံများကိုပါ လိုအပ်သော Application များဖြင့် လက်တွေ့သုံးပြထားသည်။

ယင်းစာအုပ်ကို မဏ္ဍိမစာပေတိုက် အမှတ်(၂၃၇) ပထမထပ် (၃၉)လမ်းအထက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃ မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိလိုက်သည်။

❖ ကျောဖုံးမှ

ဆောင်ပုဒ်ဖြစ်သော စိတ်ဓာတ်၊ စည်းကမ်း၊ ပညာမြင့်မားလာရန်အတွက် ကျောင်းသား၊ မိဘ၊ ဆရာ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လက်ရှိ အခြေအနေတွင် ပညာရေးမြှင့်တင်မှုလုပ်ငန်းများ ပိုမိုအောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းသား၊ မိဘ၊ ဆရာနှင့် ကျောင်းအကျိုးတော်ဆောင် အဖွဲ့များက စိတ်အားထက်သန်စွာဆောင်ရွက်မှုသာ ပညာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များ အောင်မြင်မည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများ၏ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များ၊ ပညာရည်မြှင့်တင်ရေးနှင့် အောင်ချက်မြင့်မားရေးဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အကြံပြုပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အစိုးရသစ်ပေါ်ပေါက်လာပြီးနောက် မူလတန်းမသင်မနေရ ပညာရေးစနစ်အား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရေးမြှင့်တင်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်နေပါကြောင်း၊ ယင်းသို့ဆောင်ရွက်နိုင်ရန် ပညာရေးအသုံးစရိတ်ဘတ်ဂျက်ကိုလည်း ပိုမိုတိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရည်ထူးချွန်သူများကိုလည်း ပိုမိုအားပေးပြီး ထူးချွန်သူများ အရည်အသွေး ပိုမိုမြင့်မားရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆင်းရဲနွမ်းပါးသူများ ပညာရေးနှင့်ပတ်သက်ပြီး ဆက်လက်သင်ကြားနိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ရာ ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဂုဏ်ထူးခြောက်ဘာသာဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသူတစ်ဦးနှင့် ဂုဏ်ထူးငါးဘာသာဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူ သုံးဦးတို့အားလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဂုဏ်ထူးလေးဘာသာဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအားလည်းကောင်း ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တိုင်းမှူးက ဂုဏ်ထူးသုံးဘာသာဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအေးကြူနှင့် ဦးဘရွှေ၊ နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုးတို့က ဂုဏ်ထူး နှစ်ဘာသာ၊တစ်ဘာသာတို့ဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး စခန်းမှူး ဗိုလ်မှူးချုပ်ဝင်းသိန်းက ထူးချွန်စွာ သင်ကြားပေးခဲ့ကြသည့် ဆရာ ဆရာမများအားလည်းကောင်း၊ အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀) တပ်မှူး ဗိုလ်မှူးချုပ်ကျော်မင်းဦးက တက္ကသိုလ်ဝင်စာမေးပွဲကို ဇေယျာသီရိမြို့နယ်မှ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအားလည်းကောင်း ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူတို့က ဇေယျာသီရိမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများမှ ဆရာ ဆရာမများအတွက် ကျောင်းစိမ်းလုံချည်များနှင့် ဒသမတန်းကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်များကို ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများထံ ပေးအပ်ကြသည်။

ယင်းနောက် ဇေယျာသီရိမြို့နယ် ရေဆင်းအခြေခံပညာအထက်တန်းကျောင်းမှ ဂုဏ်ထူးခြောက်ဘာသာဖြင့် အောင်မြင်ခဲ့သည့် မမေပွင့်သူက ဂုဏ်ပြုဆုများချီးမြှင့်ပေးသည့်အတွက် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဇေယျာသီရိမြို့နယ် ရေဆင်း အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြတ်မွန်က ၂၀၁၂ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာ ဆရာမများ၊ မိဘများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဇေယျာသီရိမြို့နယ်မှ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် ထူးချွန်စွာသင်ကြားပေးခဲ့ကြသည့် ဆရာ ဆရာမများအား ဒုတိယအကြိမ် ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော်ကောင်စီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် ဂုဏ်ထူးရကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် ၂၀၁၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇွန် ၁၆

ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၁၂ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီတွင် တောင်ကြီးမြို့နယ် ကိုးနဝင်းစေတီအနီး တောင်ကြီး (မြောက်)ဘေးမဲ့ကြိုးဝိုင်းဧရိယာအတွင်း၌ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးထွဋ်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ အစိုးရအဖွဲ့အတွင်းရေးမှူး၊ တိုင်းစစ်ဌာနချုပ်မှ အရာရှိများ၊ ပြည်နယ်/ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူလူထု စုစုပေါင်း ၁၁၃၆ ဦး တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်သစ်တောနှင့် သတ္တုဝန်ကြီး ဦးစိုင်းအိုက်ပေါင်းက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးထွဋ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီး ဦးစိုင်းအိုက်ပေါင်း၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌတို့က ပျိုးပင်များကို ဖြန့်ဝေပေးအပ်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဇနီးတို့သည် သတ်မှတ်နေရာများတွင် ထင်းရှူးပင်နှင့် ခရေပင်များအား စိုက်ပျိုးပေးကြပြီး သစ်ပင်စိုက်ပျိုးပွဲ တက်ရောက်လာသူများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ထင်းရှူး၊ ခါတော်မီ၊ ချယ်ရီ၊ ရေသင်းဝင်၊ မဲဇလီ၊ စိန်ပန်းပြာ၊ အော်ရီးရှားပျိုးပင်များ စုစုပေါင်း အပင် ၂၀၀၀ စိုက်ပျိုးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၁၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ပျိုးပင်များကို ဖြန့်ဝေပေးအပ်စဉ်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ (၁၆-၆-၂၀၁၂)

ဂွ	၆ ဒသမ ၆၉ လက်မ
ကျောက်ဖြူ	၄ ဒသမ ၃၃ လက်မ
စစ်တွေ	၂ ဒသမ ၆၈ လက်မ
ပုသိမ်	၂ ဒသမ ၄၀ လက်မ
တောင်ကုတ်	၂ ဒသမ ၁၃ လက်မ
ဘားအံ	၁ ဒသမ ၈၅ လက်မ
ကသာ	၁ ဒသမ ၈၁ လက်မ
ဆင်ဖြူကျွန်း	၁ ဒသမ ၈၁ လက်မ

တောင်သူများ သီးနှံဆုံးရှုံးမှုအတွက် နစ်နာကြေးထောက်ပံ့ပေးအပ်

နေပြည်တော် ဇွန် ၁၆

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်အတွင်း ဆည်ရေသောက်ဧရိယာ ဧက ၁၂၀၀ အား ရေပေးဝေစိုက်ပျိုးရန် တည်ဆောက်ထားသော နတ်ကာရေလှောင်တမံတည်ဆောက်စဉ်က တမံဖို့မြေအတွက် မြေယူဧရိယာများတွင်ကျရောက်သော တောင်သူများ၏ လယ်ယာမြေများနှင့် သီးနှံများဆုံးရှုံးမှုအတွက် နစ်နာကြေးထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၅ ရက်တွင် ပျော်ဘွယ်မြို့နယ် ကန်ဖျားကျေးရွာ အမကကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပျော်ဘွယ်မြို့နယ် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဦးက အမှာစကားပြောကြားပြီး ဆည်မြောင်းဦးစီးဌာနမှ ဦးခင်ဇော်က မြေငှားဧရိယာအတွင်း လယ်ယာမြေများကို ယခုနှစ်စိုက်ပျိုးချိန်အမီ စိုက်ပျိုးနိုင်ရေးအတွက် မြေညှိစက်များဖြင့် မြေညှိပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ စိုက်ပျိုးဧရိယာများတွင် အပေါ်ယံမြေဆီလွှာပျက်စီးမှုရှိပါက မြေပြုပြင်ရန်နှင့် သီးနှံနစ်နာကြေးအတွက် နစ်နာထောက်ပံ့ကြေးပေးအပ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက လယ်မြေတစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် တောင်သူ ၉၂ ဦးတို့၏ လယ်ယာမြေ ၁၀၃ ဒသမ ၄၄ ဧကအတွက် နစ်နာကြေးထောက်ပံ့ငွေကျပ် ၂၀၆၈၈၀၀၀ ကို တောင်သူတစ်ဦးချင်းထံ ပေးအပ်ခဲ့ကြသည်။ ယခုကဲ့သို့ လယ်ယာမြေနစ်နာမှု ထောက်ပံ့ကြေးငွေပေးအပ်ခြင်းမှာ ဒုတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ်အဖြစ် မေ ၁၆ ရက်တွင် ပျော်ဘွယ်မြို့နယ် ကျီရွာကျေးရွာအုပ်စုမှ မြေငှားဧရိယာအတွင်းပါဝင်သော တောင်သူ ၄၇ ဦး၏ လယ်မြေ ၈၅ဧကအတွက် လယ်ယာမြေနစ်နာမှု ထောက်ပံ့ကြေးအဖြစ် ငွေကျပ်သိန်း ၁၇၀ နှင့် နတ်ကာရေလှောင်တမံဖို့မြေယူသည့် မြေငှားဧရိယာ စုစုပေါင်း ၁၈၈ ဒသမ ၄၄ ဧကအတွက် လယ်ယာမြေနစ်နာကြေး တောင်သူ ၁၃၉ ဦးအတွက် နစ်နာထောက်ပံ့ကြေး ငွေကျပ် ၃၇၆၈၈၀၀၀ တို့ကိုလည်း ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစ

၁၇-၆-၂၀၁၂ (တနင်္ဂနွေ

၅း၄၀	"သူဦးကိုယ်ဦးသုံးမြွာပူး" တရားတော်(ယောဆရာတော် ဘဒ္ဒန္တသီရိန္ဒာဘိဝံသ)
၉း၀၀	အနာဂတ်အလင်းရောင်များအတွက် ရွှေမန်းမြေမှ Ayeyarwaddy
၁၀း၀၅	ခေတ်သစ်ပျိုမေ
၁၁း၄၅	Golden Minute
၁၂း၂၅	Kid's Show
၃း၂၀	Fashion Week

၄း၀၀

၇း၃၅

၁၁း၃၅

၄း၅၀

ရန်ကုန်တိုင်းဒေသကြီး ကမ္ဘာ့အိုလံပစ်နေ့ ကာယဗလမောင်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှု

ရန်ကုန် ဇွန် ၁၆

ရန်ကုန်တိုင်းဒေသကြီး ကာယကြံ့ခိုင်မှု အားကစားဆပ်ကော်မတီကကြီးမှူး၍ ၂၀၁၂ ခုနှစ် ကမ္ဘာ့အိုလံပစ်နေ့အထိမ်းအမှတ် ကာယဗလမောင်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲကို ဇွန် ၂၄ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ကာယဗလမောင်ပြိုင်ပွဲမှာ ၆၀ ကီလိုတန်း၊ ၆၅ ကီလိုတန်း၊ ၇၀ ကီလိုတန်း၊ ၇၅ ကီလိုတန်း၊ ၈၀ ကီလိုတန်းနှင့် အထက်တန်းတို့ဖြစ်သည်။

အမျိုးသမီး က
အကြီးတန်းဖြစ်သည်။
အဆိုပါပြိုင်ပွဲ၌
ဇွန် ၂၂ ရက် နောက်ဆ
ဖြစ်ပြီး ပြိုင်ပွဲနှင့်စပ်လျ
ရန်ကုန်တိုင်းဒေသကြီး
အထွေထွေအတွင်းရေး
တွဲဖက်အတွင်းရေးမှူး
နှင့် ဦးကျော်ညီညီလွင
စုံစမ်းနိုင်ကြောင်း သ

၂၀၁၂ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁၆

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၁၂ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇွန် ၂၂ ရက်တွင် ရန်ကုန်မြို့(၉)မိုင်ရှိ မြန်မာဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို တစ်ဦးချင်း အကျောပေးပြိုင်ပွဲ (၀ မှ ၁၈)နှင့် တစ်ဦးချင်း သက်ကြီးတန်းပြိုင်ပွဲ(အသက်

မွန်ပြည်နယ်ဝန်ကြီးချုပ် ကမ္ဘာ့သွေးလှူရှ အာဆီယံသွေးလှူဒါန်းပွဲ တုပ်ကွေးနေ့အထိမ်းအမှတ်အခမ်း

နေပြည်တော် ဇွန် ၁၆

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်သည် ဇွန် ၁၄ ရက် နံနက် ၉ နာရီတွင် မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၁၂ ခုနှစ် ကမ္ဘာ့သွေးလှူရှင်များနေ့အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာလှဦးက ကမ္ဘာ့သွေးလှူရှင်များနေ့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မော်လမြိုင်မြို့နယ် စေတနာသွေးလှူရှင်အသင်းက ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်တွင် လိုအပ်လျက်ရှိသော သွေးသိုလှောင်ရေခဲသေတ္တာဝယ်ယူရန်အတွက် အလှူငွေကျပ် ၁၃ သိန်း နှစ်သောင်းကို ဒေါက်တာအောင်ကျော်ထွန်းက ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဝေဝေဦးက လက်ခံသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သွေးလှူဘဏ်၌ စေတနာသွေးလှူရှင်များ၏ စုပေါင်းသွေးလှူဒါန်းနေမှုကို လှည့်လည်ကြည့်ရှုကာအားပေးစကားပြောကြားခဲ့သည်။

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

ဓာတ်အားစနစ်အတွင်းရှိ ဓာတ်အားပေးစက်များအနက် တပ်ဆင်အင်အားအကြီးဆုံးဖြစ်သော ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံရှိ ဓာတ်အားပေးစက်များမှ ဓာတ်အားစတင်ပို့လွှတ်မှု စမ်းသပ်ခြင်းလုပ်ငန်းကို ၁၇-၆-၂၀၁၂ ရက် (တနင်္ဂနွေနေ့)နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း ဆောင်ရွက်မည်ဖြစ်သည့်အတွက် အောက်ဖော်ပြပါ ပင်မဓာတ်အားခွဲရုံများမှ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးထားသောနေရာဒေသများတွင် ခေတ္တဓာတ်အားပြတ်တောက်မှုများ ရှိနိုင်မည်ဖြစ်ပါကြောင်း ကြိုတင်သတိပေးအပ်ပါသည်-

၁။ ရွှေမြို့ပင်မဓာတ်အားခွဲရုံ (နေပြည်တော်)
၂။ သာစည်ပင်မဓာတ်အားခွဲရုံ(မန္တလေးတိုင်းဒေသကြီး)
၃။ မြင်းခြံပင်မဓာတ်အားခွဲရုံ(မန္တလေးတိုင်းဒေသကြီး)
၄။ မြောက်ပြင်ပင်မဓာတ်အားခွဲရုံ (မန္တလေးတိုင်းဒေသကြီး)
၅။ အင်းကုန်းပင်မဓာတ်အားခွဲရုံ(မန္တလေးတိုင်းဒေသကြီး)

အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

MRTV-4 ရုပ်မြင်သံကြားအစီအစဉ် အကျဉ်း

၁၇-၆-၂၀၁၂ (တနင်္ဂနွေနေ့)

ဦးကိုယ်ဦးသုံးမြွာပူး"
…းတော်(ယောဆရာတော်
…န္တသီရိန္ဒာဘိဝံသ)
…ဂတ်အလင်းရောင်များအတွက်
…န်းမြေမှ
…eyarwaddy
…က်သစ်ပျိုမေ
…den Minute
…'s Show
…hion Week

(Inspire)(Part-2)
၄း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ " ဘဝအားမာန်" (အပိုင်း-၆၉)
၇း၃၅ သွားမယ်စားမယ် (The Corriander Leaf)
၁၁း၃၅ **World of Knowledge (Mega Structures: Bridge Breakdown)**
၄း၅၀ အဓိဋ္ဌာန်အောင်မြင်သည့် သစ်ပုံဗုဒ္ဓရုပ်ပွားတော်

…ဒေသကြီး ကမ္ဘာ့အိုလံပစ်နေ့ အထိမ်းအမှတ် …နှင့် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲ ကျင်းပမည်

…န် ၁၆
…ယကြံ့ခိုင်မှု အားကစားဆပ်…စ် ကမ္ဘာ့အိုလံပစ်နေ့အထိမ်း…မျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲ…တွင် ရန်ကုန်မြို့ အောင်ဆန်း…အားကစားပြိုင်ပွဲရုံ၌ ကျင်းပ…

…င်ပြိုင်ပွဲမှာ ၆၀ ကီလိုတန်း၊ … ၇၅ ကီလိုတန်း၊ ၈၀ ကီလို…ည်။

အမျိုးသမီး ကာယကြံ့ခိုင်မှုပြိုင်ပွဲမှာ အငယ်တန်းနှင့် အကြီးတန်းဖြစ်သည်။

အဆိုပါပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်များသည် ဇွန် ၂၂ ရက် နောက်ဆုံးထား၍ အမည်စာရင်းပေးသွင်းရမည်ဖြစ်ပြီး ပြိုင်ပွဲနှင့်စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များကို ရန်ကုန်တိုင်းဒေသကြီး ကာယကြံ့ခိုင်မှုအားကစားဆပ်ကော်မတီ အထွေထွေအတွင်းရေးမှူး ဦးထွန်းလင်း ဖုန်း-၀၉- ၅၀၇၀၈၀၀၊ တွဲဖက်အတွင်းရေးမှူး ဒေါ်မြမင်းမင်းမူ ဖုန်း-၀၉-၇၃၁၂၂၄၄၁ နှင့် ဦးကျော်ညီညီလွင် ဖုန်း-၀၉-၈၆၃၆၄၅၃ တို့သို့ မေးမြန်းစုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

…အိုလံပစ်နေ့အထိမ်းအမှတ် …က်ပြိုင်ပွဲ ကျင်းပမည်

ဇွန် ၂၂ ရက်တွင် ရန်ကုန်မြို့(၉)မိုင်ရှိ မြန်မာဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို တစ်ဦးချင်း အကျော့ပေးပြိုင်ပွဲ (၀ မှ ၁၈)နှင့် တစ်ဦးချင်း သက်ကြီးတန်းပြိုင်ပွဲ(အသက် ၅၅ နှစ်နှင့်အထက်၊ ၀ မှ ၂၄)ပြိုင်ပွဲဟူ၍ အတန်းနှစ်တန်းခွဲ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် ဇွန် ၂၀ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ ဖုန်း ၀၁-၆၆၁၇၀၂၊ ၀၉-၂၀၃၇၆၇၁၊ ၀၉-၇၃၁၃၀၄၇၄ နှင့် မြန်မာဂေါက်ကလပ်တို့၌ အမည်စာရင်းများ ပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

…နယ်ဝန်ကြီးချုပ် ကမ္ဘာ့သွေးလှူရှင်များနေ့နှင့် …ုပ်ကွေးနေ့အထိမ်းအမှတ်အခမ်းအနားများ တက်ရောက်

ပြည်နယ်ဝန်ကြီးချုပ်သည် ဇွန် ၁၅ ရက် နံနက်ပိုင်းတွင် မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၁၂ ခုနှစ် ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၁၂ ခုနှစ် ကမ္ဘာ့သွေးလှူရှင်များနေ့အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

မွန် ပြည် နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့် မော်လမြိုင်မြို့ သွေးလှူဘဏ်၌ စေတနာ သွေးလှူရှင်များ၏ စုပေါင်းသွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးစဉ်။
(သတင်းစဉ်)

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာလှဦးက ကမ္ဘာ့သွေးလှူရှင်များနေ့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မော်လမြိုင်မြို့နယ် စေတနာသွေးလှူရှင်အသင်းက ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်တွင် လိုအပ်လျက်ရှိသော သွေးသိုလှောင်ရေခဲသေတ္တာ ဝယ်ယူရန်အတွက် အလှူငွေကျပ် ၁၃ သိန်း နှစ်သောင်းကို ဒေါက်တာအောင်ကျော်ထွန်းက ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဝေဝေဦးက လက်ခံသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သွေးလှူဘဏ်၌ စေတနာသွေးလှူရှင်များ၏ စုပေါင်းသွေးလှူဒါန်းနေမှုကို လှည့်လည်ကြည့်ရှုကာအားပေးစကားပြောကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အာဆီယံ သွေးလွန်တုပ်ကွေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးငြိမ်းက သွေးလွန်တုပ်ကွေးရောဂါအခြေအနေနှင့် အာဆီယံသွေးလွန်တုပ်ကွေးနေ့ အထိမ်းအမှတ် ရက်သတ္တပတ်အတွင်း ဆောင်ရွက်သွားမည့် လုပ်ငန်းများကိုလည်းကောင်း၊ ပြည်နယ်ငှက်ဖျားဆရာဝန်ကြီး ဒေါက်တာဉာဏ်ဆင့်က သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများနှင့် ဌာနအဖွဲ့အစည်းများနှင့် ပြည်သူများက ပူးပေါင်း ပါဝင်ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တာဝန်ရှိသူများသည် အာဆီယံ သွေးလွန်တုပ်ကွေးနေ့နှင့် စပ်လျဉ်းသည့် ခင်းကျင်းပြသထားမှုများကို လှည့်လည် ကြည့်ရှုအားပေးခဲ့ကြသည်။ အဆိုပါအထိမ်းအမှတ် ရက်သတ္တပတ်ကာလအတွင်း ရောဂါကာကွယ်နှိမ်နင်းရေးအတွက် ပြည်နယ်အတွင်း မြို့နယ်များတွင် ကျန်းမာရေးအသိပညာပေးခြင်းနှင့် ရောဂါကာကွယ်ကုသရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းကာ အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

❑ ယခုရေးဆွဲနေသည့်မှ

မြို့နယ်အသီးသီးမှ ညီလာခံကိုယ်စားလှယ်များ၊ မီဒီယာများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အဖွင့်အမှာစကား ပြောကြားရာတွင် ၂၀၁၂ ခုနှစ် မတ် ၂၄ ရက်က ဤနေရာတွင် ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့အစည်းများ ညီလာခံတွင် ဒီမိုကရေစီလူ့ဘောင်နှင့်ညီညွတ်သည့် စာပေအသင်းအဖွဲ့များကို ပြောင်းလဲပြင်ဆင်ဖွဲ့စည်းကြရန် ဆုံးဖြတ်ခဲ့ကြပါကြောင်း။ ယင်းဆုံးဖြတ်ချက်ကို လက်တွေ့အကောင်အထည်ဖော်သည့်အနေဖြင့် မြန်မာနိုင်ငံ စာရေးဆရာအသင်းဖြစ်မြောက်ရေးကော်မတီက ကြီးမှူးပြီး မြန်မာနိုင်ငံ စာရေးဆရာအသင်းကြီး၏ ပထမဆုံးအကြိမ်ညီလာခံကို ကျင်းပနိုင်ခြင်းဖြစ်၍ စာပေလောကမှာ သမိုင်းမှတ်တမ်းတင်ရမည့် အခမ်းအနားကြီးဖြစ်ပါကြောင်း။

ပြည်သူလူထုတစ်ရပ်လုံး၏ လိုလားတောင်းတချက်ဖြစ်သည့် ဒီမိုကရေစီစနစ်နှင့်အညီ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင် ဆိုသည့် မဏ္ဍိုင်ကြီးသုံးရပ်ကို ဗဟိုပြုပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်နိုင်ရေးအတွက် နိုင်ငံတော် အစိုးရအနေဖြင့် အဘက်ဘက်က ပြုပြင်ပြောင်းလဲမှုများနှင့် ဆောင်ရွက်ပေးလျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ အလားတူ လူမှုအဖွဲ့အစည်း နယ်ပယ်များဘက်မှာ လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အသင်းအဖွဲ့များဖွဲ့စည်း ဆောင်ရွက်ခွင့်ရှိလာသည့်အတွက် မိမိတို့လိုလားရာ အကျိုးတူရာအချက်များကို အခြေခံပြီး သက်ဆိုင်ရာ လူ့အဖွဲ့အစည်းအမျိုးမျိုးကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြကြောင်း။

ယင်းသို့ ဆောင်ရွက်လျက်ရှိကြရာတွင် စာပေလောကမှာ မြန်မာနိုင်ငံ စာရေးဆရာအသင်းဖြစ်မြောက်ရေး ကော်မတီအသင်းကြီး၏ ဖွဲ့စည်းပုံ၊ စည်းမျဉ်းစည်းကမ်းများကို တိုတောင်းသည့် ကာလအတွင်းမှာ စနစ်တကျပြုစုရေးဆွဲနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယင်းမှတစ်ဆင့် အသင်းကြီးကို ဦးဆောင်ဦးရွက်ပြုမည့် ပုဂ္ဂိုလ်များအား လွတ်လပ်စွာရွေးချယ်ဖွဲ့စည်းဆောင်ရွက်နိုင်ရန်အတွက် ယခုကဲ့သို့ ပထမအကြိမ်ညီလာခံကျင်းပနိုင်ခဲ့ခြင်းဖြစ်၍ အထူးပင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ စာပေလောကနှင့် လောကသားများအကျိုး၊ တိုင်းပြည်နှင့် လူမျိုးအကျိုးကို ဖော်ဆောင်ပေးနိုင်မည့် အဖွဲ့အစည်းတစ်ခုအဖြစ် အနာဂတ်မှာ သယ်ပိုးထမ်းဆောင်နိုင်ပါစေကြောင်းလည်း ကြိုတင်ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း။

စာနယ်ဇင်းသမားများသည် နိုင်ငံတော်၏ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းတစ်လျှောက်တွင် ကလောင်လက်နက်ကိုင်စွဲပြီး အမျိုးသားရေးစိတ်ဓာတ်နှင့် သမိုင်းတာဝန်ကျေပွန်ခဲ့သည့် နိုင်ငံ့သားကောင်းများအဖြစ် မော်ကွန်းမှတ်တမ်းတင်နိုင်ခဲ့ကြပြီးဖြစ်ကြောင်း။ လွတ်လပ်ရေးရပြီး နောက်ပိုင်းကာလအချို့တွင် ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲနှင့်အုပ်စုစွဲစသည့် မြောက်များစွာသော ခံယူချက်ကွဲလွဲမှုများသည် မြန်မာ့စာပေသမိုင်းမှာ အထင်အရှား ရှိခဲ့ပါကြောင်း၊ မည်သည့်လုပ်ငန်းမဆို ဤသို့သော အစွဲများနှင့် အစွန်းရောက်ရှုမြင် သုံးသပ်လုပ်ဆောင်ကြလျှင် ယင်းလောကဝန်းကျင်သည် အောင်မြင်တိုးတက်မှုမရှိနိုင်ရုံမက ပြိုကွဲကျဆုံးမှုအထိ ဖြစ်နိုင်သည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်း ယင်းကာလများတွင် စတုတ္ထမဏ္ဍိုင်သည် အမျိုးသားရေးကို အခြေခံသော အင်အားတောင့်တင်းသည့် မဏ္ဍိုင်တစ်ခုအဖြစ် မရပ်တည်နိုင်ခဲ့သည်ကိုလည်း သင်ခန်းစာရခဲ့ကြပြီး ဖြစ်ကြောင်း။

ထို့ကြောင့် မျက်မှောက် မိမိတို့နိုင်ငံ၏ စတုတ္ထမဏ္ဍိုင်ကို တိုင်းပြည်နှင့် လူမျိုးအကျိုး၊ အမျိုးသားရေးအကျိုးအတွက် နှလုံးရည်ပြည့်ဝစွာဖြင့် ဆောင်ရွက်နိုင်သည့် မဏ္ဍိုင်တစ်ခုအဖြစ် ရပ်တည်နိုင်ရန် လိုအပ်မည်ဖြစ်သကဲ့သို့ တိုင်းကျိုးပြည်ပြုလုပ်ငန်းများတွင်လည်း ပြည်သူလူထု၏အကျိုးပြု လက်ရုံးအားများအဖြစ် လက်တွေ့ပါဝင်နိုင်ရန် လိုအပ်မည် ဖြစ်ပါကြောင်း။

စတုတ္ထမဏ္ဍိုင် သတင်းမီဒီယာနှင့်ပတ်သက်ပြီး ၂၀၁၁ ခုနှစ် မတ် ၃၀ ရက်က သမ္မတကြီး ဦးသိန်းစိန်အနေနှင့် အစိုးရအဖွဲ့၏ မူဝါဒဆိုင်ရာမိန့်ခွန်းတစ်ရပ်ကို ပြောကြားခဲ့ရာတွင် **"စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ စာနယ်ဇင်းများရဲ့အခန်းကဏ္ဍကို အလေးထားဖို့လိုကြောင်း၊ စာနယ်ဇင်းများကတစ်ဆင့် ပြည်သူတွေ သိသင့်တဲ့အချက်များကို အသိပေးသွားကြဖို့လိုသလို စာနယ်ဇင်းများက အပြုသဘောဆောင် အကြံပြုချက်များကိုလည်း အလေးထားဖို့လိုကြောင်း"** ပြောကြားသွားခဲ့ကြောင်း၊ ဤသည်မှာ နိုင်ငံတော်အစိုးရ၏ သတင်းမီဒီယာများအပေါ် ထားရှိသောရပ်တည်ချက် သဘောထားပင် ဖြစ်ကြောင်း။

ဤသည်နှင့် တစ်ဆက်တည်းမှာပင် မိမိအနေဖြင့် တိုင်းပြည်၏စတုတ္ထမဏ္ဍိုင်ဖြစ်သည့် စာနယ်ဇင်းလောကသားများကို အမြဲတိုက်တွန်းနှိုးဆော်ခဲ့သော အချက်(၅)ချက်ကို ထပ်မံမှာကြားတိုက်တွန်းလိုကြောင်း၊ နံပါတ်(၁) အချက်မှာ စာပေစာနယ်ဇင်းမဏ္ဍိုင်သည် ဘက်မလိုက်ဖို့လိုကြောင်း၊ နံပါတ်(၂) အချက်မှာ အကြောင်းအရာတစ်ရပ်ကို ရေးသားဖော်ပြကြသည့်အခါ ပြည်သူတွေအနေနှင့် မှန်မှန်ကန်ကန် သုံးသပ်ဆုံးဖြတ်နိုင်ရန်အတွက် ရှုထောင့်တစ်ခုတည်းက မရေးဘဲနှင့် ဘက်စုံထောင့်စုံကနေပြီး ရေးသားဖော်ပြပေးရန် ဖြစ်ကြောင်း၊ နံပါတ်(၃)အချက်မှာ ယင်းသို့ရေးသားကြသည့် အခါတွင်လည်း လွတ်လပ်မှုနှင့် တာဝန်ယူမှု၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရား အမြဲတမ်းယှဉ်တွဲကျင့်သုံးပြီး ရေးသားဖော်ဆောင်ပေးရန်ဖြစ်ကြောင်း၊ နံပါတ်(၄)အချက်မှာ ဒီမိုကရေစီခေတ်ဖြစ်သည်နှင့်အညီ မိမိယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်တွေးခေါ် ယူဆနိုင်ကြကြောင်း၊ ထင်မြင်နိုင်ကြကြောင်း၊ ကွဲပြားခွင့်လည်းရှိကြောင်း၊ သို့သော်လည်း ယင်းသို့ ကွဲပြားသည့်ကြားက တိုင်းပြည်နဲ့ လူမျိုးအကျိုးအတွက်ဆိုလျှင် Unity in Democracy ဆိုသည်ကိုလည်း ဦးတည်သင့်သည်ဟု မိမိအနေဖြင့် ထင်မြင်ယူဆပါကြောင်း၊ ထို့ကြောင့် Unity in Democracy ကိုလည်း ဖော်ဆောင်နိုင်အောင် ကြိုးစားရန် တိုက်တွန်းလိုကြောင်း၊ နံပါတ်(၅) အချက်မှာ ယင်းသို့ Unity in Democracy ကို ဖော်ဆောင်သည့်အခါတွင် Common Ground အဖြစ် အမျိုးသားရေးကို အခြေခံရန်ဖြစ်ကြောင်း၊ ဤသည်မှာ အနာဂတ်ဒီမိုကရေစီကို သွားကြသည့်အခါတွင် စစ်မှန်သော စတုတ္ထမဏ္ဍိုင်ဖြစ်အောင် ရှေးရှုဆောင်ရွက်သင့်သည့်အချက်များ ဖြစ်သည်ဟု အကြံပြုတိုက်တွန်းပြောကြားလိုကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ အပိုဒ်ခွဲ (က)အရ နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးသို့မဟုတ် ပြည်သူတို့၏ကိုယ်ကျင့်တရားအလို့ငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်ရရှိမှာဖြစ်ကြောင်း။ တစ်နည်းအားဖြင့် သတင်းနှင့် စာနယ်ဇင်းဆရာများ၊ ဂျာနယ်လစ်များသည် ဥပဒေနှင့်အညီ လွတ်လပ်စွာ ရေးသားပြောဆိုဖော်ထုတ်ခွင့်(Freedom of Expression) ကို ရရှိကြမှာဖြစ်ကြောင်း။ ယင်းအခါတွင် စာနယ်ဇင်းသမားများအနေနှင့် စာနယ်ဇင်းကျင့်ဝတ်ဟုခေါ်သည့် Code of Ethics များ၊ စည်းမျဉ်းစည်းကမ်းများကိုလည်း တိကျစွာလိုက်နာစောင့်ထိန်းကြရန် အထူးလိုအပ်မည်ဖြစ်ကြောင်း၊ ထို့အတူ လွတ်လပ်မှုကို ကျင့်သုံးရာတွင် ကျင့်ဝတ်ထိန်းသိမ်းခြင်း၊ ဆင်ခြင်တုံတရား၊ သတိတရားပေါင်းစပ်ခြင်းတို့နှင့်လည်း ထိန်းညှိပေးသွားကြရမည်ဖြစ်ကြောင်း၊ ဤသို့လိုက်နာဆောင်ရွက်ခြင်းအားဖြင့် ပဉ္စမမဏ္ဍိုင်ဖြစ်သည့် ပြည်သူများက ယုံကြည်အားကိုးသော၊ အားကိုးအားထားပြုထိုက်သော စာနယ်ဇင်းသမားများအဖြစ် ရပ်တည်နိုင်မှာဖြစ်သကဲ့သို့ တိုင်းပြည်၏ မဏ္ဍိုင်ကြီးသုံးရပ်ကိုပါ မှန်ကန်စွာထိန်းကျောင်း တည့်မတ်ပေးနိုင်စွမ်းသည့် စစ်မှန်သော စတုတ္ထမဏ္ဍိုင်ဖြစ်လာမှာဖြစ်ကြောင်း၊

ဤနေရာတွင်အလျဉ်းသင့်၍ ပြီးခဲ့သည့်ရက်သတ္တပတ်များအတွင်းက ဖြစ်ပွားခဲ့သော ရခိုင်ပြည်နယ် ဖြစ်စဉ်များအပေါ် မီဒီယာများမှ သတင်းထုတ်ပြန်မှုများနှင့် စပ်လျဉ်း၍ တစ်ဆက်တည်းပြောကြားလိုပါကြောင်း၊ မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနအနေနှင့် နိုင်ငံပိုင်ရုပ်မြင်သံကြားနှင့် သတင်းစာများမှာ ယင်းရခိုင်ပြည်နယ် ဖြစ်စဉ်ဖြစ်ရပ်များနှင့် နိုင်ငံတော်အစိုးရ၏ စီမံဆောင်ရွက်မှု၊ ထိန်းသိမ်းကူညီစောင့်ရှောက်မှုများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လုံခြုံရေးတပ်ဖွဲ့များနှင့် ပြည်နယ်ဒေသအာဏာပိုင်များထံ ဆက်သွယ်ပြီး အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ခဲ့ကြောင်း၊ ယင်းသို့ထုတ်ပြန်ရာတွင် ပြည်သူလူထုတစ်ရပ်လုံးက ဖြစ်စဉ်ဖြစ်ရပ်မှန်များကို အလုံးစုံသိရှိနိုင်စေရန်အတွက် မကွယ်မဝှက် မခြွင်းမချန် ထုတ်ပြန်နိုင်ရန် သုံးသပ်ကြိုးစားရသကဲ့သို့ တစ်ဖက်တွင်လည်း ဖြစ်စဉ်ဖြစ်ရပ်များ ပိုမိုကြီးထွား ကျယ်ပြန့်ခြင်းမရှိစေရန်လည်းကောင်း၊ ပြည်သူလူထုအကြား သို့လောသို့လော သံသယနှင့် အာဃာတများကြီးမားပြန့်ပွားခြင်းမရှိစေရန်လည်းကောင်း၊ ပြည်သူလူထု၏ စိတ်နှလုံးထိခိုက် ညှိုးနွမ်းခြင်းမရှိစေရန်လည်းကောင်း သုံးသပ်ထိန်းသိမ်းကာ မျှတစွာဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိယခုတင်ပြနေသည့် အချက်သည် တစ်နည်းအားဖြင့် မိမိပြောခဲ့သည့် စာနယ်ဇင်းများအတွက် စံ(၅)ချက်နှင့် အခြားသော နိုင်ငံတကာစာနယ်ဇင်းကျင့်ဝတ်များကို လက်တွေ့လေးစားလိုက်နာကျင့်သုံးမှုပင်ဖြစ်ပါကြောင်း။ သို့သော်လည်း အချို့သောအင်တာနက်သတင်း ဖြန့်ချိမှုများနှင့် ပုံနှိပ်မီဒီယာရေးသားပုံနှိပ် ဖော်ပြမှုများသည် ယင်းစာနယ်ဇင်းကျင့်ဝတ်များ၊ စည်းမျဉ်းစည်းကမ်းများကို လေးစားဂရုပြုလိုက်နာမှုမရှိဘဲ သတင်းလက်ဦးမှု ရယူလိုမှု၊ ဂုဏ်သတင်းကျော်စောလိုမှုနှင့် အမြတ်အစွန်းရလိုမှုတွေပေါ်မှာသာ အခြေခံဆောင်ရွက်ခဲ့ကြခြင်းကြောင့် စာနယ်ဇင်းလောက၏ ကျင့်ဝတ်ကို ထိပါးစေသည့်အပြင် အမုန်းတရား၊ အာဃာတတရားနှင့် လက်စားချေလိုမှုများကို တိုးပွားစေပြီး နိုင်ငံ၏တည်ငြိမ်အေးချမ်းမှုကိုပါ ထိခိုက်ပျက်ပြားလာစေနိုင်ကြောင်း တွေ့ရှိကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်အနေဖြင့် ကြိုတင်ကာကွယ်ထိန်းသိမ်းရန် လိုအပ်ချက်အရ စာနယ်ဇင်းများအနေဖြင့် စည်းမျဉ်း စည်းကမ်းနှင့် ကျင့်ဝတ်များကို လေးစားလိုက်နာကြရန် သတိပေးပြောကြားမှုများ ပြုလုပ်ခဲ့ရခြင်းဖြစ်ကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနအနေဖြင့်လည်း သတိပေးအရေးယူမှုများ ပြောကြား ပြုလုပ်ခဲ့ရခြင်းဖြစ်ကြောင်း၊ ယခုအချိန်တွင် ပြည်တွင်းစာနယ်ဇင်းမီဒီယာများသည် ရခိုင်ပြည်နယ်နှင့် ပတ်သက်သော သတင်းအချက်အလက်များ၊ ဓာတ်ပုံများကို စာနယ်ဇင်းကျင့်ဝတ်များနှင့်အညီ မျှတစွာပုံနှိပ်ဖော်ပြလာကြသည်ကို တွေ့ရသည့်အတွက် အမျိုးသားရေးကို ရှေးရှုပြီး ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြသော စာနယ်ဇင်းအားလုံးကို ကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားလိုကြောင်း၊ အင်တာနက်မီဒီယာသမားများအနေဖြင့်လည်း တိုင်းပြည်နှင့်လူမျိုးအကျိုးကို ရှေးရှုပြီး ထိန်းသိမ်းဆောင်ရွက်ကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

တစ်ဆက်တည်းမှာပင် ပုံနှိပ်မီဒီယာကဏ္ဍနှင့်ပတ်သက်ပြီး ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ခေတ်စနစ်နှင့်ကိုက်ညီအောင် ပြုပြင်ပြောင်းလဲဆောင်ရွက်နေမှုများကို အကျဉ်းချုံးရှင်းပြလိုကြောင်း၊ ပထမဆုံးအချက်မှာ ပုံနှိပ်မီဒီယာ ဥပဒေကြမ်းကိစ္စပင် ဖြစ်ကြောင်း၊ ယခုရေးဆွဲနေသည့် ဤပုံနှိပ်မီဒီယာဥပဒေသည် နိုင်ငံတကာစံနှုန်းများထက် မနိမ့်ကျသကဲ့သို့ စာပေနှင့် စာနယ်ဇင်းများကိုသော်လည်းကောင်း၊ စာပေလွတ်လပ်ခွင့်ကိုသော်လည်းကောင်း ဟန့်တားရန်၊ ပိတ်ပင်ရန် မဟုတ်ဘဲ၊ သိက္ခာရှိသော အရည်အချင်းရှိသော စစ်မှန်သော စတုတ္ထမဏ္ဍိုင် ပေါ်ထွန်းလာစေရေးကိုသာ ဦးတည်ရည်ရွယ်ကြောင်း ပြောကြားလိုကြောင်း၊ ယခုဤဥပဒေမူကြမ်းကို ရှေ့နေချုပ်ရုံးနှင့် နောက်ဆုံး ညှိနှိုင်းခဲ့ပြီးဖြစ်၍ ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြအတည်ပြုချက်ရယူနိုင်တော့မည် ဖြစ်ကြောင်း၊ စာပေစိစစ်ရေးမူဝါဒများကို အဆင့်ဆင့်ပြောင်းလဲကျင့်သုံး ဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် စတုတ္ထအဆင့်အထိ ရောက်ရှိခဲ့ပြီးဖြစ်ပြီး ပုံနှိပ်မီဒီယာလောကမှာ သတ်မှတ်ထားသည့် စာပေအမျိုးအစား ၁၀မျိုးအနက် ရှစ်မျိုးနှင့် ဝတ္ထုလုံးချင်းများအားလုံးကို ကြိုတင်တင်ပြရန်မလိုဘဲ လွတ်လပ်စွာ ထုတ်ဝေခွင့်ရရှိနေပြီဖြစ်ကြောင်း၊ ဆက်လက်၍လည်း ဖြေလျှော့မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သို့သော်လည်း ဖြစ်ခြင်းပျက်ခြင်း အကျိုးတရားများသည် အကြောင်းတရားမဲ့စွာဖြင့် ဖြစ်ပေါ်လေ့မရှိဘဲ အကြောင်းတရား အခြေခံ၍သာ ဖြစ်ပေါ်လာရခြင်းဖြစ်ကြောင်းကို မိမိတို့အားလုံး သတိပြုကြရမည်ဖြစ်ကြောင်း။

တတိယအချက်အနေဖြင့် အမြဲတေစာနယ်ဇင်းကောင်စီ ဖွဲ့စည်းနိုင်ရေးဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ မိမိအနေနှင့် စာပေလောကအတွင်းရှိပြီး စာပေအဖွဲ့အစည်းများ၊ ဖွဲ့စည်းရန် စိုင်းပြင်းနေကြသည့် စာနယ်ဇင်းအသင်းအဖွဲ့များနှင့် တွေ့ဆုံပြီး အမြဲတေစာနယ်ဇင်းကောင်စီ ဖွဲ့စည်းနိုင်ရေးအတွက် အကြံဉာဏ်များတောင်းခံခြင်း၊ ဖွဲ့စည်းရာတွင် ပါဝင်ရန် သင့်လျော်မည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းတောင်းခံခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်းလည်း ပြောကြားလိုကြောင်း။

ယခုအခါ မြန်မာနိုင်ငံ စာရေးဆရာအသင်းကြီးသည် ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများကို စနစ်တကျ ပြင်ဆင်ဖွဲ့စည်းပြီး ယခုကဲ့သို့ ပထမဆုံးအကြိမ် ညီလာခံကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း၊ စာပေလောကတွင် အင်အားအများစုဖြစ်သည့် စာရေးဆရာများကို စုစည်းထားသော အသင်းကြီးဖြစ်သည့်အတွက် အသင်းကြီးရေရှည်တည်တံ့ခိုင်မြဲရန်၊ စာပေလောကတွင် ဂုဏ်သိက္ခာရှိသော အဖွဲ့အစည်းတစ်ခုအဖြစ် မားမားမတ်မတ် ရပ်တည်နိုင်ရန်၊ စာရေးဆရာများ၏ အကျိုး၊ စာပေလောက၏အကျိုး၊ တိုင်းပြည်နှင့်လူမျိုး၏အကျိုးကို သဟဇာတမျှတစွာ ထမ်းဆောင်နိုင်ပြီး ပြည်သူလူထုက ချစ်ခင်လေးစားအားကိုးသည့် အဖွဲ့အစည်းကြီးဖြစ်ရန်အတွက် ပါဝင်သောအသင်းသူ အသင်းသား စာပေပညာရှင်များအားလုံးက ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြလိမ့်မည်ဟု မိမိအနေဖြင့် ယုံကြည်မျှော်လင့်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့်-

- ခေတ်နဲ့အညီ ပြုပြင်ပြောင်းလဲဖွဲ့စည်းပြီးဖြစ်သည့် မြန်မာနိုင်ငံ စာရေးဆရာများ အသင်းသည် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအသင်း၏ အမွေကိုဆက်ခံသည်နှင့်အညီ အသင်း၏အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး တိုင်းပြည်နှင့် လူမျိုးအကျိုး၊ စာပေလောကနှင့် လောကသားများ အကျိုးများကို အမျိုးသားရေး အပေါ်အခြေခံကာ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်သွားကြပါ။
- စစ်မှန်သော၊ အရည်အချင်းပြည့်ဝသော၊ သိက္ခာရှိသော စတုတ္ထမဏ္ဍိုင်ဖြစ်အောင် ကြိုးပမ်းအားထုတ်ရင်း ပြည်သူအပါအဝင် ကျန်တဲ့မဏ္ဍိုင်ကြီး (၃)ခုကို ထိန်းကျောင်းတည့်မတ်ပေးကြပါ။
- ဒီမိုကရေစီ နိုင်ငံတော်သစ်ထူထောင်ရာတွင် ကလောင်ကိုကိုင်စွဲပြီး ပြန်ကြားရေးဝန်ကြီးဌာန၏ စံ(၅)ချက်အပါအဝင် စာနယ်ဇင်း ကျင့်ဝတ်များနှင့်အညီ ကျရာအခန်းကဏ္ဍမှ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်ပေးကြပါ။
- ပြည်သူက လေးစားယုံကြည်အားကိုးတန်ဖိုးထားသော စာပေအဖွဲ့အစည်းကြီးအဖြစ် ပေါ်ပေါက်ရပ်တည်နိုင်အောင် ခိုင်မာသည့်မူဝါဒ၊ မှန်ကန်သော ရပ်တည်ချက်နှင့် လုပ်ငန်းစဉ်များကို စနစ်တကျချမှတ် အကောင်အထည်ဖော်ဆောင်ရွက်သွားကြပါဟု တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပြည်ပသို့သွားရောက်ကြမည့် အားကစားအဖွဲ့ဝင်များအား တွေ့ဆုံမှာကြား

ရန်ကုန် ဇွန် ၁၆

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်သည် ဇွန် ၁၅ ရက် ညနေ ၆ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းရှိ အားကစားနှင့် ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြည်ပသို့ သွားရောက်ကြမည့် အားကစားအဖွဲ့ဝင်များအား တွေ့ဆုံမှာကြားသည်။

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄စီ(S-89)၊ မြေကွက်အမှတ်-၂၃၊ မြေကွက်တည်နေရာအမှတ် ၂၃၊ မဂ္ဂင်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ (ဒေါ်သုံး)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်သုံး(အပျိုကြီးဘဝဖြင့်)ကွယ်လွန်သဖြင့် ဒေါက်တာသန္တာ[၁၂/ဒဂန(နိုင်)၀၀၅၂၄၄]၊ ဦးသန့်ဇင်ဦး[၉/မမန(နိုင်)၀၀၀၃၀၉] တို့က ကိတ္တိမမွေးစားသားနှင့်သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ ကိတ္တိမမွေးစားစာချုပ် ၆၄၈၀၊ ၉၇/၁၂-၁၂-၉၇တို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၁၃၄/က၊ မြေကွက်တည်နေရာအမှတ်(၁၃၄/က)၊ ရာဇသင်္ကြန်(၃)လမ်း၊ ၁၁ရပ်ကွက်၊ တောင်ဥက္ကလာပ (ဦးသိန်းဟန်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသိန်းဟန် ကွယ်လွန်သဖြင့် ဒေါ်ညွန့်ရင်[၁၂/ဥကတ(နိုင်)၀၁၂၇၇၁]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကပ-၄၊ မြေကွက်အမှတ် ၆၅/ခ၊ မြေကွက်တည်နေရာအမှတ်(၆၅/ခ)၊ ဆင်ဖြူရှင်လမ်း၊ ၉ရပ်ကွက်၊ လှိုင်သာယာ၊ (ဦးပုစိန်)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးပုစိန်ထံမှ အရပ်ကတိအရောင်းစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးဇော်ဝင်း[၁၂/လသယ(နိုင်)၀၁၅၂၁၅]က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ဝန်ခံကတိတို့တင်ပြပြီး ဂရန်သစ်လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀တောင်၊ မြေကွက်အမှတ်-၆၄၇(က)၊ မြေကွက်တည်နေရာ-၆၄၇/က၊ သလ္လာဝတီ(၂)လမ်း၊ ၁၀တောင်၊ သာကေတ(ဦးညဏ်အောင်)၊ အမည်ပေါက် နှစ်(၆၀)ဂရန် မြေအား အမည်ပေါက် ဦးညဏ်အောင်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ (ဦးတင်ဦး)မှ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာများ တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

Computer
အိမ်အရောက်သင်ပေးသည်
- I Office, DTP, Graphic Design,
- Auto CAD 2D,3D,3D Max,
- Web Design, Video Editing
(မြို့ထဲဈေး-၃၀၀၀၀ကျပ်)
ဖုန်း-၀၉-၅၁၅၁၈၈၂

အမြန်အိမ်ရောင်းမည်
အမှတ်-၃၄၊ သမ္မာဒိဋ္ဌိလမ်း ဌေးကြွယ်(က)ရပ်ကွက်၊ တာမွေ၊ ၃ ထပ် R/C၊ အိပ်ခန်း ၇ခန်း၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ ညှိနှိုင်းဈေး၊ အမြန်ရောင်းမည်။ **ဖုန်း-၅၅၄၆၅၃**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းအမှတ်-၁၄၈၊ မြေကွက်အမှတ် ၁၀၂၈၊ မြေအမည်ပေါက် ဒေါ်သန်းသန်းဌေး[အယ်လ်/အာဂျီအန်၀၁၆၈၁၅]ထံမှဝယ်ယူထားသူ ဒေါ်ဂျယ်စီကာ[၁၂/မဂတ(နိုင်)၀၉၈၁၁၇]၊ အမှတ်-၁၀၂၈၊ ၁၄၈ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းက ဂရန်သစ်ထုတ်ပေးရန် လျှောက်ထားလာပါသည်။ သို့ပါ၍ ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (နှစ်ပတ်)အတွင်း ဤဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းအမှတ် ၁၄၈၊ မြေကွက်အမှတ် ၉၀၆၊ မြေအမည်ပေါက် ဒေါ်မြသွင်[အိုင်အက်စ်အင်န်-၅၂၈၉၅၆]ထံမှ ဝယ်ယူထားသူ ဒေါ်နော်ဂျယ်စီကာ[၁၂/မဂတ(နိုင်)၀၉၈၁၁၇]၊ အမှတ်-၉၀၆၊ ၁၄၈ ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းက ဂရန်သစ်ထုတ်ပေးရန် လျှောက်ထားလာပါသည်။ သို့ပါ၍ ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (နှစ်ပတ်)အတွင်း ဤဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁/ဗမာအေး၊ မြေကွက်အမှတ်-၂၉၀၊ မြေကွက်တည်နေရာအမှတ်(၂၉၀)၊ အေးစေတီလမ်း၊ ၁ရပ်ကွက်၊ ဒေါပုံ ဦးချိုအေး(CG-056506)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးချိုအေးနှင့်ဇနီးတို့ ကွယ်လွန်သဖြင့် ဒေါ်နွယ်နီဦး[၁၂/သကတ(နိုင်)၀၉၃၂၆၀]မှ တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ရန်ပြေ၊ မြေကွက်အမှတ် ၁၃၅၆/က၊ မြေကွက်တည်နေရာ ၁၃၅၆/က၊ ရန်ပြေ(၂)လမ်း၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဒေါ်ရင်မေ)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအားအမည်ပေါက် ဒေါ်ရင်မေနှင့်ခင်ပွန်းတို့ ကွယ်လွန်သဖြင့် ဦးသန်းထွန်းဦး[၁၂/သကတ(နိုင်)၀၄၃၉၉၄]က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ချစ်အားကျဆင်းမှုကြောင့်
မျိုး-ဉာဏ်-အောင် တိုင်းရင်းဆေးခန်း

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Canon Laser Printer LBP 2900	14Nos.
(ခ)	Digital Multifunction Copier(23 cpm)	13Nos.

၂။ တင်ဒါပုံစံထုတ်ယူရမည့်ရက်-၁၈-၀၆-၂၀၁၂ ရက်မှ ၁၉-၀၆-၂၀၁၂ ရက်အထိ ရုံးအမှတ်(၃၂)၊ နေပြည်တော်နှင့် အမှတ်(၁)၊ သစ္စာလမ်းမကြီး၊ ရန်ကင်းမြို့နယ်တွင် ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါတင်သွင်းရမည့်ရက်-၂၀-၀၆-၂၀၁၂ ရက်၊ ၁၂ နာရီမှ ၁၄ နာရီအတွင်း ရုံးအမှတ်(၃၂)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်းအမှတ်-၀၆၇-၄၀၆၃၄၇နှင့်၀၆၇-၄၀၆၃၂၇၊ ၀၁-၆၅၇၃၀၇သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဗဟိုစာရင်းအင်းအဖွဲ့
ရုံးအမှတ်(၃၂)၊ နေပြည်တော်

ကားကောင်းသန့်
စီးလိုသူများအတွက်
Honda-Insight, Hybrid, Silver Color, Grade (6A), (2000) km.
Ph:09-5175776

ကားရောင်းမည်
VIP

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၄၊ မြေကွက်အမှတ် ၅၂၊ မြေကွက်တည်နေရာအမှတ် ၁၀၊ လွတ်လပ်ရေးလမ်း၊ (ဃ)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ (မောင်ရွှေဝါ) အမည်ပေါက် Bမြေအား ဒေါ်ခွဲ့ခွဲ့အေးမှ မှတ်ပုံတင် အရောင်းစာချုပ်ချုပ်ပေးရန် သင်္ဃန်းကျွန်းမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ်(၁၀၅/၁၁)နှင့် ဇာရီမှုအမှတ်(၃/၁၂)တို့၏ အနိုင်ဒီကရီနှင့် တရားရုံး ဒေါ်ကြွေကြွေသန်း(ပါ-၄) တို့၏ကိုယ်စား ဒေါ်နိုင်နိုင်အောင်မှ ဘီးလစ်ခန့်စာတို့တင်ပြပြီး အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/ဇေယျာသီရိ၊ မြေကွက်အမှတ်-၃၃၊ မြေကွက်တည်နေရာအမှတ်(၂၂၀)၊ အောင်မိတ်ဆွေလမ်း၊ ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဒေါ်မြရွှေ[၁၂/ဒပန(နိုင်)၀၀၃၂၂၂]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် (မိခင်)ဒေါ်မြရွှေကွယ်လွန်သဖြင့်(ဖခင်)ဖြစ်သူ ဦးနီကျော်မှာ သာသနာ့ဘောင်သို့ အပြီးအပိုင်ရဟန်းဝတ်သွားပြီးဖြစ်သဖြင့် တစ်ဦးတည်းသောသမီးဖြစ်သူဒေါ်သန်းသန်းညို[၁၂/ဒပန(နိုင်)၀၀၃၇၄၁]မှ သေစာရင်း ကျမ်းကျိန်လွှာ သာသနာဝင်ထောက်ခံချက်တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၊ မြေကွက်အမှတ် ၉၀/ခ၊ မြေကွက်တည်နေရာအမှတ်(၄၄/ခ)၊ ဦးအောင်ဇေယျ(၁)လမ်း၊ တပင်ရွှေထီးရပ်ကွက်၊ ဒလမြို့နယ်၊ (ဦးမျိုးတင့်)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးမျိုးတင့်ထံမှ အရောင်းဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်လှလှအေး(DLA-027645)က ရပ်ကွက်၊ ရဲစခန်းထောက်ခံစာ၊ ဝန်ခံချက် ကျမ်းကျိန်လွှာတင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

အများသိစေရန်ကြေညာချက်

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ မိမိတို့၏ အဆောက်အအုံကို ဆောက်လုပ်ခွင့်/ပြင်ဆင်ခွင့်ရရှိရန် လျှောက်ထားလာသည့်အတွက် ကန့်ကွက်ရန် အကြောင်းရှိပါက သက်ဆိုင်သည့် အထောက်အထားစာရွက်စာတမ်းများနှင့်တကွ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း ဤဌာနသို့ လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည် -

စဉ်	အမည်	မှတ်ပုံတင်အမှတ်	လိပ်စာ	မှတ်ချက်
၁	ဦးမြင့်ဆွေ	၈/မစက (နိုင်) ၁၂၃၃၃	၆/၈၈ သမာဓိ ၁-လမ်း ဆ/က ရပ်ကွက် သင်္ဃန်းကျွန်း	(၃)ထပ်တိုက် ဆောက်လုပ်ခဲ
၂	ဒေါ်တက်တက်ထွန်း+၂	၁၂/သဃက(နိုင်) ၁၂၁၂၈၄	၇၈ ရတနာသုခလမ်း ဆ/က ရပ်ကွက် သင်္ဃန်းကျွန်း	(၃)ထပ်တိုက် ဆောက်လုပ်ခဲ
၃	ဦးစိန်သွင်	၁၂/သဃက(နိုင်) ၁၂၀၀၁၂	၁၅/ခ သမာဓိ ၁-လမ်း ဆ/က ရပ်ကွက် သင်္ဃန်းကျွန်း	(၃)ထပ်တိုက် ဆောက်လုပ်ခဲ
၄	ဒေါ်သီသီ + ၁	၁၂/သဃက(နိုင်) ၀၆၁၁၀၃	၃၄/၇၁ ရတနာသုခလမ်း ဆ/က ရပ်ကွက် သင်္ဃန်းကျွန်း	(၃)ထပ်တိုက် ဆောက်လုပ်ခဲ
၅	ဦးသန်းထွန်း	၁၂/သဃက(နိုင်) ၁၂၈၈၁၃	၁၆၈ [illegible]လမ်း ဗိုလ်ကျော်ညွှန့်ရပ်ကွက် သင်္ဃန်းကျွန်း	(၃)ထပ်တိုက် ဆောက်လုပ်ခဲ
၆	ဒေါ်မြင့်သန်း	၁၂/သဃက(နိုင်) ၀၇၄၀၈၂	၈၈ သမာဓိ ၅-လမ်း ဆ/က ရပ်ကွက် သင်္ဃန်းကျွန်း	(၃)ထပ်တိုက် ဆောက်လုပ်ခဲ
၇	ဦးသိန်းအေး	၁၂/သဃက(နိုင်) ၀၇၄၀၂၉	၃ [illegible]လမ်း ဆ/က ရပ်ကွက် သင်္ဃန်းကျွန်း	(၃)ထပ်တိုက် ဆောက်လုပ်ခဲ
၈	ဦးသန်းငြိမ်း	၁၂/သဃက(နိုင်) ၁၂၁၂၇၃	၂၉ သမာဓိ ၁-လမ်း ဆ/က ရပ်ကွက် သင်္ဃန်းကျွန်း	(၃)ထပ်တိုက် ဆောက်လုပ်ခဲ
၉	ဒေါ်သန်းသန်းဝေ	၁၂/သဃက(နိုင်) ၁၂၁၃၈၂	၅၃ သမာဓိ ၂-လမ်း ဆ/က ရပ်ကွက် သင်္ဃန်းကျွန်း	(၃)ထပ်တိုက် ဆောက်လုပ်ခဲ
၁၀	ဒေါ်ရီရီ	၁၂/သဃက(နိုင်) ၀၇၃၇၉၂	၈၃ ရတနာသုခလမ်း ဆ/က ရပ်ကွက် သင်္ဃန်းကျွန်း	(၃)ထပ်တိုက် ဆောက်လုပ်ခဲ
၁၁	[illegible]	AKB-၂၂၂၅၂၉	၁၃၆ သမာဓိ ၄-လမ်း ဆ/က ရပ်ကွက် သင်္ဃန်းကျွန်း	(၃)ထပ်တိုက် ဆောက်လုပ်ခဲ
၁၂	ဦးညွန့်ထွန်း+၁	၁၂/မမန (နိုင်) [illegible]	၁၂ သမာဓိ ၁-လမ်း ဆ/က ရပ်ကွက် သင်္ဃန်းကျွန်း	(၃)ထပ်တိုက် ဆောက်လုပ်ခဲ
၁၃	ဒေါ်တင်အေးဝေ	၁၂/သဃက(နိုင်) ၀၇၃၇၁၉	၁၃ သမာဓိ ၁-လမ်း ဆ/က ရပ်ကွက် သင်္ဃန်းကျွန်း	(၃)ထပ်တိုက် ဆောက်လုပ်ခဲ
၁၄	ဦးစောနိုင် + ၂	၁၂/သဃက(နိုင်) ၁၂၈၀၃၂	၂/၄ [illegible]လမ်း ဗိုလ်ကျော်ညွှန့်ရပ်ကွက် သင်္ဃန်းကျွန်း	(၃)ထပ်တိုက် ဆောက်လုပ်ခဲ
၁၅	ဦးခင်မောင်ထွန်း	၁၂/သဃက(နိုင်) ၁၈၅၆၆၄	၅၈၃ [illegible]လမ်း ဗိုလ်ကျော်ညွှန့်ရပ်ကွက် သင်္ဃန်းကျွန်း	(၃)ထပ်တိုက် ဆောက်လုပ်ခဲ
၁၆	ဒေါ်မူမူ	၁၂/သဃက(နိုင်) ၁၂၈၃၃၈	၈ သမာဓိ ၁-လမ်း ဆ/က ရပ်ကွက် သင်္ဃန်းကျွန်း	(၃)ထပ်တိုက် ဆောက်လုပ်ခဲ

ဌာနမှူး အင်ဂျင်နီယာဌာန (အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်၊ မြို့မဈေးအဆင့်မြင့်တည်ဆောက်မည့် လုပ်ငန်းနှင့်ပုံစံများ အဆိုပြုတင်ပြရန်အတွက် တင်ဒါခေါ်ယူခြင်း

၁။ တာချီလိတ်မြို့၊ ဝမ်ကောင်းရပ်ကွက်၊ ကွင်းအမှတ်(၉)၊ ဦးပိုင်အမှတ်(၆၄)၊ ဧရိယာ(၀.၉၂)ဧကတွင်ရှိသည့်ဈေးအား အဆင့်မြင့်ဈေးအဖြစ် ဆောက်လုပ်ရန်အတွက် တည်ဆောက်မည့်လုပ်ငန်းနှင့် ပုံစံများကို အဆိုပြုတင်ပြရန် တင်ဒါပေးသွင်းနိုင်ရေး ကြော်ငြာခေါ်ယူအပ်ပါသည်။

၂။ အဆင့်မြင့်ဈေးအဖြစ် ဆောက်လုပ်ပြီးစီးလျှင် စည်ပင်သာယာရေးအဖွဲ့သို့ လွှဲပြောင်းအပ်နှံရမည်ဖြစ်ပြီး ဆောက်လုပ်လိုသည့် ကုမ္ပဏီသည် ဈေးတစ်ခုတွင် ပါဝင်ရမည့် လိုအပ်ချက်များအားလုံးကို ထည့်သွင်းပုံစံထုတ်ရေးဆွဲ အဆိုပြုရမည်ဖြစ်ပါသည်။ ယေဘုယျအားဖြင့် အောက်ပါအချက်များကို အခြေခံပြီး ကုမ္ပဏီ၏အမြင်အရ ပိုမိုကောင်းမွန်သည့်အချက်များ ထည့်သွင်းရေးဆွဲနိုင်ပါသည်-

(က) ဈေးအား(၂)ထပ်နှင့် အထက်ပုံစံရေးဆွဲရန်၊
(ခ) ဈေးဝယ်လာသည့်ကားများနှင့် မော်တော်ဆိုင်ကယ်ရပ်နားရန်နေရာများ၊
(ဂ) အဆင့်မြင့်ဈေးအတွင်းဝင်/ထွက် လမ်းများနှင့်ဈေးပတ်လည် ရေနုတ်မြောင်းများ၊
(ဃ) ရောင်းကုန်အမျိုးအစားအလိုက် ဆိုင်ခန်းနေရာသတ်မှတ်မှုများ၊
(င) မြို့မဈေးရှိပုံ့ကျဈေးသည်များအတွက် နေရာချထားပေးမည့်အစီအမံများ၊
(စ) မူလဆိုင်ခန်းရှင်များအား ပြန်လည်နေရာချထားပေးမည့် အစီအမံများ၊
(ဆ) ပုံ့ကျဈေးသည်များအတွက် လုံလောက်သည့်အရေအတွက် တည်ဆောက်မည့်ပုံစံ၊
(ဇ) လုံခြုံရေးစနစ်၊ မီးဘေးလုံခြုံရေးစနစ်၊ အရေးပေါ်ထွက်ပေါက်များ စီမံထားရှိမှု
(ဈ) ရေပေးရေးအစီအစဉ်
(ည) မိလ္လာနှင့် ရေဆိုးထုတ်မည့်အစီအစဉ်
(ဋ) ဆိုင်ခန်းမီးများ၊ လုံခြုံရေးမီးများ တပ်ဆင်သွယ်တန်းမှု အစီအစဉ်၊
(ဌ) အခြားဝန်ဆောင်မှု ပေးနိုင်မည့် အစီအစဉ်များ၊

၃။ အဆိုပြုတင်ဒါ တင်သွင်းသည့် ကုမ္ပဏီသည် မိမိတင်သွင်းသည့် လုပ်ငန်းနှင့်ပုံစံအရ ခန့်မှန်းကုန်ကျစရိတ်နှင့် ပြန်လည်ရောင်းချမည့် ဈေးနှုန်းများ ဆောင်ရွက်လိုသည့် အငှားစနစ်ပါ ထည့်သွင်းအဆိုပြုရမည်။

၄။ အဆိုပြုတင်ဒါတင်သွင်းမည့် ကုမ္ပဏီလုပ်ငန်း၊ ပုံစံများနှင့်အတူ မိမိဆောက်လုပ်မည့် ပုံစံ၏ ကျသင့်ငွေ၏ (၁၀%) ရာခိုင်နှုန်းကို အာမခံငွေအဖြစ် တင်သွင်းရမည်။

၅။ ကြီးကြပ်မှုကော်မတီအား မိမိလုပ်ငန်းပုံစံနှင့်ပတ်သက်၍ သတ်မှတ်ရက်တွင် ရှင်းပြရမည်ဖြစ်ပြီး ပုံစံရွေးချယ်မခံရလျှင် တင်သွင်းထားသည့် အာမခံငွေအား တင်ဒါအတည်ပြုရွေးချယ်ပြီးသည့်ရက်မှ နောက်ပိုင်းရက်များတွင် ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။

၆။ အဆိုပြုတင်ဒါတင်သည့် ကုမ္ပဏီသည် ကုမ္ပဏီ မှတ်ပုံတင်လက်မှတ်မိတ္တူ၊ ကုမ္ပဏီများ အက်ဥပဒေ(၁၀၄)အရ ငွေကြေးပိုင်ဆိုင်မှု အထောက်အထားနှင့် သင်းဖွဲ့မှတ်တမ်းစည်းမျဉ်းများ ထည့်သွင်းအဆိုပြုရမည်။

၇။ ရွေးချယ်ခံရသည့် ကုမ္ပဏီသည် တင်ပြသည့် စံချိန်၊ စံညွှန်းများနှင့်အညီ ဆောက်လုပ်ရမည်ဖြစ်ပြီး အဆင့်မြင့် ဈေးတည်ဆောက်ရေးကြီးကြပ်မှုကော်မတီနှင့် အသေးစိတ် စည်းကမ်းချက်များဆွေးနွေးပြီး စာချုပ်ချုပ်ဆိုလုပ်ကိုင်သွားရမည်ဖြစ်ပါသည်။

၈။ အဆိုပြုပုံစံတင်ဒါများကို ၁၃-၇-၂၀၁၂ ရက် ညနေ ၄ နာရီနောက်ဆုံး ထား၍ အဆင့်မြင့် ဈေးတည်ဆောက်ရေးကြီးကြပ်မှုကော်မတီသို့ တင်သွင်းရမည်။ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ အိတ်ဖွင့်ပေးပို့နိုင်ပါသည်။

ဝမ်ကောင်းဈေး၊ အဆင့်မြင့်ဈေးတည်ဆောက်ရေး
ကြီးကြပ်မှုကော်မတီ
မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ တာချီလိတ်မြို့။
ဖုန်း-၀၈၄-၅၁၀၃၅၊ ၀၈၄-၅၂၈၃၅

ဇော်

ဗိုလ်ချုပ်အောင်ဆန်းဈေး
ဆိုင်ခန်း(ရောင်း-ဝယ်-ငှားရမ်းခြင်း)
အကျိုးဆောင်လုပ်ငန်း
ဖုန်း-၀၉ ၅၁၆၆၂၈၇၊ ၀၉ ၅၀၀၆၁၉၁



၂၈-၅-၂၀၁၂ ရက်ထုတ် ကြေးမုံသတင်းစာ (စာ-၁၈)နှင့် ၉-၆-၂၀၁၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ (စာ-၁၇)တွင် ပါရှိသော တရားလွှတ်တော်ရှေ့နေဦးတင်အေးနှင့် အထက်တန်းရှေ့နေ ဒေါ်ဖြူသင်းသွယ်တို့၏ ဝါဝါဝင်းဆောက်လုပ်ရေး၏ အမွေစား၊ အမွေခံများ၊ တရားဝင်ဆက်ခံသူများနှင့် အများသိစေရန်ကြေညာချက်အပေါ် ရှင်းလင်းကန့်ကွက်ကြောင်း ကြေညာချက်

အထက်ဖော်ပြပါ နေ့ထုတ်သတင်းစာကြီးများ၌ တရားလွှတ်တော်ရှေ့နေ ဦးတင်အေးနှင့် အထက်တန်းရှေ့နေ ဒေါ်ဖြူသင်းသွယ်တို့နှစ်ဦးက ဒေါ်မာလာဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ ထည့်သွင်းကြေညာချက်ပါ အကြောင်းအရာများနှင့် ပတ်သက်၍ အမှန်တကယ်အရောင်းအဝယ်ပြုလုပ်ထားသော မြေကွက်တည်နေရာများ တိကျမှန်ကန်ခြင်းမရှိကြောင်း အောက်ပါအတိုင်း ရှင်းလင်းကန့်ကွက်ကြေညာအပ်ပါသည်။

၎င်းကြေညာချက်ပါ လှိုင်သာယာမြို့နယ်၊ အနော်ရထာစက်မှုဇုန်၊ စက်မှုဇုန်အပိုင်း(၅)ဟူ၍ ဖော်ပြချက်မမှန်ပါ။ မြေကွက်အမှတ် (A-1 to A-14) (B-1 to B-14) (C-1 to C-12) မြေကွက်များသည် အနော်ရထာစက်မှုဇုန်အပိုင်း(၅)ရှိ မြေကွက်များဆိုသည်မှာ မှားယွင်းနေပါသည်။ ၎င်းမြေကွက်များသည် အနော်ရထာစက်မှုဇုန်အပိုင်း(၁) (Phase-I)ရှိ မြေကွက်အမှတ်များသာ ဖြစ်ပါသည်။ ထို့ပြင် ၎င်းတို့၏ ကြေညာချက်ပါ မြေကွက်အမှတ် (1C, 2, 3, 4, 5, 6, 23, 24, 25, 26, 27, 28) မြေကွက် (၁၂)ကွက်သည် အနော်ရထာစက်မှုဇုန်အပိုင်း(၁) (Phase-I)ရှိ မြေကွက်များမဟုတ်ပါ။ မြစိမ်းရောင်ဥယျာဉ်မြို့တော်၊ အပိုင်း (1-A)အတွင်း တည်ရှိသော မြေကွက်များသာ ဖြစ်ပါသည်။ ထို့ပြင် မြေကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၂၀၄)၊ (၂၀၅)တို့သည် မြစိမ်းရောင်ဥယျာဉ်မြို့တော်အပိုင်း (1-B)ရှိ မြေကွက်များသာ ဖြစ်ပါသည်။

ထို့ပြင် သာကေတမြို့နယ်၊ မြခွာညိုအိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၇၁)(A-1)၊ (၇၁)(A-2)၊ (၇၁)(A-3)၊ (၇၁)(A-4)ဟု ဖော်ပြသော မြေကွက်များ၏ စုစုပေါင်းဧရိယာ ဧကမှာ (၉၈. ၀၈၁) ဟုဖော်ပြထားခြင်းမမှန်ပါ။ ယင်းမြေကွက်များ၏ စုစုပေါင်းဧရိယာဧကသည် (၂. ၂၅၁)သာ အမှန်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ ဒေါ်မာလာဝင်းနှင့်တကွ ၎င်း၏ရှေ့နေများ၏ အဆိုပါ ကြေညာချက်သည် ဝါဝါဝင်းဆောက်လုပ်ရေးနှင့် ဆက်ဆံလျက်ရှိသော အခြားအရောင်းအဝယ်ပြုလုပ်ထားသူများနှင့် အများပြည်သူအကြား ထင်ယောင်ထင်မှားဖြစ်စေပြီး ဝါဝါဝင်းဆောက်လုပ်ရေး၏ အမည်ဂုဏ်သတင်းကို များစွာ ထိခိုက်နစ်နာမှု ဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် မိမိတို့၏ အများသိစေရန် ကြေညာချက်ပါ အမှားအယွင်းများကို အမှန်အတိုင်း ရှင်းလင်းဖော်ပြ၍ မှားယွင်းကြေညာမိကြောင်း တောင်းပန်ခြင်းအပါအဝင် အများသိစေရန် ကြေညာချက်တစ်စောင်ကို အမြန်ဆုံး ပြန်လည်ကြေညာပေးရန် တောင်းဆိုအပ်ပါသည်။

ဝါဝါဝင်းဆောက်လုပ်ရေး၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းစိုး(ထွန်း)	**ဒေါ်မူယာ**
B.A(Eco), H.G.P, R.L, D.B.L	**LL.B, Dip:in Business Law**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**

ဦးကျော်မြင့်
B.A, H.G.P, R.L
တရားလွှတ်တော်ရှေ့နေ
အမှတ်(၁၂၄/ပ)၊ ၃၈-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

Super Custom ရောင်းမည်

Living Saloon Ex 2000
လိုင်စင်အသစ် အခွန်ကင်းရှင်း ၈ဈ--(၁၉၅)သိန်း
ဖုန်း-09 5102811, 01-554136

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄/ရွှေပေါက်ကံ၊ မြေကွက်အမှတ်(၁၀၉၃)၊ မြေကွက်တည်နေရာအမှတ်(၁၀၉၃)၊ (၁၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဒေါ်ခင်ညွှန့်)အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဗိုလ်ကြီးဒေါ်ခင်ညွှန့်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ချိုချိုဝင်း[၅/ခတန(နိုင်)၀၁၂၁၀၀]မှ ပါမစ်မူရင်း ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကျမ်းကျိန်လွှာများ တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ(၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-9-L၊ မြေကွက်အမှတ်-၁၇၅၊ ၁၇၆၊ ၁၇၇၊ ၁၇၈၊ ၁၇၉၊ မြေကွက်တည်နေရာအမှတ်-၂၀/၂၈၊ ၆၄လမ်း၊ (၃)ရပ်ကွက်(Saw Chain Poon)အမည်ပေါက် နှစ်(၉၀)မြေငှားစာချုပ်ဂရန်(သက်ကုန်)မြေအား အမည်ပေါက် Saw Chain Poon ၏ သားဖြစ်သူ ဦးကောက်ဝမ်မှ ပိုင်ဆိုင်စာချုပ်အမှတ် ၄၀၁၈/၀၂ ၁-၁၀-၀၂ ဖြင့် ရရှိထားပြီး ဦးကောက်ဝမ်ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်တင်ကြည်အား တရားပြိုင်ထား၍ ဦးဝင်းလွင်အောင်ပါ(၄)ဦးမှ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ် ၄၀၃/၂၀၁၁နှင့် တရားမဇာရီမှုအမှတ်-၂၉/၂၀၁၂ဖြင့် တရားလိုပြုစွဲဆိုသည့်အနိုင်ဒီကရီတင်ပြ၍ ဘီးလစ်ဒေါ်သရဖီအောင်မှ အရောင်းအဝယ်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၁)ရပ်ကွက်၊ ပုန်းညက်လမ်းပေါ်ရှိ၊ မြေကွက်အမှတ်-၆၉၈ သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် (၁)ဦးရဲထွန်း[၁၂/မရက(နိုင်)၀၈၄၃၅၉]နှင့် (၂)ဒေါ်နီလှဝင်း[၁၂/ရကန(နိုင်)၀၂၈၆၃၄]တို့၏ အမည်ဖြင့်မှတ်သားတည်ရှိပါသည်။ အဆိုပါမြေကွက်ကို ဒေါ်တင့်တင့်ခိုင်[၁၄/ဝခမ(နိုင်)၁၅၆၃၇၈]က စာချုပ်စာတမ်းဖြင့် မိမိဝယ်ယူပိုင်ဆိုင်ထားကြောင်း အဆိုပြု၍ ရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေများက ဝယ်ယူရန်သဘောတူသည့်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဆန်နီ
အထက်တန်းရှေ့နေ(စဉ်-၁၆၉၅၁)
၁၀၃၇၊ သင်းဝင်(၅)လမ်း၊ (၃၄)ရပ်ကွက်၊ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်
ဖုန်း-၇၃၀၄၆၉၀၆၊ ၅၈၀၇၇၁၊ ၅၈၆၇၁၁



(၁)လပြည့်လွမ်းဆွတ်သတိရခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်တင်တင်ညို(၆၅) နှစ်
ပျဉ်းမနားမြို့
(၁၇-၅-၂၀၁၂-၁၇-၆-၂၀၁၂)

မိသားစုနှင့် မမျှော်လင့်ဘဲ ခွဲခွာသွားခဲ့သည်မှာ (၁)လတိတိ ပြည့်ခဲ့ပါပြီ။ မိသားစုအပေါ်ထားရှိသော မေတ္တာ၊ စေတနာများကို အမြဲသတိရ အောက်မေ့လျက်ပါ။ နေ့စဉ် ပြုသမျှ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်များကို အေးချမ်းမြင့်မြတ်သော ဘုံဘဝမှ ကြားသိ သာဓုခေါ်ဆိုနိုင်ပါစေ။

ချစ်ခင်ပွန်း- ဗိုလ်မှူးမြတ်လွင်(ငြိမ်း)
ချစ်သမီး - ဒေါက်တာစုစန္ဒာ(မန်း/ဆေး)
ချစ်သား - ကိုရဲထွဋ်လွင်(ခေတ္တ-စင်ကာပူ)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဃ၊ မြေကွက်အမှတ်-၅၃၆၁/၂၊ မြေကွက်တည်နေရာအမှတ်-၅၃၆၁/၂၊ (ဃ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဒေါ်မြတင်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်မြတင်ထံမှ အမွေဆက်ခံပိုင်ဆိုင်စာချုပ်အမှတ် ၃၉၈၂(၂၁-၁၂-၀၉)ဖြင့် ရရှိသူ ဦးဌေးသွင်+(၂)ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၁၇၁၆(၂၁-၁၂-၀၉)ဖြင့် ကိုယ်စားလှယ်လွှဲစာရရှိသူ ဦးပါလရား[၁၂/ဥကမ(နိုင်)၀၂၁၀၆၉]က ကိုယ်စားလှယ်လွှဲစာပေးအပ်သူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်လှလှမြင့်(သထုံ)
အသက်(၉၂)နှစ်

ဇင်ယော်မင်း အထွေထွေထုတ်လုပ်ရေးကုမ္ပဏီလီမိတက်၊ နမ့်ဟူးအသေးစားရေအားလျှပ်စစ်စီမံကိန်း၊ နောင်ချိုမြို့မှ Chief Engineer ဦးလှသိန်းစံ(ခ) WINSTON-ဒေါ်ခင်အေးမြင့်တို့၏မိခင်သည် ၁၃-၆-၂၀၁၂ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးအင်မြင့်-ဒေါ်ထွေးညို
ဇင်ယော်မင်းအထွေထွေထုတ်လုပ်ရေးကုမ္ပဏီလီမိတက်

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်လှလှမြင့်(သထုံ)
အသက်(၉၂)နှစ်

ဇင်ယော်မင်း အထွေထွေထုတ်လုပ်ရေးကုမ္ပဏီလီမိတက်၊ နမ့်ဟူးအသေးစားရေအားလျှပ်စစ်စီမံကိန်း၊ နောင်ချိုမြို့မှ Chief Engineer ဦးလှသိန်းစံ(ခ) WINSTON-ဒေါ်ခင်အေးမြင့်တို့၏မိခင်သည် ၁၃-၆-၂၀၁၂ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဝန်ထမ်းမိသားစု
နမ့်ဟူးအသေးစားရေအားလျှပ်စစ်စီမံကိန်း၊ နောင်ချိုမြို့
ဇင်ယော်မင်း အထွေထွေထုတ်လုပ်ရေးကုမ္ပဏီလီမိတက်

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်အုံး
အသက်(၇၈)နှစ်
ဦးချစ်လက်ဖက်ရည်ဆိုင်

သူငယ်ချင်း ကိုအေးကို(ဌာနခွဲမှူး၊ YCDC လမ်း/တံတား)၏ မိခင် ဒေါ်အုံး အသက်(၇၈)နှစ်သည် ၁၀-၆-၂၀၁၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

1987 & 91 Batch, RIT (CIVIL)
သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း
ဦးကျော်မောင် (၇၂)နှစ်

သိန်းသောင်းကျော် ဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးသောင်းလှိုင်၊ ဒေါ်စန်းစန်းဌေးတို့၏ဖခင် ဦးကျော်မောင် အသက်(၇၂)နှစ်သည် ၁၄-၆-၂၀၁၂ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးသိမ်းမြင့်လေး၊ ဦးငြိမ်းချမ်းကျော်
သိန်းသောင်းကျော်၊ ဆောက်လုပ်ရေး မိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ခင်စန်း(ခ)ဒေါ်အက်ပီ (၇၂)နှစ်
ပါမောက္ခ/ဌာနမှူး(ငြိမ်း)၊ ရူက္ခဗေဒ၊ မော်လမြိုင်တက္ကသိုလ်

၁၅-၆-၂၀၁၂ ရက်တွင် ကွယ်လွန်သွားသည့် ဆရာမကြီး၏ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပထမအကြိမ် ရူက္ခဗေဒမိသားစု
မိတ်ဆုံစားပွဲတက်ရောက်ခဲ့သည့်
ကျောင်းသူ/သားများ၊ မော်လမြိုင်

ဒေါ်ခင်ထွေး
အသက်(၇၀)
တာမွေမြို့နယ်၊ရန်ကုန်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးကျင်-ဒေါ်ရှင်)တို့၏ တတိယသား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ ဥယျာဉ်လမ်း၊ အမှတ်(၉)နေ ဦးစိုးလွင်၏ ဇနီး၊ မမြစန္ဒာလွင်-ကိုတင်စိုးနိုင်၊ မဝင်းစန္ဒာလွင်-ကိုမြင့်အောင်၊ မသက်စန္ဒာလွင်-ကိုအောင်ကျော်ဦး၊ မလင်းလင်းစန္ဒာလွင်-ကိုဝေလင်းထွန်း၊ ကိုနေဦးလွင်တို့၏ မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၁၃-၆-၂၀၁၂ ရက် နံနက် ၁း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၁၂ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၉-၆-၂၀၁၂ရက်တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်စော၏ခင်ပွန်း ဦးအေးထွန်း(ထွန်းပရိဘောဂ၊ ထားဝယ်မြို့)သည် ၁၅-၆-၂၀၁၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးကျော်နိုင်-ဒေါ်ဖြူဖြူ မိသားစု
Royal Pearl ပုလဲဆိုင်
မြိတ်မြို့

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊မုခ်ဦး ဒါယကာကြီး
ဦးအေးထွန်း
အသက်(၆၂)နှစ်
(ထွန်းပရိဘောဂ၊ ထားဝယ်)

ထားဝယ်မြို့နေ (ဦးမောင်ကျော်-ဒေါ်စီပို)တို့၏ သား၊ (ဦးညဏ်သင်း-ဒေါ်ငွေပို)တို့၏ သားသမက်၊ ထားဝယ်မြို့၊ သဘော်ဆိပ်ရပ်၊ အာဇာနည်လမ်း၊ အမှတ်(၁၁)နှင့် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၅၁)(ကောင်းကောင်းဆေးဆိုင်)နေ ဒေါ်ခင်စော၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ရဲနောင်ထွန်း၊ မောင်လင်းဘိုဘို-မအိအိခက်ပန်၊ မောင်စံကျော်-မစုစုမာတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၁၅-၆-၂၀၁၂ (သောကြာနေ့) နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၁၂ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် သပြေချောင်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဒေါ်မြင့်မြင့်
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ အမှတ်(၉၄)၊ ငါးလွှာ၊ (အေ)၊ မန္တလေးလမ်း၊ ကန်ရှေ့ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ [ဦးမောင်ညွန့်-ဒေါ်လှထွေး(ကားဘော်ဒီဆေးမှုတ်လုပ်ငန်း)]တို့၏ သမီးကြီး၊ (ဦးဗိုင်-ဒေါ်ဖွားရှင်)တို့၏ သမီးချွေးမ၊ ကိုဇော်ဇော်-မနှင်းနှင်း၊ မမီမီခိုင်-ကိုထွန်းထွန်းဝင်း၊ မမိုးမိုးခိုင်-ကိုကျော်စိုးဝင်း၊ မစံပယ်ခိုင်-(ကိုရန်နိုင်စိုး)၊ မစန္ဒာခိုင်-(မောင်မျိုးသန်း)၊ မောင်တင်အောင်ဆန်း၊ မသဉ္ဇာနွယ်တို့၏ မွေးသမိခင် ကျေးဇူးရှင်၊ ဦးတင်ညွန့်၏ ချစ်လှစွာသော ဇနီးသည် ၁၆-၆-၂၀၁၂ (စနေနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၂ (တနင်္လာနေ့)မွန်းတည့်၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

အနိစ္စ

ဒေါ်သိန်းကြင် (၉၈)နှစ်
(ဒေးဒရဲ၊ တော်လှကျေးရွာ)

ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်၊ တော်လှကျေးရွာနေ (ဦးချစ်တုတ်-ဒေါ်ရွှေမှုံ)တို့၏ သမီးလတ်၊ [ဦးမောင်မောင်ထွန်း(ထွန်းသိင်္ဂါဘာသာပြန်အရာရှိ ဗြိတိသျှ၊ အမေရိကန်နှင့်အိန္ဒိယသံရုံး)]၏ဇနီး၊ ဒေါက်တာဦးစိန်ဝင်း(မုံရွာ)၏ အဒေါ်၊ (ဒေါက်တာဇော်မင်း)၊ဒေါက်တာစိုးထွန်း၊ မမြတ်မြတ်စိုး၊ Capt;တင်ထွန်းနီ-ဒေါ်ခင်ဌေးရီတို့၏ မိခင်၊ မနေခြည်စိုးထွန်း၊ မေသိမ့်ထွန်းနီ၊ ကိုအောင်ပြေထွန်းနီ၊ ကိုလင်းတင်ထွန်းနီ၊ ကိုခူဝံစိုးထွန်းတို့၏ အဘွားသည် ၁၂-၆-၂၀၁၂ ရက် ညနေ ၄း၃၀ နာရီတွင် (၈၂၆/စီ)၊ အောင်စေတီလမ်း၊ ဆယ်မိုင်၊ စော်ဘွားကြီးကုန်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၂ ရက် နံနက်ပိုင်းတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးအောင်သန်း (၉၅)နှစ်
ဒု-မန်နေဂျာ(ငြိမ်း)၊ သစ်လုပ်ငန်း (တောင်ငူ)

တောင်ငူမြို့၊ အုတ်ကျုတ်တန်းရပ်နေ (ဦးပိုင်-ဒေါ်လှနှင်း)တို့၏ သား၊ (ဒေါ်အုန်းကြိုင်)၏ ခင်ပွန်း၊ (ဦးဘိုးသောင်-ဒေါ်ငြိမ်းရင်)၊ [ဗိုလ်ကြီးအောင်သိန်း(ငြိမ်း)-ဒေါ်အမာ]၊ [ဗိုလ်မှူးမင်းအောင်(ငြိမ်း)-ဒေါ်ကေသီ]တို့၏ ညီ၊ [ဗိုလ်ကြီးမောင်ကျော်(ငြိမ်း)-ဒေါ်အမ]၊ (ဦးကျော်ရင်)၊ ဗိုလ်မှူးမောင်လှ(ငြိမ်း)-(ဒေါ်ကျင်လှိုင်)၊ [ဒုတိယဗိုလ်မှူးကြီးအုန်းငွေ(ငြိမ်း)]-ဒေါ်ခင်ခင်၊ (ဒေါ်ပြုံး)၊ (ဒေါ်သင်းမြင့်)၊ တပ်ကြပ်ကြီးသောင်းရွှေ(ငြိမ်း)-ဒေါ်သိန်းလှတို့၏ အစ်ကို၊ [ဦးကျော်တင့်(မြန်မာ့စီးပွားရေးဘဏ်-ငြိမ်း)]-ဒေါ်ကြူကြူသန်း(အလပြ-ငြိမ်း)၊ ဦးခင်မောင် (အင်ဂျင်နီယာမှူးကြီး-ငြိမ်း)-ဒေါ်ခင်မူမူ(ထွေ/ဂျာ၊ စက်မှု-၁-ငြိမ်း)၊ ဒေါ်မာလာသန်း(အလပြ-ငြိမ်း)တို့၏ ဖခင်၊ ဗိုလ်မှူးခိုင်ဇော်ဦး-ဒေါက်တာစောဝတ်မှုန်၊ ဒေါက်တာအာကာ-ဒေါက်တာခိုင်ဆွေဆွေညွန့်တို့၏ အဘိုး ဦးအောင်သန်းသည် ၁၆-၆-၂၀၁၂ ရက် ညနေ ၅ နာရီတွင် တောင်ငူမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၂ ရက် မွန်းလွဲ ၁နာရီတွင် တောင်ငူမြို့အနောက်သုသာန်၌ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊မုခ်ဦး ဒါယကာကြီး
ဦးအေးထွန်း (၆၂)နှစ်
(ထွန်းပရိဘောဂ၊ထားဝယ်)

ထားဝယ်မြို့၊သဘော်ဆိပ်ရပ်၊ အာဇာနည်လမ်း၊ အမှတ်(၁၁)နှင့် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၅၁)(ကောင်းကောင်း ဆေးဆိုင်)နေ ဒေါ်ခင်စော၏ ချစ်လှစွာသောခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးတင်ရှိန်-ဒေါ်မြမြစန်း၊ ဦးသန်းဝင်း-ဒေါ်မြမြဝင်း (စိမ်းလန်းမြေဓာတ်မြေဩဇာ၊ ဘုရင့်နောင်)တို့၏ ညီ/မောင်၊ ထားဝယ်မြို့နေ ဦးကံဝင်း-ဒေါ်သိန်းရီ၊ ဦးသန်းထွန်း-ဒေါ်ခင်နွဲ့(မဟာဆေးဆိုင်)၊ ရန်ကုန်မြို့နေ ဦးအုန်းမောင်-ဒေါ်ရီရီသိန်း(ရွှေဇင်ယော်ဟိန်းကုမ္ပဏီ)၊ ဦးမျိုးသိန်း-ဒေါ်စန်းစန်းနု (မြတ်တော်ဝင်ဆေးတိုက်)၊ ဦးမင်းလွင်ဦး-ဒေါ်မော်မော်ဝါရှိန်(ရွှေဇင်ယော်ဟိန်းကုမ္ပဏီ)၊ ဦးမောင်မောင်ခိုင်-ဒေါ်မိုးမိုးသင်းတို့၏အစ်ကိုသည် ၁၅-၆-၂၀၁၂ (သောကြာနေ့) နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၁၂ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် သပြေချောင်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

မောင်ထွန်းနိုင် (၃၂)နှစ်
ရိုးရာပန်းပညာရှင်များအစည်းအရုံးဝင်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ အမှတ်(၁၇၇၁)၊ စိုက်ပျိုးရေးလမ်းနေ (ဦးရွှေထီးအောင်-ဒေါ်ရွှေမှဲ့)တို့၏ သား၊ (ဦးတင်ထွန်းအေး)-ဒေါ်မတင်ရွှေတို့၏သားသမက်၊ ဦးတင်အောင်(အထက-ဇရပ်ပြင်)-ဒေါ်စမ်းကြည်၊ (ဦးသန်းထွန်း)-ဒေါ်ခင်သန်းနွယ်၊ ရဲအုပ်ဆန်းလွင်-ဒေါ်ခင်မာစိုး၊ ဦးသန်းမောင်ရွှေ - ဒေါ်ခင်သန်းဌေး၊ ကိုထွန်းလွင်(ပန်းပု)တို့၏ ညီ/မောင်၊ မခင်ဆန်းမြင့်၊ မောင်ကျော်သက်ထွန်းတို့၏အစ်ကို၊ မခင်ဝင်းဝင်း၏မောင်၊ မတင်တင်ဝင်း၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်အောင်ထက်လင်း (အမက-၈)၏ မွေးသဖခင် ကျေးဇူးရှင်သည် ၁၂-၆-၂၀၁၂ (အင်္ဂါနေ့) နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၁၂ (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [အမှတ်-၃၂၁၊ ဝါရောင်လမ်း၊ (၄၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

ဒေါ်ခင်ခင်လှ(ထားဝယ်)
အသက်(၈၈)နှစ်

ထားဝယ်မြို့၊ ကညံ့ရပ်နေ (ဝန်ထောက်မင်းဦးညွန့်-ဒေါ်မိတ်)တို့၏ တစ်ဦးတည်းသောသမီး၊ ပဲခူးမြို့နေ (ဦးဝင်း-ဒေါ်သိန်းရှင်)တို့၏ သမီးချွေးမ၊ (ဦးကျော်အောင်)၏ ဇနီး၊ ဦးခင်မောင်သွင်(အမှတ်-၃၊ အကြီးစားစက်မှုလုပ်ငန်း၊ ရုံးချုပ်၊ စက်မှုဝန်ကြီးဌာန)-ဒေါ်ခင်ခင်ညွန့်၊ [ဦးမောင်မောင်သန့်(MRTV)]-ဒေါ်သန်းသန်းမြင့်၊ ဦးမောင်မောင်လတ်(ပုသိမ်မှုန်စက်ရုံ၊ စက်မှုဝန်ကြီးဌာန)-ဒေါ်အေးအေးသန်း၊ ဒေါ်အေးမမ(ဦးစီးအရာရှိ၊ MRTV)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မလွဲ့ဝတ်ရည် (Asian Wings Airway)၊မမြတ်ဝတ်ရည်(B.E,Final. IT၊ နည်းပညာတက္ကသိုလ်၊ လှိုင်သာယာ)၊ မဆုမွန်မွန်သန့်(ပ-နှစ်၊ ဆေး-၁)၊ မောင်ရဲမြတ်ပိုင်အောင်(Grade-IX-H၊ TTC)တို့၏ အဘွားသည် ၁၅-၆-၂၀၁၂ (သောကြာနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၁၂ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ဝမ်လန်ကျိန်း (၇၃)နှစ်
(အာရှလှိုင်းကျော်မိသားစု)

မန္တလေးမြို့၊ အမှတ်(၁၀၉)၊ (၃၃)လမ်း၊ (၇၃-၇၄)လမ်းကြားနေ ဒေါ်နန်းလှိုင်မွေး(ခ)မအားလင့်-ဦးရန်ရှင်းဝေ၊ ဦးကျော်နိုင်-ဒေါ်ဟော်ဇီမေ(ခ)မအားမေ၊ ဦးသန်းအောင်-ဒေါ်လီလီ(ခ)မနှင်းချွေးတို့၏မိခင်၊ မစုစုဝင်း၊ မဖြူဖြူဝင်း၊ မထက်ထက်ဝင်း(ခ)အားထင့်၊ မောင်ဟန်ရဲကျော်၊ မောင်ဟန်သိန်းကျော်၊ မခိုင်ထက်ထက်နိုင်၊ မောင်စည်သူ၊ မောင်မြတ်သူတို့၏အဘွားသည် ၁၆-၆-၂၀၁၂ရက် ညနေ ၆း၀၅နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား သိစေအပ်ပါသည်။ (သဂြိုဟ်မည့်ရက်နှင့် အချိန်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးဖိုးဝေဦး (၆၉)နှစ်

ကျောက်ဖြူမြို့နယ်၊ စနဲကျေးရွာနေ (ဦးဖိုးရကေ-ဒေါ်ဝေမ)တို့၏ သား၊ စနဲ ကျေးရွာနေ (ဦးစနေအောင်)-ဒေါ်မေသာစုတို့၏ သားသမက်၊ ကျောက်ဖြူမြို့နေ ဒေါ်မခင်အေး၏ သား၊ မင်္ဂလာဒုံမြို့နယ်၊ (၂/က)စံပြရပ်ကွက်၊ ကာယသုခအတွင်းလမ်း၊ အမှတ်(၂၃၅)နေ ဒုတိယဗိုလ်မှူးကြီးမြင့်ဦး(ငြိမ်း)-ဒေါ်နှင်းကေသွယ်စိုး၊ ဦးခင်မောင်ဆွေ(ခ)ညီညီ၊ ဦးဟန်လွင်ထွေး-ဒေါ်တင်လေးဝေ၊ ကိုအတာတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးနှစ်ယောက်တို့၏ အဘိုး၊ ဒေါ်တင်ရွှေ၏ ချစ်လှစွာသောခင်ပွန်းသည် ၁၅-၆-၂၀၁၂(သောကြာနေ့) ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၁၂(တနင်္ဂနွေနေ့) နံနက် ၉ နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၁-၆-၂၀၁၂(ကြာသပတေးနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးဖိုးဝေဦး
အသက်(၆၉)နှစ်

မင်္ဂလာဒုံမြို့နယ်နေ ဒုတိယဗိုလ်မှူးကြီးမြင့်ဦး(ငြိမ်း)-ဒေါ်နှင်းကေသွယ်စိုးတို့၏ ဖခင် ဦးဖိုးဝေဦးသည် ၁၅-၆-၂၀၁၂ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

တေဇ(၁၆)ကျောင်းဆင်းအရာရှိများ
မိသားစု

ဘုရား၊ ရဟန်း ဒါယကာကြီး
ယိုစိန်တောင်(ခ)ဦးတင်အေး
အသက်(၇၉)နှစ်
သစ္စာအောင်ကျောက်ကျောလုပ်ငန်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်/အရှေ့ရပ်ကွက်၊ အမှတ်(၁၁၄)၊ ကန္နားလမ်းနေ (ယိုဖောင်ဟူး-အော်လျန့်)တို့၏ သား၊ ဒေါ်မြင့်မြင့်သန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်မြင့်-ဒေါ်ရွှေဝါ၊ ဒေါ်ရွှေစု၊ ဦးအောင်ကျော်လတ်-ဒေါ်ရွှေယုံ၊ ဦးရွှေစိန်-ဒေါ်နီနီညွန့်၊ ဦးသိန်းဟော့-ဒေါ်စိုးစိုး၊ ဦးရွှေကြိုင်-ဒေါ်နီနီလှိုင်၊ ဦးအောင်ထွေး-ဒေါ်မြတ်မြတ်ဝင်းတို့၏ ဖခင်၊ မြေး ၁၂ ယောက်တို့၏အဘိုးသည် ၁၆-၆-၂၀၁၂ ရက် နံနက် ၀၀း၃၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၁၂(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးစိုးနိုင် (၄၇)နှစ်
(ဆေးရိုးပင်အုတ်ရောင်းဝယ်ရေး)

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်နေ (ဦးအေး-ဒေါ်မြညွန့်)တို့၏သား၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ (ဦးဘကြိုင်)-ဒေါ်သိန်းအေးတို့၏ သားသမက်၊ ဒေါ်တင်တင်လှ၏ မောင်၊ ဦးဆန်းနိုင်-ဒေါ်မိုးမိုးအေး(ဆေးရိုးပင် အုတ်ရောင်းဝယ်ရေး)၊ ဦးမျိုးညွန့်-ဒေါ်စန်းစန်းမော်၊ ဦးကျော်ကျော်လင်း-ဒေါ်ဥမ္မာမြင့်တို့၏ အစ်ကို၊ ဒေါ်သိင်္ဂီကြိုင်၏ချစ်လှစွာသော ခင်ပွန်း၊ မယုသဇင်ဝေ (ဒဂုံတက္ကသိုလ်၊ တတိယနှစ်၊ ရူက္ခဗေဒ)၊ မောင်စိုးမင်းဝေ၊ မောင်ညီညီဝေ(အထက-၃၊ ဒဂုံတောင်)တို့၏ မွေးသဖခင် ကျေးဇူးရှင်၊ တူ၊ တူမ ၁၂ ယောက်တို့၏ ဦးလေးသည် ၁၅-၆-၂၀၁၂(သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၁၂ ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၆-၂၀၁၂ (ကြာသပတေးနေ့)တွင် အမှတ်(၁၃၅)၊ စိန်ပန်းမြိုင်(၁)လမ်း၊ (၁၈/A)ရပ်ကွက်၊ တောင်ဒဂုံနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်ခင်စောရင်(နမ့်ဆန်)
အသက်(၈၅)နှစ်

[ဦးသော်(T.C.C ဆီစက်)]၏ ဇနီး၊ [ဦးခွန်ခမ်းလှိုင်-ဒေါ်နန်းကျင်ယုံ(နမ့်ဆန်မြို့)]တို့၏သမီး၊ဦးဇော်ထွန်း၊ ဒေါ်သီတာသော်၊ ဒေါ်ဥမ္မာသော်တို့၏မွေးသမိခင်၊ ဇော်သီဟထွန်း၊ ဇော်သူရထွန်း၊ AKIR A SATO တို့၏ အဘွား ဒေါ်ခင်စောရင်သည် ရန်ကုန်မြို့၊ အမှတ်-G-7၊ ကန်ရိပ်သာလမ်း၊ FM ICITY နေအိမ်၌ ၁၄-၆-၂၀၁၂ (ကြာသပတေးနေ့) ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၁၂ ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးမြသန်း(ဗဟိုရ်စည်)
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၇)ရပ်ကွက်၊ မဟူရာလမ်း၊ အမှတ်(၁၀၈၅)နေ ဒေါ်အေးသန်း၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုမျိုးဦး-ဒေါက်တာမအေးသီတာအုန်း၊ ကိုဇော်မင်းသန်း(Eleven Media)-မအေးအေးမော်၊ ကိုသန်းထိုက်-မခင်စန္ဒာဝင်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၄-၆-၂၀၁၂(ကြာသပတေးနေ့) မွန်းလွဲ ၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၂ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင် သဂြိုဟ်မည်ဖြစ်ကြောင်း။(နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်နှင်းအိဝင်း (၃၈)နှစ်
M.C.Sc (U.C.S.Y)
လက်ထောက်ကထိက
U.C.S.Y, RESIGN
N.U.S(ခေတ္တ-စင်ကာပူ)

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ဝါယာလက်၊ ရွှေနှင်းဆီရပ်ကွက်၊ အမှတ်(၁၇)နေ ဦးသိန်းအောင်-ဒေါ်ခင်ထွေးကြည်တို့၏သမီး၊ ဦးလွှမ်းမိုးကျော်-ဒေါ်ကေခိုင်ဦး၊ ဦးအောင်မျိုး-ဒေါ်စန္ဒာအောင်၊ ဦးလွင်မိုးဟိန်း-ဒေါ်အေးအေးခိုင်တို့၏ ညီမ၊ တူ၊ တူမ ငါးယောက်တို့၏ အဒေါ် ဒေါ်နှင်းအိဝင်းသည် ၁၅-၆-၂၀၁၂ ရက် ည ၉း၄၀ နာရီတွင် စင်ကာပူနိုင်ငံ (NUH)၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၁၂ ရက်တွင် စင်ကာပူနိုင်ငံ၌ သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ရန်စင်ချန်(ခ)ဦးကြည်
ကျောက်မဲ(မိသားစုလက်ဖက်ခြောက်)
အသက်(၇၇)နှစ်

ကျောက်မဲမြို့နေ (ဦးရန်ချီဖ-ဒေါ်ဝင့်)တို့၏သားထွေး၊ (ဦးထိုက်ချမ်း)-ဒေါ်မြရွှေ၊ [ဦးရန်လီချန်း(ခ)ဦးသန်းဌေး]တို့၏ညီ၊ ဟောင်ကောင်မြို့နေ ဒေါ်ရန်ကျင်း၏မောင်၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊(H-2)၊ ရွှေပုန်းညွှက်လမ်း၊ ရွှေပုန်းညွှက်ရိပ်မွန်နေ ဒေါ်ရွှေကြူ၏ ချစ်လှစွာသောခင်ပွန်း၊ မခင်ခင်ကြည်၊ မယဉ်ယဉ်ကြည်၊ မထွေးထွေးကြည်၊ မောင်အောင်ကြည်တိုး၊ မဌေးဌေးကြည်တို့၏ကျေးဇူးရှင်ဖခင် ဦးကြည်သည် ၁၆-၆-၂၀၁၂ ရက် နံနက် ၇း၃၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၂ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးယူနန်တရုတ်သုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ငွေလှိုင် အသက်(၇၀)

မြင်းခြံမြို့နေ (ဦးနက်-ဒေါ်အေးကြည်)တို့၏သမီးကြီး၊ ဦးစိန်မောင်-ဒေါ်သန်းရင်၊ (ဦးတင်အေး)-ဒေါ်ရွှေတို့၏အစ်မ၊ စမ်းချောင်းမြို့နယ်၊ မင်္ဂလာလမ်း၊ အမှတ်(၁၆)၊ လေးလွှာ၊ (B)နေ ဦးသိန်းထွန်း၏ ချစ်လှစွာသောဇနီး၊ ဦးမောင်ချို-ဒေါ်တင်တင်ဦး၊ ဦးဇော်ဝင်း-ဒေါ်ခင်စောမြတ်စိုး၊ Albertpoh-ဒေါ်သန်းသန်းအေး၊ ဦးသန်းလွင်-ဒေါ်မော်မော်သန်း၊ ဒေါ်အေးအေးသိန်း၊ ဦးတင်ဝင်း-ဒေါ်စိုးစိုးသိန်းတို့၏ မွေးသမိခင်၊ မြေး ၁၂ယောက်၊ မြစ်နှစ်ယောက်တို့၏ဘွားဘွား ကြီး ဒေါ်ငွေလှိုင်သည် ၁၆-၆-၂၀၁၂ (စနေနေ့) နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် မီးသဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

ဦးဝင်းမြင့်(ဦးဆန်နီ) (၆၈)နှစ်
B.E(Electrical)(71 Batch)၊ စိန်ဂျွန်းကျောင်းသားဟောင်း
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ငြိမ်း)

ရန်ကုန်မြို့နေ [ဦးတင်ဦး(ဒု-ညွှန်မှူး-ငြိမ်း၊ က-က-ဝယ်)-ဒေါ်ငွေရှန်]တို့၏ သား၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ နဝဒေးဥယျာဉ်အိမ်ရာ၊ Block (67/14)နေ ဒေါ်နန်းခမ်းအိန်[အင်ဂျင်နီယာမှူး(ဗိသုကာ)၊ ဆ-လ-ရ]၏ ခင်ပွန်း၊ မနန်းလောဝ်ဆိုင်-ကိုဇော်ဖြိုးလင်း(Phyo & Nang Interior Decoration)တို့၏ ဖခင်၊ မဖြိုးပြည့်မှူးခင်(Grade 2-B၊အထက-၂စမ်းချောင်း)၏ အဘိုး၊ ဒေါ်ရီရီမြင့်-(ဦးကြင်ဝေ)၊ (ဒေါ်ရီရီတင့်)၊ ဦးမြင့်ကြည်-ဒေါ်သန်းသန်းနွယ်(သီရိရတနာပိုးထည်တိုက်)၊ ဒေါ်ရီရီနွဲ့-(ဦးလှဝင်း)တို့၏ မောင်/အစ်ကိုသည် ၁၅-၆-၂၀၁၂(သောကြာနေ့) မွန်းလွဲ ၁း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။[၂၁-၆-၂၀၁၂(ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးမောင်သိန်းခိုင် (၇၂)နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့၊ လေးတောင်တိုက်နယ်၊ သရက်ချို(စံပြ)ကျေးရွာနေ (ဦးပုခိုင်-ဒေါ်ငွေသစ်)တို့၏ သား၊ ဒေါ်သောင်းခင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသိန်းတင်-ဒေါ်လှဝင်းကြည်၊ ဦးထွန်းရီ-ဒေါ်ရီရီဌေး၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ နွယ်နီ(၃)လမ်း၊ အမှတ်(၄၇၆)နေ ဦးမျိုးမြင့်သန်း-ဒေါ်ရွှေရီ၊ မငွေရီ၊ မနီလာခိုင်၊ မထွေးဝင်းခိုင်(ပုလဲ)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၁၅-၆-၂၀၁၂(သောကြာနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇-၆-၂၀၁၂ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ကြင်ငြိမ်း (၆၉)နှစ်
(ရွှေတောင်မော်)

မအူပင်မြို့နယ်၊ ရွှေတောင်မော်ကျေးရွာနေ (ဦးတွာကောင်-ဒေါ်အေးကြင်)တို့၏ ဒုတိယသမီး၊ ဦးစိုးလှိုင်-ဒေါ်မြသိန်းတို့၏ညီမ၊ ဦးသိန်းစိုး-ဒေါ်မကွန်၊ ဦးချိန်ချိန်တို့၏ အစ်မ ဒေါ်ကြင်ငြိမ်းသည် ၁၅-၆-၂၀၁၂ ရက် ည ၈း၃၀ နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၁၂(တနင်္ဂနွေနေ့)တွင် ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်း(၁)လမ်း၊ အမှတ်(၁၈/B)နေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်မူမူ(ရွှေဘို)
အသက်(၅၃)နှစ်
B.Ed (1975-1980)
အထက်တန်းပြဆရာမ
အထက(၃)မြောက်ဒဂုံ

ရွှေဘိုမြို့၊ မြိုက်စုရပ်နေ (ဦးသိန်းဟန်)-ဒေါ်လှချိုတို့၏သမီး၊ ဦးတင်ဝင်း-ဒေါ်ကြူကြူ(စက်မှု-၂-ငြိမ်း)၊ ဒုတိယဗိုလ်မှူးကြီးမင်းအောင်(ငြိမ်း) (တပ်မတော်-လေ) - ဒေါ်မြင့်မာလာဌေး (အကောက်ခွန်ဦးစီးဌာန)တို့၏ ညီမ၊ ဦးထွန်းထွန်း(သတ္တုတွင်း၊ ကျောက်မျက်)-ဒေါ်သီတာဦးတို့၏ အစ်မ၊ တူ၊ တူမ ခုနစ်ယောက်တို့၏ အဒေါ် အမှတ်(၆၂၆)၊ မင်းရဲကျော်စွာလမ်း၊ (၄၄)ရပ်ကွက်၊ မြောက်ဒဂုံနေ ဆရာမ ဒေါ်မူမူသည် ၁၆-၆-၂၀၁၂ရက် နံနက် ၁း၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၂ (တနင်္လာနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှ ကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
U WILLIAM K.SANG NAWN (၇၅)နှစ်
ရဲမှူး(အငြိမ်းစား)

ရန်ကုန်မြို့၊ အမှတ်(၉)၊ ရွှေနှင်းဆီ(၁)လမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ (Pu Khen Mang-Pi Vai Paung)တို့၏သားကြီး၊ (Rev Heng Cin)-Pi Ngun Zi တို့၏သားသမက်၊ Pi Nawn Tang ၏ ချစ်လှစွာသောခင်ပွန်း၊ Pi Sui Bil, Pi Ngun Zing, Rev Dr.J Ral Buai-Pi Hning Zing တို့၏ အစ်ကို၊ [Daw Vai Sung (U marh)]- Pu အင်္ဂါ၊ Daw Sui Tial(Toe ma)- U Sui Nawl, Daw Sui Ci (မိုးမိုး)- U Dawt Cung, U Khen Mang-Daw Tha Kip Thluai, U Bawi Min Lian-Daw Sui Tin Sung, Daw Sung Tin Par-U Sang Za Lian တို့၏ ချစ်လှစွာသော မွေးသဖခင်၊ မြေး ၁၂ ယောက်တို့၏ အဘိုးသည် ၁၆-၆-၂၀၁၂ ရက် မွန်းလွဲ ၁း၂၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၈-၆-၂၀၁၂ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။[နေအိမ်၊ မြောက်ဒဂုံမန္တလေးမှတ်တိုင်၊ မြောက်ဒဂုံ(၄၆)မှတ်တိုင်၊ လှိုင်သီရိအိမ်ရာ၊ အင်းစိန်ဘီအိုစီမှတ်တိုင်၊ ရွှေဂုံတိုင်(UPC)အသင်းတော်ဌာနချုပ်၊ ဧမာနွေလဘုရားရှိခိုးကျောင်းရှေ့၊ စမ်းချောင်း CBC ဘုရားကျောင်းရှေ့၊ ထန်းပင်ကုန်း(UPC)ဘုရားကျောင်းရှေ့တို့မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ခင်သန်း(ခ)ဒေါ်ပိုက်
အသက်(၇၀)
(စိန်ပဲပြား)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ (၁၅၅)လမ်း၊ အမှတ်(၁၁)နေ (ဦးအုန်းမောင်-ဒေါ်ကျင်ပွင့်)တို့၏ သမီး၊ (ဦးထွန်းမောင်-ဒေါ်မြမေ)တို့၏ သမီးချွေးမ၊ (ဦးသာအေး)၏ ဇနီး၊ ဦးဌေးဝင်း၏ အစ်မ၊ ဦးမင်းနိုင်-ဒေါ်မြင့်မြင့်စိန်၊ (ဦးထွန်းထွန်းဝင်း)-ဒေါ်စန်းစန်းအေး၊ (ဦးကျော်ရွှေ)-ဒေါ်အေးအေးမြင့်၊ ဦးမိုးမြင့်အောင်-ဒေါ်ရွှေဇင်ဝင်း၊ ဦးမောင်မောင်-ဒေါ်မိုးမိုးတို့၏ မွေးသမိခင်၊ မဆုဆုလှိုင်(Eco ဒု-နှစ်)၊ မခင်မျိုးလှိုင်၊ မောင်အောင်ကျော်မိုး၊ မအိမ္ဘြေအောင်၊ မယဉ်ယဉ်ယု၊ မခင်ခင်ကျော်၊ မဇင်သူကျော်၊ မောင်ဝင်းသူရ၊ မအိချိုဇင်တို့၏ အဘွားသည် ၁၆-၆-၂၀၁၂(စနေနေ့) နံနက် ၃း၃၀ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၂ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
နေပြည်တော်ရှိ ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
R/184

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် ပညာရေးစနစ်ကောင်းမွန်ရန်လိုအပ်

စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ မြင့်မားလာရန် ကျောင်းသား၊ မိဘ၊ ဆရာ ဟန်ချက်ညီညီဆောင်ရွက်

ရင်းရင်းနှီးနှီးနှုတ်ဆက်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဆရာ ဆရာမများ၊ မိဘများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၁၆

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် ဇေယျာသီရိမြို့နယ်မှ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် ထူးချွန်စွာသင်ကြားပေးခဲ့ကြသည့် ဆရာ ဆရာမများအား ဒုတိယအကြိမ် ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ဇနီး ဒေါ်ခင်လေးသက်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆရာ ဆရာမများ၊ မိဘများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် ပညာရေးစနစ်ကောင်းမွန်ရန်လိုအပ်ကြောင်း၊ ပညာရေးဝန်ကြီးဌာန၏ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

ယခုရေးဆွဲနေသည့် ပုံနှိပ်မီဒီယာဥပဒေသည် နိုင်ငံတကာစံနှုန်းများထက်မနိမ့်ကျ

သိက္ခာရှိသော၊ အရည်အချင်းရှိသော၊ စစ်မှန်သော စာတုတ္ထမဏ္ဍိုင်ပေါ်ထွန်းလာစေရေးကိုသာ ဦးတည်ရည်ရွယ်

ဥပဒေမူကြမ်းကိုရှေ့နေချုပ်ရုံးနှင့် နောက်ဆုံးညှိနှိုင်းပြီးဖြစ်၍ ပြည်ထောင်စုအစိုးရထံ တင်ပြအတည်ပြုနိုင်တော့မည်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ် ကျေး မှု ဝန် ကြီး ဌာ န ပြည်ထောင်စုဝန်ကြီးဦးကျော်ဆန်း မြန်မာနိုင်ငံ စာရေးဆရာအသင်း ပထမအကြိမ် ညီလာခံဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၁၆

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်)၌ ကျင်းပသည့် မြန်မာနိုင်ငံ စာရေးဆရာအသင်း ပထမအကြိမ် ညီလာခံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဖြစ်မြောက်ရေးကော်မတီ နာယကများ၊ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ စာရေးဆရာကြီးများ၊ **စာမျက်နှာ ၉ ကော်လံ ၃ သို့** ❒

တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ရင်းမှ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့်မီးသတ်တပ်ဖွဲ့ဝင်များ စစ်တွေမြို့ စက်ရုံစုရပ်ကွက် စက်ရုံစုဈေး အပျက်အစီးများ ရှင်းလင်းဖယ်ရှား

နေပြည်တော် ဇွန် ၁၆

ရခိုင်ပြည်နယ် မြို့နယ်အချို့တွင် လတ်တလောဖြစ်ပွားခဲ့မှုများ၌ ပျက်စီးမှုများအား ရှင်းလင်းဖယ်ရှားရန်၊ ကျန်းမာရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် အားပေးကူညီရန်အတွက် ရန်ကုန်တိုင်းဒေသကြီးမှ ကြက်ခြေနီတပ်ဖွဲ့ဝင် ၄၀၊ မကွေး၊ စစ်ကိုင်း၊ မန္တလေး၊ ဧရာဝတီ၊ ပဲခူးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ မီးသတ်တပ်ဖွဲ့ဝင် ၂၀၀တို့သည် ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ရောက်ရှိလာကြသည်။

ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ နယ်မြေခံတပ်ဖွဲ့များမှ တပ်မတော်အရာရှိကြီးများ၊ မီးသတ်ဦးစီးဌာနနှင့် ကြက်ခြေနီတို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများက ကြိုဆိုနှုတ်ဆက်ကြသည်။

မွန်းလွဲ ၂ နာရီတွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ရင်းမှ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၄၆၀ ကျော်သည် စစ်တွေမြို့ စက်ရုံစုရပ်ကွက်၌ စက်ရုံစုဈေး မီးလောင်ပျက်စီးမှုများကို ရှင်းလင်းဖယ်ရှားကြရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုနိုင်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်း၊ ပျက်စီးပျောက်ဆုံးရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✻

ဒေသခံပြည်သူများအတွက် အလှူငွေနှင့် လူသုံးကုန်ပစ္စည်းများပေးအပ်

ရန်ကုန် ဇွန် ၁၆

ရခိုင်ပြည်နယ်တွင် လတ်တလောဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏ နေအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြည်သူများ လတ်တလောရပ်တည်နိုင်ရေးအတွက် အလှူငွေနှင့် လူသုံးကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန(ရုံးချုပ်)မေခလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် Sun Myanmar Group ကုမ္ပဏီမှ ဦးမျိုးအောင်-ဒေါ်ခင်ရီမွန်တို့က ငွေကျပ် ၁၀ သိန်း၊ ရွှေမြန်မာအထည်ချုပ်စက်ရုံ ဒါရိုက်တာ ဦးခင်မောင်ဝင်းက ငွေကျပ် ခြောက်သိန်းငါးသောင်းတန်ဖိုးရှိ အဝတ်အထည်များ၊ ကိုကောင်းမြတ်သူ-မရတနာစိုးမိုး မိသားစု(အင်းယားမြိုင်လမ်း)က ငွေကျပ် ငါးသိန်း၊ ဦးထွန်းကြည်-ဒေါ်နီနီသန်း မိသားစုက ငွေကျပ် သုံးသိန်း၊ ဦးတင်စိန်-ဒေါ်ချောစု(ဒေါင်းယာဉ်ပျံစက်မှုလုပ်ငန်း)က ငွေကျပ် တစ်သိန်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးခင်မောင်ဌေး-ဒေါ်နွဲ့နွဲ့ မိသားစုက ငွေကျပ် တစ်သိန်း၊ ဒေါက်တာစိုးသိန်း မိသားစုက ငွေကျပ် တစ်သိန်းနှင့် လူသုံးကုန်ပစ္စည်းများ၊ ဦးကျော်လင်းသိန်း-ဒေါ်နွယ်နွယ်ဝင်းမိသားစုက ငွေကျပ်တစ်သိန်း၊ ဦးစန်းဝင်း-ဒေါ်မြမိုးသန့်(ကမ္ဘာလုံးသက်န်းတိုက်)မိသားစုက ငွေကျပ် တစ်သိန်းနှင့် **စာမျက်နှာ ၃ ကော်လံ ၄ သို့** ❍

ကြော်ငြာစာမျက်နှာ လေးမျက်နှာ အပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာ စာမျက်နှာ လေးမျက်နှာ အပိုပါရှိပါသည်။